# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်    ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၂ ရက်၊ တနင်္လာနေ့    အတွဲ (၆၀)၊ အမှတ် (၀၃၃)


# ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများအပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် နိုင်ငံတော်ကိစ္စရပ်များတွင် အသုံးပြုရန် ဝယ်ယူထားသော နိုင်ငံတော်ပိုင် ရဟတ်ယာဉ် နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁

ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ အပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် နိုင်ငံတော်ကိစ္စရပ်များတွင် အသုံးပြုရန် ဝယ်ယူထားသော နိုင်ငံတော်ပိုင် AW-139 အမျိုးအစား ရဟတ်ယာဉ် XY-AFT သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ဆိုက်ရောက်သည်။

အဆိုပါ ရဟတ်ယာဉ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးမင်းသူနှင့် ဦးစိုးဝင်း၊ နိုင်ငံတော်ပိုင်ရဟတ်ယာဉ် ဝယ်ယူအသုံးပြုရေး လုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နေပြည်တော်တစ်ဝိုက် XY-AFT ရဟတ်ယာဉ် လှည့်လည်ပျံသန်းပြမှုကို လိုက်ပါစီးနင်းသည်။

နိုင်ငံတစ်ဝန်း ဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက ရှာဖွေကယ်ဆယ်ရေး၊ အရေးပေါ်ထောက်ပံ့ရေး စသည့်အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ အပါအဝင်

*စာမျက်နှာ ၃ ကော်လံ ၁* ❄



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများအပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် နိုင်ငံတော်ကိစ္စရပ်များတွင် အသုံးပြုရန်ဝယ်ယူထားသော နိုင်ငံတော်ပိုင် AW-139 အမျိုးအစား ရဟတ်ယာဉ် XY-AFT ကို ကြည့်ရှုစဉ်။ သတင်းစဉ်

## ဒစ်ဂျစ်တယ်ပလက်ဖောင်းများပေါ်က စာအုပ်ထုတ်ဝေရေးလုပ်ငန်းများ

ဆောင်းပါး စာ ➤ ၆

## ဩစတြီးယားနိုင်ငံတွင် ဒုတိယအကြိမ် အသွားအလာပိတ်ဆို့ကန့်သတ်မှု ပြုလုပ်

နိုင်ငံတကာသတင်း စာ ➤ ၁၂


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# နိုင်ငံရေးခေါင်းဆောင်တို့၏ နိုင်ငံရေးစေတနာ

စေတနာနံ ကမ္မံ ဘိက္ခဝေ အဟံ ဝဒါမိ။

စေတနာကို ကံဟူ၍ ငါဘုရားသည် ဟောတော်မူ၏ဟု ဆိုပါသည်။ ပြုပြုသမျှသော ကောင်းမှု မကောင်းမှုတို့တွင် စေတနာသည် အရေးကြီး၏။

ကိုယ်ဖြင့် ပြုလုပ်ခြင်း (ကာယကံ)၊

နှုတ်ဖြင့် ပြောဆိုခြင်း (ဝစီကံ)၊

စိတ်ဖြင့်ကြံစည်ခြင်း (မနောကံ)ဟူ၍ ကံသုံးပါးရှိရာ ထိုသုံးပါးသည် စေတနာကို အရင်းခံ၍ ဖြစ်ပေါ်လာရသောကြောင့် စေတနာကို ကံဟုဆိုခြင်းလည်းဖြစ်၏။

နိုင်ငံရေးတွင် စိတ်စေတနာက အရေးကြီးဆုံးဖြစ်သည်ဟု ဆိုကြလေ့ရှိ၏။ နိုင်ငံရေးဟူသည် မိမိ၏ကိုယ်ကျိုးစီးပွားကို နောက်တန်းတွင်ထားကာ အများအကျိုး၊ တိုင်းပြည်အကျိုး၊ ပြည်သူလူထုအကျိုးကို ရှေ့တန်းထားရသည်ဖြစ်သောကြောင့် စိတ်စေတနာမှန်ကန်မှုသည် လွန်စွာမှ အရေးကြီးသည်ဟု ဆိုရခြင်းဖြစ်၏။

မည်သို့သော စိတ်စေတနာကို အခြေခံ၍ သည်စကားကိုပြောသလဲ၊ မည်သို့သော စိတ်စေတနာကို မူတည်ကာ အနီအလုပ်ကို လုပ်သလဲဟူသည်က နိုင်ငံရေးခေါင်းဆောင်တို့အတွက် အမှန်တကယ် အရေးကြီးလှပါသည်။ ပြည်သူလူထုကလည်း နိုင်ငံရေးခေါင်းဆောင်တို့ ဘာပြောသည်ဆိုခြင်းထက် ဘယ်လိုစိတ်စေတနာရှိသည်ကို ပိုမိုစိတ်ဝင်စားပါသည်။ ထို့အတူပင် လုပ်ငန်းတစ်ခုလုပ်ဆောင်ရာတွင် ဤလုပ်ငန်းက ဘာတွေ လုပ်နေသလဲ ဆိုသည်ထက် မည်သို့သော ရည်ရွယ်ချက် မည်သို့သော စိတ်စေတနာဖြင့် ဤစီမံကိန်းကို တင်လာသလဲဆိုသည်ကို စိတ်ဝင်စားပါသည်။

ပြည်သူလူထုသည် ရှင်ကြီးဝမ်းရော၊ ရှင်ငယ်ဝမ်းရော ဝင်ခဲ့ဖူးသည်ဟူသည့် စကားကဲ့သို့ပင် ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံတို့အရ စီမံကိန်းများ အကောင်အထည်ဖော်လုပ်ဆောင်မှုများ၊ မည်သို့ တာဝန်ယူလုပ်ဆောင်ပေးမည်ဆိုသော နှုတ်ကတိစကားများတို့၏ နောက်ကွယ်တွင် ရှိနေသော တကယ့်စေတနာကို ဂရုစိုက်လေ့ရှိ၏။

နိုင်ငံရေးလုပ်ငန်းများတွင် နိုင်ငံရေးစေတနာက အရေးကြီးဆုံးဟု ဆိုရလောက်အောင် အရေးကြီးပါသည်။ ပြည်သူလူထုက မျှော်လင့်သည်မှာ နိုင်ငံနှင့်လူမျိုးအတွက် မည်သည်က အမှန်တကယ် လိုအပ်သနည်း။ မည်သည်က နိုင်ငံ၏ ရေရှည်အကျိုးစီးပွားနှင့် ကိုက်ညီသလဲဟူသည့် လိုအပ်ချက်အမှန်ကို သိသော နိုင်ငံရေးသမားစစ်စစ်များကို ဖြစ်ပါသည်။ အမှန်ကိုမသိမြင်ဘဲ နိုင်ငံအတွက် ဆောင်ရွက်ခြင်းဖြစ်ပါက အမောဟဟူသည့် အကုသိုလ်စေတသိက်၊ မကောင်းသည့် စိတ်စေတနာ၏ အထောက်အပံ့ဖြစ်လာပေမည်။

ထို့အတူ တိုင်းပြည်အကျိုး၊ လူမျိုးအကျိုးဟုဆိုသော်လည်း တရားသဖြင့်ဖြစ်ရေး၊ လူမှုအဖွဲ့အစည်း၏ စံနှုန်းများဖြင့် ကိုက်ညီရေးကလည်း လိုအပ်ပါသည်။ နိုင်ငံရေးခေါင်းဆောင်က မသမာသော ကုန်သွယ်စီးပွားအလုပ်ဖြင့် ပြည်သူလူထု၏ လူမှုဘဝကို မြှင့်တင်ချင်လို့မရပါ။ မကောင်းမှုကိုပြုရန် ရှက်ရမှန်းမသိ၊ ကြောက်ရမှန်းမသိသည့် အဟိရိက၊ အနောတပ္ပတို့နှင့် ကင်းဝေးသည့် နိုင်ငံရေးခေါင်းဆောင်တို့ကို ပြည်သူတို့က မျှော်လင့်ပါသည်။

ကိုယ်ကျိုးစီးပွားကို မျှော်လင့်လွန်းသည့် လောဘများသူများ၊ ထောင်လွှားသည့် မာနထန်သူများ၊ ကြမ်းတမ်းသည့် ဒေါသပြင်းသူများ၊ သူတစ်ပါးရသည်ကို ငြူစူမနာလိုစိတ်များသူများ၊ သူတစ်ပါးကို မရစေလိုသည့် ဝန်တိုတတ်သူများ မဖြစ်ရေးကလည်း ပြည်သူလူထု၏ အိပ်မက်ထဲက နိုင်ငံရေးသမားများ ဖြစ်ပါသည်။

မဲပေးရွေးချယ်ရမည့် ယခုလိုကာလတွင် ပြည်သူလူထုသည် ထိုထိုသော နိုင်ငံရေး စိတ်စေတနာကောင်းရှိသည့် နိုင်ငံရေးခေါင်းဆောင်များ၊ ပြည်သူ့ကိုယ်စားလှယ်များကို ရည်မှန်းမျှော်လင့်ရင်း မဲပေးကြလိမ့်မည်ဟု ရှုမြင်မိပါကြောင်း။ ။

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

- ❖ COVID–19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS–CoV–2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID–19 ရောဂါပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။
- ❖ ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။
- ❖ သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂) ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှတစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။
- ❖ ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။
- ❖ သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။
- ❖ အမျိုးသားသွေးဌာနမှ COVID–19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID–19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။
- ❖ သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။
  - ၀၉–၅၁၃၀၄၁၈
  - ၀၉–၅၄၀၂၀၉၈
  - ၀၉–၉၆၅၁၃၀၄၁၈
  - www.donatebloodmyanmar.org

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကိုရီးယားသမ္မတနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁**

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ကိုရီးယားသမ္မတနိုင်ငံ၌ စာချုပ်သက်တမ်းကုန်ဆုံး၍ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သား ၁၃၅ ဦးအား မြန်မာသံရုံး ဆိုးလ်မြို့နှင့် မြန်မာပင်လယ်ရေကြောင်း အလုပ်သမားများ အဖွဲ့ချုပ်တို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/ သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# သဃ်န်းကျွန်းမြို့နယ်တွင် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အို ကြိုတင်ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁**


၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည်ဖြစ်ရာ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများနှင့် နာမကျန်းသူများ လွယ်လင့်တကူ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေးအတွက် သဃ်န်းကျွန်းမြို့နယ် အတွင်းရှိ ရပ်ကွက် (၃၈)ရပ်ကွက်တွင် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတို့က ကြိုတင်ဆန္ဒမဲများကို စတုတ္ထနေ့အဖြစ် ဆက်လက်လိုက်လံကောက်ယူလျက်ရှိရာ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများနှင့် နာမကျန်းသူတို့က ကြိုတင်ဆန္ဒမဲများပေးလျက်ရှိကြသည်။

ထိုသို့ ကြိုတင်ဆန္ဒမဲများကို လိုက်လံ ကောက်ယူလျက်ရှိရာသို့ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်တို့က လိုက်လံကြည့်ရှုအားပေးကြသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်တွင် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အို ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ စုစုပေါင်း ၂၇၇၀၅ ဦး ရှိပြီး ကြိုတင်ဆန္ဒမဲပေးခြင်းများကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကောက်ခံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

ရဲမင်းထွန်း (ပြန်/ဆက်)



**အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ။**

လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိကဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

❊ *ရှေ့ဖုံးမှ*

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် နိုင်ငံတော်ကိစ္စရပ်များတွင် အသုံးပြုရန် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဝယ်ယူထားသော အဆိုပါ AW-139 အမျိုးအစား ရဟတ်ယာဉ် XY-AFT သည် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် မလေးရှားနိုင်ငံမှ Ferry Flight ပျံသန်းလာပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်ခဲ့သည်။

**ဆိုက်ရောက်**

၎င်းရဟတ်ယာဉ်သည် အောက်တိုဘာ ၃၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရပ်နားကာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက လိုအပ်သော စိစစ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ Acceptance Flight Test ပျံသန်းလာရာ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ဆိုက်ရောက်ခဲ့ခြင်းဖြစ်သည်။

**စစ်ဆေးလက်ခံ**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကို စီစဉ်ဆောင်ရွက်ပေးရသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် အီတလီနိုင်ငံ Leonardo S.P.A. ကုမ္ပဏီနှင့် ရဟတ်ယာဉ်ဝယ်ယူရေး စာချုပ်ချုပ်ဆိုခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်တွင် အီတလီနိုင်ငံရှိ ရဟတ်ယာဉ်ထုတ်လုပ်သည့် စက်ရုံတွင် ရဟတ်ယာဉ်ကို စစ်ဆေးလက်ခံခဲ့ကြောင်း၊ ထို့နောက် ရဟတ်ယာဉ်ကို မလေးရှားနိုင်ငံရှိ ကုမ္ပဏီ၏ အလုပ်ရုံသို့ ပို့ဆောင်၍ ပြန်လည်တပ်ဆင်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဧပြီလဆန်းပိုင်းကပင် ပြီးစီးခဲ့သော်လည်း COVID-19 ကပ်ရောဂါဆိုင်ရာ သွားလာမှု ကန့်သတ်ချက်များကြောင့် မြန်မာနိုင်ငံသို့ ယခုမှပင် ပျံသန်းပို့ဆောင်နိုင်ခြင်းဖြစ်ကြောင်း သိရှိရသည်။

**မြေပြင်နှင့် ရေပြင်ကယ်ဆယ်ရေး လုပ်ငန်းများ အသုံးပြုနိုင်**

အဆိုပါ ရဟတ်ယာဉ်တွင် ရဟတ်ယာဉ်မှူး နှစ်ဦးနှင့် ခရီးသည် ၁၄ ဦး စုစုပေါင်း ၁၆ ဦး လိုက်ပါစီးနင်းနိုင်ပြီး ကီလိုမီတာ ၆၀၀ ကျော် ပျံသန်းနိုင်ကာ မြေပြင်နှင့် ရေပြင်ကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်သည့် ပစ္စည်းကိရိယာများ ပါရှိကြောင်း သိရသည်။

နိုင်ငံတော်ပိုင် ရဟတ်ယာဉ် ပျံသန်းရေးနှင့် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အမျိုးအစားတူ AW-139 ရဟတ်ယာဉ် ပျံသန်းအသုံးပြုလျက်ရှိသည့် Air Myanmar Aviation Service သို့ လုပ်ငန်းအပ်နှံသည့်စာချုပ် ချုပ်ဆိုဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်းစဉ်**




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကျော်တင့်ဆွေ၊ ဦးမင်းသူ၊ ဦးစိုးဝင်းနှင့် ရဟတ်ယာဉ်မှူးများ AW-139 အမျိုးအစား ရဟတ်ယာဉ် XY-AFT နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်




**ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ အပါအဝင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် နိုင်ငံတော်ကိစ္စရပ်များတွင် အသုံးပြုရန် ဝယ်ယူထားသော နိုင်ငံတော်ပိုင် AW-139 အမျိုးအစား ရဟတ်ယာဉ် XY-AFT ကို တွေ့ရစဉ်။**

သတင်းစဉ်

# မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသားများအား ပြန်လည်စိစစ်လက်ခံခဲ့

**နေပြည်တော် နိုဝင်ဘာ ၁**

မလေးရှားနိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ပြစ်ဒဏ်ကျခံပြီးနောက် ထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံသား ၂၈၀ အား မလေးရှားနိုင်ငံ အစိုးရအစီအစဉ်ဖြင့် Malaysia Airlines စင်းလုံးငှားအထူးလေယာဉ် ပျံသန်းပြေးဆွဲလျက် ပြန်လည်ပို့ဆောင်ခဲ့ရာ ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ပြီး**(အောက်ပုံ)** သက်ဆိုင်ရာ တာဝန်ရှိသူများမှ လွှဲပြောင်းလက်ခံခဲ့သည်။




အဆိုပါ ထိန်းသိမ်းခံ မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံသားမှန်ကန်မှုစိစစ်၍ ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-C of I) ထုတ်ပေးခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Corona-virus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကွာလာလမ်ပူမြို့ မြန်မာသံရုံး၊ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းညှိနှိုင်းလျက် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ဖော်ပြပါ ထိန်းသိမ်းခံ မြန်မာနိုင်ငံသားများ လိုက်ပါစီးနင်းလာသည့် စင်းလုံးငှား အထူးလေယာဉ် ဆိုက်ရောက်ပျံသန်းရေးဆိုင်ရာ ကိစ္စရပ်များအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ လည်းကောင်း၊ ၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာကိစ္စရပ်များအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ လည်းကောင်း၊ ကျန်းမာရေးစိစစ်ရေးနှင့် သီးသန့်စီစဉ်ပေးသည့် နေရာများ၌ အသွားအလာကန့်သတ်မှု (၇)ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု (၇) ရက် နေထိုင်စေရေးတို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ လည်းကောင်း၊ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် အသီးသီးတာဝန်ယူ ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးနှင့် ညှိနှိုင်းပေါင်းစပ်လျက် မလေးရှားနိုင်ငံရောက် ထိန်းသိမ်းခံ မြန်မာနိုင်ငံသားများ၊ အလုပ်လက်မဲ့ဖြစ်နေသည့် တရားဝင် မြန်မာအလုပ်သမားများ၊ အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်နိုင်ရေးအတွက် ကယ်ဆယ်ရေး/ အထူးလေယာဉ်များ (၂၄)ကြိမ်တိုင်တိုင် ပျံသန်းပြေးဆွဲကာ ထိန်းသိမ်းခံ မြန်မာနိုင်ငံသား ၇၈၈ ဦး အပါအဝင် မြန်မာနိုင်ငံသား စုစုပေါင်း ၄၀၃၅ ဦးအား ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ ဆက်လက်၍လည်း နိုဝင်ဘာ ၅ ရက်တွင် ထိန်းသိမ်းခံ မြန်မာနိုင်ငံသား ၇၀၀ ကျော်ကို မလေးရှားနိုင်ငံအစိုးရ အစီအစဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ရန် ညှိနှိုင်းဆောင်ရွက်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒေါက်တာအောင်သူနှင့် ၎င်းတို့၏ဇနီးများ နေပြည်တော်၌ ကြိုတင်ဆန္ဒမဲပေး

**နေပြည်တော်  နိုဝင်ဘာ ၁**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဇနီး ဒေါ်လွင်လွင်မှန်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ် နေရာများအတွက် ကြိုတင်ဆန္ဒမဲပေးကြသည်။

## လက်မှတ်ရေးထိုး

ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် မြို့မဈေးဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးရန် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

## ဆန္ဒမဲလက်မှတ်များ ထည့်သွင်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် ဆန္ဒမဲလက်မှတ်များ၌ လျှို့ဝှက်စွာ ဆန္ဒမဲပေးကြပြီး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းကြသည်။

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဇနီး ဒေါ်ခင်သီတာတို့သည် ယမန်နေ့က ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်၍ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးရန် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြပြီး ဆန္ဒမဲလက်မှတ်များ၌ လျှို့ဝှက်စွာဆန္ဒမဲပေးကြကာ ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၏ ဇနီး ဒေါ်လွင်လွင်မှန် ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၏ ဇနီး ဒေါ်ခင်သီတာ ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှတစ်ဆင့် ဆက်လက်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသောပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ယနေ့တွင် အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ် ၇ ခေါက်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ၁၀ ခေါက် ရောက်ရှိသည်။

ယနေ့ ရောက်ရှိသောပစ္စည်းများမှာ KN95 Mask များ၊ Protective Face Mask များ၊ Boots များနှင့် PPE Medical Protective clothing များဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် – ၁၉ ကာကွယ်၊ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။ သတင်းစဉ်



ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် – ၁၉ ကာကွယ်၊ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။ သတင်းစဉ်

# ပြည်သူသာလျှင် အဓိက

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခဲ့ကြသူများ၏ မျှဝေစကားသံများ



ဦးတင်မြ



ဦးထိန်လင်းစော



ဒေါ်အုန်းရင်



ဒေါ်ထွေးထွေး



ဒေါ်ညိုညို

**နေပြည်တော် နိုဝင်ဘာ ၁**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများအနေဖြင့် အောက်တိုဘာ ၂၉ ရက်မှ စတင်၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များနှင့်အညီ မဲရုံများသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲများ ပေးလျက်ရှိကြသည်။

နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရခရိုင်အတွင်းရှိ ဇေယျာသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့တွင်လည်း ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများသည် သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများသို့ လာရောက်၍ လျှို့ဝှက်စွာ ဆန္ဒပြုမဲပေးလျက်ရှိကြသည်။

ထို့ကြောင့် ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ကြိုတင်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားမှု လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံ၍ ကြိုတင်ဆန္ဒမဲပေးခဲ့မှု အတွေ့အကြုံများကို လည်းကောင်း ရေးသားဝေမျှလိုက်ရပါသည်။

**ဦးတင်မြ(ဥက္ကဋ္ဌ၊ ဇေယျာသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဇမ္ဗူသီရိမြို့နယ်)**

ကြိုတင်မဲပေးဖို့ ပထမအဆင့်အနေနဲ့ အသက် ၆၀ ကျော်တွေကို ဆောင်ရွက်ပေးပါတယ်။ ဒုတိယအဆင့်အနေနဲ့ ပြည်ထောင်စုဝန်ကြီးတွေ၊ ရုံးတာဝန်ထမ်းဆောင်မယ့်သူတွေ၊ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး တာဝန်ရှိသူတွေ၊ မကျန်းမာလို့ ဆေးရုံတက်နေတဲ့သူတွေ၊ ရုတ်တရက် မီးဖွားနေတဲ့သူတွေကို ကြိုတင်မဲပေးဖို့ ဆောင်ရွက်ထားပါတယ်။ လာရောက်မဲပေးတဲ့သူတွေ ကျန်းမာရေးအရ စိတ်ချလုံခြုံမှုရှိစေဖို့ ဆောင်ရွက်တဲ့အခါမှာ ကျန်းမာရေးဌာနက သတ်မှတ်တဲ့အတိုင်း တစ်ဦးနဲ့ တစ်ဦး ခြောက်ပေအကွာနေရပါမယ်၊ ကိုယ်ပူချိန်တိုင်းတယ်၊ နှာခေါင်းစည်း မပါတဲ့သူတွေကို နှာခေါင်းစည်းတွေ ဖြန့်ဝေပေးပါတယ်။

မဲပေးတဲ့နေရာမှာလည်း လွတ်လွတ်လပ်လပ်နဲ့ စိတ်ချမ်းသာစွာပေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားတဲ့အပြင် လျင်လျင်မြန်မြန် မဲပေးနိုင်စေဖို့အတွက်လည်း လုပ်အားပေးတွေ ခေါ်ယူထားပါတယ်။ မဲရုံကိုအကြောင်းအမျိုးမျိုးကြောင့် မဲလာမပေးနိုင်တဲ့သူတွေ စနစ်တကျ နဲ့ လွတ်လပ်စွာ ဆန္ဒပြုနိုင်ဖို့အတွက် ဆန္ဒပြုတဲ့အခန်းလေးတွေကို ၎င်းတို့နေထိုင်ရာနေရာတွေအထိ အရောက်ယူဆောင်သွားပြီး မဲပေးနိုင်အောင် ဆောင်ရွက်ပေးပါတယ်။ မဲရုံလုံခြုံရေးအတွက်လည်းစနစ်တကျ ဆောင်ရွက်ထားတဲ့အတွက် လုံခြုံစိတ်ချစွာ မဲပေးနိုင်ပါတယ်။

**ဦးထိန်လင်းစော (မဲဆန္ဒရှင်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်တော့်အသက်က ၅၂ နှစ် ဖြစ်ပါတယ်။ ကျွန်တော်က အစိုးရဝန်ထမ်းဖြစ်ပြီး လုံခြုံရေးတာဝန်ကို ယူထားရတဲ့အတွက် ပုံမှန်မဲပေးမယ့်နေ့မှာ မအားပါဘူး။ ဒါကြောင့် ကြိုတင်မဲပေးခြင်းဖြစ်ပါတယ်။ မဲလာရောက်ပေးတဲ့ အခါမှာလည်း ကျွန်တော်ကိုယ်တိုင်က ကျန်းမာရေးစည်းမျဉ်းစည်းကမ်းနဲ့အညီ နှာခေါင်းစည်း နဲ့ လက်အိတ်တွေကို ယူဆောင်သွားတဲ့အပြင် မဲရုံတာဝန်ရှိသူတွေကလည်း ဖြန့်ဝေပေးပါတယ်။ မဲပေးရတဲ့အခါမှာလည်း လွတ်လွတ်လပ်လပ်နဲ့ ပွင့်လင်းမြင်သာမှုရှိရှိ မဲပေးခွင့်ရပါတယ်။ မဲရုံမှာလည်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်တွေနဲ့ အညီ စနစ်တကျဆောင်ရွက်ပေးထားတဲ့အတွက် ကြိုတင်မဲပေးရတာ စိတ်ချလုံခြုံပြီး စိတ်ချမ်းသာပါတယ်။

**ဒေါ်အုန်းရင် (မဲဆန္ဒရှင်၊ အမှတ် - ၄ရပ်ကွက်၊ လယ်ဝေးမြို့နယ်)**

အခုအချိန်က ကိုဗစ်ရောဂါကာလ ဖြစ်နေတဲ့အတွက် မဲရုံကိုမသွားခင်မှာ အိမ်ကနေ တစ်ခါသုံးနှာခေါင်းစည်းနဲ့ လက်အိတ်ကို ဝတ်ဆင် သွားပါတယ်။ မဲရုံရောက်တဲ့ အခါမှာလည်း မဲရုံက တာဝန်ရှိဝန်ထမ်းတွေက ကျန်းမာရေး စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လက်သန့်စင်စေနိုင်ဖို့ ဆောင်ရွက်ပေးတဲ့အပြင် နှာခေါင်းစည်းနဲ့ လက်အိတ်တွေကို ဖြန့်ဝေပေးပါတယ်။ နောက်ပြီး မဲပေးဖို့ဆောင်ရွက်ရတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း တာဝန်ကျဝန်ထမ်းတွေက ကူညီဆောင်ရွက်ပေးတဲ့အတွက် အဆင်ပြေပါတယ်။ မဲပေးရတဲ့အခါမှာလည်း လွတ်လပ်ပြီး ပွင့်လင်းမြင်သာမှုရှိတယ်လို့ ခံစားရပါတယ်။

**ဒေါ်ထွေးထွေး(မဲဆန္ဒရှင်၊ ဆရာစံရပ်ကွက် တပ်ကုန်းမြို့)**

အဒေါ်က အသက် ၆၀ ကျော်ပြီဖြစ်တဲ့အတွက် ကြိုတင်မဲပေးတာပါ။ ငါးနှစ်မှ တစ်ခါ မဲပေးရတဲ့အတွက်ဒီအခွင့်အရေးကို လက်လွှတ်မခံပါဘူး။ မဲပေးရတဲ့ အခါမှာလည်း လွတ်လွတ်လပ်လပ်နဲ့ စိတ်ချလုံခြုံစွာ ဆန္ဒမဲပေးခွင့်ရပါတယ်။ တော်တော်များလည်း ကြိုတင်မဲလာပေးတာတွေ့ရပါတယ်။ ကိုယ်နှစ်သက်တဲ့ပါတီ ကိုယ်စားလှယ်လောင်းတွေကို ကိုယ့်စိတ်ကြိုက်ရွေးချယ်ပြီး မဲထည့်ခဲ့ပါတယ်။ အခုက ကိုဗစ်ရောဂါဖြစ်ပွားနေတဲ့ ကာလဆိုတော့ မဲရုံထဲကို ဝင်တာနဲ့ လက်ဆေးရတယ်။ အပူချိန်တိုင်းရတဲ့အပြင် လက်သန့်ဆေးရည်တွေလည်း အသုံးပြုဖို့ စီစဉ်ပေးထားပါတယ်။ တစ်ဦးနဲ့တစ်ဦး သတ်မှတ်အကွာအဝေးနဲ့ မဲပေးရတော့ အစစအရာရာ အဆင်ပြေပါတယ်။

**ဒေါ်ညိုညို (မဲဆန္ဒရှင်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့နယ်)**

အဒေါ်က အသက် ၆၀ ကျော်ပါပြီ။ ဒါကြောင့် ကြိုတင်မဲပေးခြင်း ဖြစ်ပါတယ်။ အခုအချိန်က ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေတဲ့ကာလဆိုတော့ မဲရုံမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ဆောင်ရွက်ထားတာ တွေ့ရတယ်။ မဲရုံတာဝန်ရှိသူတွေအနေနဲ့လည်း ကျန်းမာရေးနဲ့ပတ်သက်တဲ့ လမ်းညွှန်ချက်တွေကို တိတိကျကျလိုက်နာပြီး နှာခေါင်းစည်းနဲ့လက်အိတ်တွေကို ဖြန့်ဝေပေးပါတယ်။ နောက်ပြီး ကိုယ့်စိတ်ကြိုက် လုံခြုံစိတ်ချစွာနဲ့ လွတ်လပ်စွာ မဲပေးခွင့်ရတဲ့အတွက် နိုင်ငံသားတစ်ဦးအနေနဲ့ နိုင်ငံအတွက် တစ်ထောင့်တစ်နေရာက တာဝန်ထမ်းဆောင်နိုင်ခဲ့တယ်လို့ မြင်ပါတယ်။

ကျန်းမာရေးအခြေအနေအရ မဲရုံများသို့ ကိုယ်တိုင်သွားရောက်ရန် အခက်အခဲရှိသည့် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များကို နေအိမ်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး အသက် ၆၀ နှင့် အထက်ရှိသူ မဲဆန္ဒရှင်များအနေဖြင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။

**အောင်မင်းသန့်**

**ဓာတ်ပုံ- ကျော်ဇင်ထိုက်**

## ရွှေရောင်သမိုင်း အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုရေးအထောက်အကူပြု ဖွံ့ဖြိုးရေးအသင်းသို့ လူနာတင်ယာဉ်သုံးစီး လှူဒါန်း



ရန်ကုန် နိုဝင်ဘာ ၁

**ပရဟိတလုပ်ငန်းများ ဆောင်ရွက်နေသည့် ရွှေရောင်သမိုင်း အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြု ဖွံ့ဖြိုးရေးအသင်းအတွက် ရွှေရီမင်းကုမ္ပဏီက လူနာတင်ယာဉ်သုံးစီး ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ် (၂ )ရပ်ကွက်ရှိ အထက(၁) ကျောင်း၌ ပြုလုပ်သည်။**

"ကျွန်တော်တို့ ရွှေရီမင်းကုမ္ပဏီများ အုပ်စုအနေနဲ့ လှူဒါန်းရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ကုမ္ပဏီရဲ့ လူထုအထောက်အကူပြုမူဝါဒများဆိုင်ရာအရ အခုလို ကိုဗစ်ကာလမှာ လိုအပ်နေတဲ့ အရေးပေါ်လူနာတင်ယာဉ်တွေကို ကျွန်တော်တို့ မြို့နယ်အခြေစိုက် လူမှုကူညီရေးအသင်းကို အားဖြည့်ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။ အခုလိုအချိန်မှာ လှူဒါန်းခွင့်ရတဲ့အတွက်လည်း များစွာဝမ်းမြောက်ရပါတယ်" ဟု ရွှေရီမင်းကုမ္ပဏီမှ ဦးရဲမင်းက ပြောသည်။

**ပိုမိုအဆင်ပြေမည်**

ရွှေရောင်သမိုင်း အရေးပေါ်ကယ်ဆယ်ရေးနှင့် လူမှုအထောက်အကူပြု ဖွံ့ဖြိုးရေးအသင်းသည် လက်ရှိကိုဗစ်ရောဂါ ဖြစ်ပွားနေမှုအပါအဝင် အခြားပရဟိတကိစ္စများ ဆောင်ရွက်ရာတွင် ယခင်က လူနာတင်ယာဉ် နှစ်စီးသာရှိသည့်အတွက် သွားလာမှုအခက်အခဲများ ရှိနေကြောင်း၊ ယခုအခါ ယာဉ်သုံးစီးထပ်မံလှူဒါန်းသည့်အတွက် အရေးပေါ်ယာဉ်ငါးစီးဖြစ်သွားပြီး ပရဟိတလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်ကထက် ပိုမိုအဆင်ပြေသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**

**နေလင်း**

# ဒစ်ဂျစ်တယ်ပလက်ဖောင်းများပေါ်က စာအုပ်ထုတ်ဝေရေးလုပ်ငန်းများ

အေးကြွယ်

**မကြာသေးမီက စာအုပ်ထုတ်ဝေရေးလုပ်ငန်းများအတွက် အွန်လိုင်းဆွေးနွေးပွဲတစ်ခုကို မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီက စီစဉ်ကျင်းပပေးခဲ့သည်။ ဆွေးနွေးပွဲခေါင်းစဉ်ကို "ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် စာအုပ်လုပ်ငန်းများ၏အရွေ့"ဟု အမည်တပ်ထားသည့်အတွက် စာပေနှင့်နီးနွှယ်ပတ်သက်နေကြသူများ၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်းများမှ ပုဂ္ဂိုလ်များက စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြသည်။ အမှန်အတိုင်းပြောရလျှင် ယနေ့အချိန်၌ ဒစ်ဂျစ်တယ်မီဒီယာလုပ်ငန်းများ တစ်နေ့တခြား ကြီးထွားလျက်ရှိပြီး အသုံးပြုမှုများပြားလာသည့်အတွက် ယခုကဲ့သို့ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ဆွေးနွေးပွဲများ စီစဉ်ကျင်းပပေးမှုသည် အခြေအနေ၊ အချိန်အခါနှင့် လိုက်ဖက်လွန်းလှသည်ဟု ဆိုရမည်။**

ဆွေးနွေးပွဲတွင် ဆွေးနွေးကြသည့် အကြောင်းအရာများက စိတ်ဝင်စားဖွယ်ကောင်းလှ၏။ နိုင်ငံတကာတွင် ထုတ်ဝေနေသော စာအုပ်များကို ပြည်တွင်းစာဖတ်ပရိသတ်များက မှာယူနိုင်မည့်နည်းလမ်းများ၊ မှာယူရာတွင် သိထားရမည့် အချက်အလက်များ၊ ဒစ်ဂျစ်တယ်စာပေဆိုင်ရာ အကျိုးခံစားခွင့်များနှင့် အခြားအခွင့်အလမ်းများ၊ စာအုပ်စာစောင် ထုတ်ဝေဖြန့်ချိရေးလုပ်ငန်းများအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းများ၊ စာပေအပေါ် လူငယ်များထားရှိသည့် သဘောထားများကို ရှုထောင့်စုံမှ ဆွေးနွေးခဲ့ကြသည်။ ပို၍စိတ်ဝင်စားစရာ ကောင်းသည်မှာ ဆွေးနွေးပွဲကို ဆရာမကြီး ဒေါ်စမ်းစမ်းနွဲ့ (သာယာဝတီ)က သုတရသစာပေအကြောင်း ဟောပြော၍ စတင်ခဲ့ခြင်းပင်ဖြစ်သည်။ ဆရာမကြီး ဟောပြောနေချိန်၌ပင် ဆွေးနွေးနေသည့် စာအုပ်အမည်နှင့် ထုတ်ဝေသည့် စာပေတိုက်များကို အွန်လိုင်းမှ စိတ်ဝင်စားစွာ ဆက်သွယ်မေးမြန်းနေကြသည်ကို တွေ့ခဲ့ရသည့်အတွက် အောင်မြင်သည့် ဆွေးနွေးပွဲတစ်ခုဟု ဆိုနိုင်သည်။

**ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် စာအုပ်စာစောင် ထုတ်ဝေမှုများ**

ယနေ့အချိန်တွင် ဒစ်ဂျစ်တယ်နည်းပညာနှင့် ဒစ်ဂျစ်တယ်မီဒီယာများ၏ ပြောင်းလဲတိုးတက်မှုများကို အံ့မခန်းတွေ့မြင်နေရသည်။ မည်သည့်နယ်ပယ်ကဏ္ဍပင်ဖြစ်စေ ဒစ်ဂျစ်တယ်နည်းပညာများနှင့် ကင်းလွတ်၍မရဘဲ မဖြစ်မနေ စောင့်ကြည့် လေ့လာနေရမည့်အချိန်ဖြစ်သည်။ အားလုံးသိကြသည့်အတိုင်း ဒစ်ဂျစ်တယ်မီဒီယာ ပေါ်ပေါက်လာခြင်းကြောင့် ပုံနှိပ်မီဒီယာ(သို့မဟုတ်) အစဉ်အလာမီဒီယာလုပ်ငန်းများ များစွာထိခိုက်ခဲ့ကြသည်။ အထူးသဖြင့် သတင်းမီဒီယာလုပ်ငန်းများ လွန်စွာထိခိုက်ခဲ့ရပြီး အချို့သော သတင်းစာ၊ ဂျာနယ်ထုတ်ဝေမှုလုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့ရသည်အထိ ရိုက်ခတ်မှုရှိခဲ့သည်။ သို့ရာတွင် ဒစ်ဂျစ်တယ်မီဒီယာ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် စာပေထုတ်ဝေမှုလုပ်ငန်းများတွင် ထိခိုက်မှုရှိခဲ့သည်ဟု မကြားသိရဘဲ ပိုမိုတိုးတက် ဖြစ်ထွန်းလာသည်ဟုသာ သိရသည်။ သတင်းမီဒီယာလုပ်ငန်းများ၏ သဘောသဘာဝနှင့် စာအုပ်စာစောင် ထုတ်ဝေရေးလုပ်ငန်းများ၏ သဘောသဘာဝသည် မတူညီသဖြင့် အကျိုးသက်ရောက်မှုခြင်းလည်း ခြားနားသည်ဟု ဆိုရမည်။ စာပေသည် အသိပညာဖြန့်ဖြူးရေးလုပ်ငန်းဖြစ်သကဲ့သို့ ဖျော်ဖြေရေးလုပ်ငန်းအသွင်လည်း ဆောင်သည်။ စာပေဖန်တီးမှု လက်ရာမြောက်လျှင် မြောက်သလောက် အဖိုးတန်သည်။ ထို့ကြောင့် ဒစ်ဂျစ်တယ်မီဒီယာ ပလက်ဖောင်းများ ပြောင်းလဲတိုးတက်လာခြင်းသည် စာအုပ်ထုတ်ဝေသူများအတွက် ထိခိုက်မှုမရှိရုံသာမက ထုတ်ဝေနိုင်မည့် အခွင့်အလမ်းများ ပိုမိုရရှိခဲ့ကြသည်။ ယခင်က ထုတ်ဝေနေသည့် ပုံနှိပ်စာအုပ်သာမက အီလက်ထရောနစ်စာအုပ် (e-Book)ကိုပါ ပြောင်းလဲထုတ်ဝေ ဆောင်ရွက်နိုင်သဖြင့်လည်း ယခင်ထက် အခွင့်အလမ်းများစွာ ပိုမိုရရှိကြသည်။ ထိုနည်းတူ စာရေးသူများဘက်တွင်လည်း ပုံနှိပ်စာမျက်နှာများသာမက အီလက်ထရောနစ်စာမျက်နှာများကိုပါ ပြောင်းလဲရေးသား ဆောင်ရွက်နိုင်သဖြင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများ ဖြစ်ပေါ်လာမှုသည် စာအုပ်ထုတ်ဝေရေးလောကအတွက် ယခင်က ထက် ပိုမိုကောင်းမွန်သည့် အကျိုးသက်ရောက်မှုများသာ ဖြစ်ပေါ်စေခဲ့သည်ဟု ဆိုရမည်။ ထို့ပြင် ဒစ်ဂျစ်တယ်ပလက်ဖောင်းများ ပေါ်ပေါက်လာခြင်းကြောင့် စာအုပ်စာစောင်များအပေါ် စာဖတ်သူများ၏ နှစ်သက်မှုများနှင့် ဖတ်ရှုမှုများသည်လည်း လျော့နည်းသွားမည်မဟုတ်ဘဲ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ပိုမိုထွန်းကားနေမည်ဟု ယူဆရပေသည်။

**ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနေမှု**

ဤဆွေးနွေးပွဲသို့ တက်ရောက်ချိန်တွင် မထင်မှတ်ဘဲ စာရေးသူအနေဖြင့် မေးခွန်းတစ်ခု ဖြေပေးခဲ့ရသည်။ စာအုပ်စာစောင်ထုတ်ဝေမှုများနှင့် ပတ်သက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များနှင့် အခြား စာကြည့်တိုက်များအတွက် မည်သို့ ဝယ်ယူဆောင်ရွက်ပေးနေသည်၊ လက်ရှိ မည်သို့ ဆောင်ရွက်ပေးလျက်ရှိသည်ကို သိလိုကြောင်း တက်ရောက်သူတစ်ဦးက မေးမြန်းခဲ့သည်။

မေးမြန်းချက်နှင့်ပတ်သက်၍ စဉ်းစားရမည့်အချက်(၂)ချက်ကို ဦးစွာတွေးမိသည်။ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် စာအုပ်/စာစောင် မည်မျှထွက်ရှိ၍ စာကြည့်တိုက်များအတွက် မည်မျှဝယ်ပေးနိုင်သည်ဆိုသည့် အချက်နှင့် ထုတ်ဝေသူများအနေဖြင့် စာအုပ်စာစောင်ဈေးကွက်ကို မည်သို့ ချဲ့ထွင်ရောင်းဝယ် ဖောက်ကားသင့်သည်ဆိုသည့် အချက်များပင် ဖြစ်သည်။

အမှန်အတိုင်းပြောရလျှင် စာအုပ်စာစောင်ထုတ်ဝေမှုများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက အစဉ်အမြဲ ဆောင်ရွက်ပေးခဲ့သည်။ အထူးသဖြင့် စာအုပ်စာစောင် ထုတ်ဝေမှုလုပ်ငန်းများကို အထောက်အကူပြုရန်အတွက်-

(က) နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် နှစ်စဉ်ဘဏ္ဍာငွေ တိုးမြှင့်တောင်းခံ၍ စာအုပ်စာစောင်များ ဝယ်ယူပေးခဲ့သည်။

*စာမျက်နှာ ၇ သို့*

**"ယခင်က ထုတ်ဝေနေသည့် ပုံနှိပ်စာအုပ်သာမက အီလက်ထရောနစ်စာအုပ် (e-Book) ကိုပါ ပြောင်းလဲထုတ်ဝေဆောင်ရွက်နိုင်သဖြင့်လည်း ယခင်ထက် အခွင့်အလမ်းများစွာ ပိုမိုရရှိကြသည်။ ထိုနည်းတူ စာရေးသူများဘက်တွင်လည်း ပုံနှိပ်စာမျက်နှာများသာမက အီလက်ထရောနစ် စာမျက်နှာများကိုပါ ပြောင်းလဲရေးသား ဆောင်ရွက်နိုင်သဖြင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများ ဖြစ်ပေါ်လာမှုသည် စာအုပ်ထုတ်ဝေရေးလောကအတွက် ယခင်ကထက် ပိုမိုကောင်းမွန်သည့် အကျိုးသက်ရောက်မှုများသာ ဖြစ်ပေါ်စေခဲ့"**



၂၀၁၉-၂၀၂၀ ပြည့်နှစ်အတွင်း ထုတ်ဝေခဲ့သော စာအုပ်စာစောင်များ။

*စာမျက်နှာ ၆ မှ*

(ခ) စာအုပ်စာစောင် ထုတ်ဝေမှုများ တိုးတက်ရေးကိုသာ ဦးတည် ဆောင်ရွက်ခြင်းမပြုဘဲ ပြည်သူများ စာဖတ်သည့် အလေ့အထ ယဉ်တွဲဖြစ်ပေါ်လာရေးကိုပါ ဆောင်ရွက်ပေးခဲ့သည်။

(ဂ) စာပေပွဲတော်များ၊ စာအုပ်ဈေးရောင်း ပွဲတော်များကို နိုင်ငံတစ်ဝန်း ကျင်းပနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးခဲ့သည်။

(ဃ) ရန်ကုန်မြို့ သိမ်ဖြူလမ်းအား စာအုပ်လမ်း (Yangon Book Street)အဖြစ် စီစဉ်၍ စာအုပ်စာစောင်များ ရောင်းဝယ်နိုင်ရန် စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

တကယ်တမ်းပြောရလျှင် မြန်မာနိုင်ငံတွင် ထွက်ရှိသမျှ စာအုပ်/စာစောင်အားလုံးကို ပြန်ကြားရေးဝန်ကြီးဌာန စာကြည့်တိုက်များအတွက် ဝယ်ယူပေးနိုင်ခြင်းမရှိဘဲ အတိုင်းအတာ တစ်ခုအထိသာ ဝယ်ယူပေးနိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ တစ်နှစ်လျှင် စာအုပ်စာစောင် ၄၄၀၀ ကျော် ပျမ်းမျှထွက်ရှိလျက်ရှိပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များအတွက် ထွက်ရှိသော စာအုပ်များ၏ ၅ ရာခိုင်နှုန်းခန့်ကိုသာ ဝယ်ယူပေးနိုင်ခဲ့ပါသည်။

တစ်နိုင်ငံလုံးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်ပေါင်း ၄၁၀ ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၄၇၄ ဒသမ ၄၀ ဖြင့် သုတရသစာအုပ် စာစောင်ပေါင်း ၁၀၂၅၆၂ အုပ်၊ ဂျာနယ်၊ မဂ္ဂဇင်း ၆၄၁၀၂ စောင်ကို ဝယ်ယူပေးခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၄၈၈ ဒသမ ၁၆ သန်းဖြင့် သုတ/ရသစာအုပ်စာစောင်ပေါင်း ၇၄၇၈၀၊ ဂျာနယ်၊ မဂ္ဂဇင်း ၈၁၃၃၄ စောင်ကို ဝယ်ယူပေးခဲ့သည်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၆၅၃ ဒသမ ၅၁ သန်းဖြင့် သုတရသစာအုပ်ပေါင်း ၁၀၄၄၅၄ အုပ်၊ ဂျာနယ်၊ မဂ္ဂဇင်း ၁၆၈၇၄၀ ကို ဝယ်ယူပေးခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၄၈၈ ဒသမ ၇၆ သန်းဖြင့် သုတရသစာအုပ် ၁၁၂၉၆၇ အုပ်၊ ဂျာနယ်၊ မဂ္ဂဇင်း ၉၂၅၃၃ စောင်တို့ကို ဝယ်ယူပေးခဲ့သည့်အတွက် ၂၀၁၆ မှ ၂၀၂၀(စက်တင်ဘာလအထိ) ခရိုင်၊ မြို့နယ်စာကြည့်တိုက်များအတွက် ငွေကျပ်သန်းပေါင်း ၂၁၀၄ ဒသမ ၈၅ သုံးစွဲ၍ သုတရသ စာအုပ်စာစောင်ပေါင်း ၃၉၄၇၆၃ အုပ်နှင့် ဂျာနယ်မဂ္ဂဇင်း ၄၀၆၇၀၉ စောင်တို့ကို ဝယ်ယူပေးခဲ့ပြီးဖြစ်သည်။

အထက်ပါ စာအုပ်ဝယ်ယူပေးနိုင်မှုအခြေအနေကို ကြည့်လျှင် စာကြည့်တိုက်များအတွက် ဝယ်ယူပေးနိုင်မှု ပမာဏသည် ထွက်ရှိသည့် စာအုပ် စာစောင် ပမာဏနှင့် နှိုင်းယှဉ်ပါက လွန်စွာနည်းပါးလျက်ရှိသဖြင့် ထုတ်ဝေသူများအနေဖြင့် မိမိထုတ်ဝေသည့် စာအုပ်စာစောင်များကို ယခုထက်ပို၍ ရောင်းဝယ်ဖောက်ကားလိုသည် ဆိုပါက ဖြစ်ပေါ်နေသည့် စာအုပ်ထုတ်ဝေမှု ရေစီးကြောင်းကို မျက်ခြည်မပြတ်စောင့်ကြည့်လေ့လာပြီး ပိုမိုကောင်းမွန်သည့် ဖြန့်ချိမှုနည်းလမ်းများကို ရှာဖွေကြရမည်ဖြစ်သည်။

**စာအုပ်ဝယ်ယူမှု လုပ်ငန်းအဆင့်ဆင့်**

ဆွေးနွေးပွဲတွင် ဖြေကြားခဲ့သည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်များအတွက် စာအုပ်စာစောင် ဝယ်ယူပေးမှု အခြေအနေများကိုလည်း ပြန်လည်ရှင်းလင်းတင်ပြချင်သည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်/ မြို့နယ်စာကြည့်တိုက်များသည် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် ဖွင့်လှစ်ထားရှိပြီး ကျောင်းသား/လူငယ်များ အများဆုံး အသုံးပြုကြသည့် စာကြည့်တိုက်များဖြစ်သည်။ စာကြည့်တိုက်များအတွက် စာအုပ်ဝယ်ယူရာ၌ ဆရာကြီးတက္ကသိုလ်ထင်ကြီးက စာကြည့်တိုက်ဆိုင်ရာ စာတမ်းဖတ်ပွဲတစ်ခုတွင် ဆွေးနွေးပြောကြားခဲ့သည့် **"စာကြည့်တိုက်အတွက် စာအုပ်များ ရွေးချယ်ရာတွင် မိမိအကြိုက် သို့မဟုတ် စာကြည့်တိုက်ကော်မတီအကြိုက်ကို စုဆောင်း၍မရဘဲ မိမိစာဖတ်သူများနှင့် ကိုက်ညီသည့် စာအုပ်များကိုသာ ရွေးချယ်ရမည်"** ဆိုသည့်အချက်ကို လက်ကိုင်ပြု၍ စိစစ်ဝယ်ယူပေးလျက်ရှိသည်။

စာအုပ် ဝယ်ယူရေးလုပ်ငန်းစဉ်များ အနေဖြင့် ဝယ်ယူမည့်စာအုပ်များ စုဆောင်းခြင်း၊ စာအုပ်များ ဖတ်ရှုလေ့လာသုံးသပ်ခြင်း၊ စာအုပ်ဈေးနှုန်းများ စိစစ်ခြင်း၊ ဝယ်ယူမည့်အုပ်ရေ အတည်ပြုခြင်းနှင့် ဝယ်ယူခြင်း၊ ငွေပေးချေခြင်းနှင့် ဖြန့်ချိပို့ဆောင်ခြင်း ဆိုသည့် လုပ်ငန်းစဉ်(၆)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဝယ်ယူမည့်စာအုပ်များ စုဆောင်းရာတွင် စာပေတိုက်များက ပေးပို့သည့် စာအုပ်များ၊ စာကြည့်တိုက်များတွင် ဖွဲ့စည်းထားသည့် Book Club အသင်းဝင်များ၊ စာဖတ်ဝိုင်းများ၊ စာဖတ်သူများက အကြံပြုသည့် စာအုပ်များ၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ထုတ်ပြန်သည့် စာအုပ်စာစောင်စာရင်းမှ သင့်လျော်ရာ စာအုပ်များကို ရယူစုဆောင်းလျက်ရှိသည်။

ထိုကဲ့သို့ စုဆောင်းထားသည့် စာအုပ်များကို စာအုပ်လေ့လာသုံးသပ်ချက်ပုံစံတွင် ဖြည့်စွက်၍ စာအုပ်၏ အကြောင်းအရာ ခိုင်မာမှုနှင့် ပြည့်စုံမှုအခြေအနေ၊ စာပေအမျိုးအစား၊ ရေးဟန်နှင့် အတွေးအခေါ် ကောင်းမွန်မှု၊ အသိပညာပေးစွမ်းနိုင်မှု၊ မိမိဌာန ရည်ရွယ်ချက်များနှင့် ကိုက်ညီမှု၊ စာဖတ်သူများအတွက် အထောက်အကူပြုနိုင်မှုနှင့် ခံစားသိမြင်နိုင်မှုဆိုသည့် အချက်များကို အဆင့်ဆင့်လေ့လာဖတ်ရှုသုံးသပ်၍ ဝယ်ယူသင့်/မသင့်နှင့် ဝယ်ယူမည့် စာကြည့်တိုက်အရေအတွက်ကို ခွဲခြားစိစစ်သတ်မှတ်ပါသည်။

ထို့နောက် စာအုပ်လေ့လာသုံးသပ်ရေးအဖွဲ့က ဝယ်ယူရန် အတည်ပြုထားသည့် စာအုပ်များကို ဈေးနှုန်းစိစစ်ရေးအဖွဲ့ ဖွဲ့စည်း၍ စာပေတိုက်များက ရောင်းချသည့် ဈေးနှုန်းနှင့် ယခုပေးသွင်းနိုင်မည့် ဈေးနှုန်းတို့ကို စိစစ်ဆောင်ရွက်၍ ဝယ်ယူပါသည်။

ဈေးနှုန်းစိစစ်ပြီးပါက စာအုပ်များ လက်ခံရယူခြင်း၊ ငွေတောင်းခံလွှာလက်ခံ၍ ကျသင့်ငွေ တောင်းခံခြင်း၊ ငွေပေးချေခြင်းနှင့် သက်ဆိုင်ရာ စာကြည့်တိုက်များသို့ ဖြန့်ချိပို့ဆောင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပါသည်။ အဆိုပါ စာအုပ်ဝယ်ယူရေးလုပ်ငန်းစဉ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဌာနခွဲတစ်ခု၊ ဝန်ထမ်းတစ်စုကိုသာ ဆောင်ရွက်စေခြင်း မဟုတ်ဘဲ ဌာနခွဲလေးခုမှ ကိုယ်စားလှယ်များဖြင့် ဈေးနှုန်းစိစစ်ခြင်း၊ စာအုပ်လက်ခံခြင်း၊ ငွေတောင်းခံခြင်း၊ ငွေပေးချေခြင်း ဖြန့်ချိပို့ဆောင်စေခြင်းတို့ကို တာဝန်ခွဲဝေဆောင်ရွက်စေ၍ မသမာမှု၊ မရိုးသားမှုများ မဖြစ်ပေါ်စေရန် စိစစ်ကြပ်မတ် ဝယ်ယူပေးလျက်ရှိကြောင်း အသိပေးတင်ပြလိုပါသည်။

**ထုတ်ဝေရေးလုပ်ငန်းများအတွက် နည်းလမ်းများ**

ဆွေးနွေးပွဲတွင် စာအုပ်စာစောင်များ ပိုမို တိုးတက်ထုတ်ဝေနိုင်ရန်အတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ဆွေးနွေးသွားသည်ကိုလည်း တွေ့ရသည်။ နှစ်စဉ် ထုတ်ဝေနေသည့် စာအုပ်စာစောင်အားလုံးကို ပြန်ကြားရေးဝန်ကြီးဌာနက ဝယ်ယူပေးရန်ကိစ္စမှာ ဖြစ်နိုင်ဖွယ်မရှိသည့်အတွက် အခြား ဆောင်ရွက်သင့်သည့် နည်းလမ်းများကို ရှာဖွေကြရပါမည်။ ထုတ်ဝေသူများအနေဖြင့် မိမိတို့၏ စာအုပ်စာစောင်များကို ပိုမိုကျယ်ပြန့်စွာ ထုတ်ဝေဆောင်ရွက်မည်ဆိုပါက ဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သည့် အောက်ပါအချက်များကို မလွဲမသွေ လိုက်ပါလုပ်ဆောင်သင့်သည်ဟု အကြံပြုလိုပါသည်-

(က) စာအုပ်ဆိုင်ခန်း ငှားရမ်းခများ ဈေးနှုန်း ကြီးမြင့်ခဲ့ခြင်းကြောင့် စာအုပ်ဆိုင်အချို့ ပိတ်သိမ်းခဲ့ရသော်လည်း တစ်ဖက်တွင် အွန်လိုင်းစာအုပ်ဆိုင်များ၊ အွန်လိုင်းမှ တစ်ဆင့် စာအုပ်ရောင်းချမှု၊ ဖြန့်ချိမှုစနစ်များ ပေါ်ပေါက်လာခဲ့သည့်အတွက် မိမိတို့၏ ထုတ်ဝေဖြန့်ချိမှု လုပ်ငန်းများကို ပြောင်းလွယ်ပြင်လွယ်ရှိသည့်စနစ်၊ လိုက်လျောညီထွေဖြစ်စေသည့်စနစ် (Flexibility)ကို ဖော်ဆောင်သင့်သည်။

(ခ) စာအုပ်စာစောင် ရောင်းဝယ်မှုများကို ဒစ်ဂျစ်တယ်နည်းပညာ အသုံးချပြီး မည်သို့လုပ်ဆောင်နိုင်မည်ကို လေ့လာသုံးသပ်၍ ဝယ်ယူဖတ်ရှုသူလက်ထဲသို့ ပို့ဆောင်နိုင်မည့် နည်းလမ်းများကို ရှာဖွေသင့်သည်။

(ဂ) စာအုပ်စာစောင် ရောင်းဝယ်မှုများကို Social Media Marketing နှင့် Digital Marketing Strategy ကို အသုံးချ၍ လုပ်ဆောင်သင့်သည်။

(ဃ) နိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိပို့ဆောင်နိုင်မည့် ပို့ဆောင်ရေးစနစ်တစ်ခုကို ထုတ်ဝေသူများ၊ ဖြန့်ချိသူများ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်။

(င) ယခင်က စာအုပ်ဆိုင်များကို စာဖတ်သူများက လာရောက်ဝယ်ယူခဲ့သော်လည်း ယနေ့အချိန်တွင် စာအုပ်ဆိုင်များက စာဖတ်သူများကို လာရောက်ရန် ဖိတ်ခေါ်ရမည့်အချိန်၊ လာချင်အောင် ဂရုစိုက်ရမည့်အချိန် ဖြစ်ပါသဖြင့် ဆောင်ရွက်သင့်သည့် နည်းလမ်းများကို စုပေါင်းရှာဖွေဆောင်ရွက်သင့်သည်။

(စ) ယနေ့အချိန်တွင် ပုံနှိပ်စာအုပ်များသာမက e-Book များကိုပါ စီစဉ်ရောင်းချနိုင်သည့် အခြေအနေရှိပါသဖြင့် မိမိတို့၏ စာအုပ်များကို နိုင်ငံတကာသို့ ဈေးကွက်တင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သင့်သည်။

(ဆ) စာအုပ်စာစောင် ထုတ်ဝေရောင်းချမှု တိုးတက်စေရန်အတွက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့် ပြည်သူ့စာကြည့်တိုက်များ ဖွံ့ဖြိုးရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သင့်သည်။

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် ဒစ်ဂျစ်တယ်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများကြောင့် အချို့သော နယ်ပယ်ကဏ္ဍအသီးသီးတွင် ကောင်းမွန်သော တိုးတက်ဖြစ်ထွန်းမှုများရှိသကဲ့သို့ အချို့သော နယ်ပယ်များတွင် ထိခိုက်ယုတ်လျော့မှုများလည်း ဖြစ်ပေါ်စေခဲ့ပါသည်။ စာအုပ်စာစောင်ထုတ်ဝေမှုနယ်ပယ်တွင် ဒစ်ဂျစ်တယ်နည်းပညာ တိုးတက်ဖြစ်ထွန်းလာမှုကြောင့် ထိခိုက်ဆုတ်ယုတ်သည့် လက္ခဏာရပ်များ မတွေ့ရှိရဘဲ ပိုမို ဖြစ်ထွန်းတိုးတက်စေမည့် တွန်းအားပေး ဖော်ဆောင်ပေးမှုများကိုသာ တွေ့မြင်နေရသည်။ တစ်နည်းအားဖြင့် ဒစ်ဂျစ်တယ် ပလက်ဖောင်းများ ဖြစ်ပေါ်လာခြင်းသည် စာအုပ်စာစောင် ထုတ်ဝေမှုလုပ်ငန်းများအပေါ် ပျက်စီးယုတ်လျော့သွားစေမည့် အဖျက်နည်းပညာ (Destructive Technology) မဟုတ်ဘဲ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ထောက်ပံ့ပေးမည့် အထောက်အကူပြုနည်းပညာ (Supportive Technology) ဖြစ်ကြောင်း အားလုံးက လက်ခံထားကြသည်။ သို့ဖြစ်၍ ပြောင်းလဲတိုးတက်လာသည့် ဒစ်ဂျစ်တယ်ရေစီးကြောင်းကို အကျိုးရှိစွာ အသုံးချ၍ မိမိတို့၏ စာအုပ်စာစောင် ထုတ်ဝေမှုလုပ်ငန်းများ ရေရှည်တိုးတက်ကောင်းမွန်စေမည့် နည်းလမ်းများကို စုပေါင်းရှာဖွေ ဆောင်ရွက်ခြင်းကသာ ပိုမိုအလုပ်ဖြစ်မည်ဟု ထင်မြင်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ကလေးစာပေပွဲတော် (ပူတာအို)တွင် ကျောင်းသား ကျောင်းသူများ ခင်းကျင်းပြသထားသည့် စာအုပ်စာပေမျိုးစုံကို ကြည့်ရှုလေ့လာစဉ်။



ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ရန်ကုန်စာအုပ်လမ်း၌ စာအုပ်ဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုကို တွေ့ရစဉ်။

# ရွေးကောက်ပွဲနေ့မှာ စိတ်လုံလုံခြုံခြုံနဲ့ မဲသွားပေးဖို့ အခြေအနေတွေရှိ



ရွေးကောက်ပွဲနဲ့ပတ်သက်ရင် တခြားနိုင်ငံတွေရဲ့ ရွေးကောက်ပွဲတွေမှာ ဘယ်လို လုပ်သလဲဆိုတာ လေ့လာထားပါတယ်။ တခြားနိုင်ငံတွေမှာ ကျန်းမာရေးဘက်က လုံလုံ ခြုံခြုံနဲ့ ရွေးကောက်ပွဲဖြစ်အောင်လို့ ဘယ်နိုင်ငံတွေက ဘယ်လိုလုပ်သလဲပေါ့။ ကျွန်မတို့က အချမ်းသာဆုံးနိုင်ငံထဲက မဟုတ်ပေမယ့်လည်း အကောင်းဆုံးအစီအစဉ်တွေကို ကြည့်ပါတယ်။ အစီအစဉ်တွေက အမျိုးမျိုးပါပဲ။ တစ်နေရာနဲ့ တစ်နေရာ မတူပါဘူး။ တချို့နေရာတွေမှာဆိုရင် အစီအစဉ်တွေက ပိုပြီးတော့ စိတ်ချရတယ်လို့ ပြောရမှာပေါ့။ တချို့နေရာတွေကျတော့ သိပ်စိတ်ချရတဲ့ ပုံစံမရှိပါဘူး။ ကျွန်မတို့က အကောင်းဆုံးအစီအစဉ်တွေကိုကြည့်ပြီး ကျွန်မတို့နိုင်ငံရဲ့ လိုအပ်ချက်နဲ့၊ ကျွန်မတို့နိုင်ငံရဲ့ အရင်းအမြစ်ရှိတဲ့ အတိုင်းအတာနဲ့ဆိုရင် ဘယ်လိုပုံစံနဲ့လုပ်ရမလဲဆိုတာ သေသေချာချာ စဉ်းစားပြီးတော့ လုပ်တာပါ။ ဒါကြောင့် ပြည်သူတွေအနေနဲ့ ရွေးကောက်ပွဲနေ့မှာ စိတ်လုံလုံခြုံခြုံနဲ့ မဲသွားပေးဖို့ အခြေအနေတွေရှိပါတယ်လို့ ကျွန်မအနေနဲ့ ပြောချင်ပါတယ်။ မဲပေးဖို့လည်း တိုက်တွန်းပါတယ်။ ဒါဟာ ကျွန်မ ထပ်တလဲလဲပြောသလို နိုင်ငံသူနိုင်ငံသားများရဲ့ တာဝန်လည်း ဖြစ်ပါတယ်။ အခွင့်အရေးလည်းဖြစ်ပါတယ်။ အောင်နိုင်ဖို့ဆိုတာဟာ ရွေးကောက်ပွဲလည်း အောင်အောင်မြင်မြင်ကျင်းပနိုင်ရမယ်။ နောက်ပြီးတော့ ကိုဗစ်ရောဂါကိုလည်း အောင်အောင်မြင်မြင် ကျော်လွှားနိုင်ရမှာပါ။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၆–၁၀–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် )

## ကမ္ဘောဇဘဏ်က ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ မြို့နယ်ဆေးရုံများသို့ ဆက်လက်လှူဒါန်း

**ကျောက်တံခါး နိုဝင်ဘာ ၁**

ကမ္ဘောဇဘဏ်သည် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး ခုတင်(၅၀) သို့ အောက်တိုဘာ ၂၇ ရက်က ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ် (ညောင်လေးပင်မြို့)ဘဏ်ခွဲတာဝန်ခံ ဦးသက်စိုးဦးနှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးဆေးရုံသုံးနှာခေါင်းစည်း ၂၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၃၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးဝတ်စုံ ၅၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ် –၁၉ ရောဂါဖြစ်ပွားနေချိန်ကာလ အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀ တို့ကိုလှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ သန့်လွင်နှင့် ဆရာဝန်၊ သူနာပြုများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ကမ္ဘောဇဘဏ်သည် စက်တင်ဘာလမှစတင်ကာ နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ လတ်တလော ပိုးတွေ့လူနာအများဆုံး ပြည်သူ့ဆေးရုံကြီးများသို့ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် အလှူငွေများကို စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းခဲ့သည်။ ယနေ့အချိန်ထိ မြောက်ဦး၊ ကျောက်ဖြူ၊ မောင်တော၊ စစ်တွေ၊ သံတွဲ၊ အမ်း၊ တောင်ကုတ်၊ ကျောက်တော်၊ မင်းပြား၊ မာန်အောင်၊ မော်လမြိုင်၊ ကျိုက်ထို၊ တောင်ကြီး၊ ကလော၊ မန္တလေး၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မြစ်သား၊ နွားထိုးကြီး၊ သာစည်မြို့များ၊ မြင်းခြံ၊ နတ်မောက်၊ မုံရွာ၊ ဒီပဲယင်း၊ မင်းကင်း၊ ဇီးကုန်း၊ ပဲခူး၊ ဒိုက်ဦး၊ သာယာဝတီ၊ ပုသိမ်၊ မအူပင်၊ ဒလမြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံကြီးများသို့ ပေးပို့လှူဒါန်းခဲ့သည်။

ဆက်လက်၍လည်း ယခု နိုဝင်ဘာလအတွင်း လက်ပံတန်းမြို့၊ ပေါင်မြို့နှင့် ဒေးဒရဲမြို့များရှိ ဆေးရုံကြီးများသို့ နေရာအရောက် စနစ်တကျ နေ့စဉ်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်**

❒ *ကျော့ဖုံးမှ*

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ကြီးမှူး၍ ယနေ့နံနက်ပိုင်းက ညီနောင်လုပ်ငန်းရှင်အသင်းများမှ တာမွေမြို့နယ်အတွင်းရှိ ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ ဗျိုင်းရေအိုးစင် (ရွာမ) ရပ်ကွက်၊ နတ်မောက်ရပ်ကွက်၊ ကျားကွက်သစ်ရပ်ကွက်၊ ပုသိမ်ညွန့်ရပ်ကွက်၊ နတ်ချောင်းရပ်ကွက်တို့တွင် သားငါး၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဈေးကားများဖြင့် လှည့်လည်ပြီး ဈေးနှုန်းချိုသာစွာဖြင့် အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးခဲ့ကြသည်။

ထိုသို့ သားငါး၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးကားများဖြင့် လှည့်လည်ပြီး အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးမှုအပေါ် ရပ်ကွက်နေပြည်သူတစ်ဦးဖြစ်သူ ဒေါ်သီတာခိုင်ကလည်း "ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားနေတဲ့ကာလမှာ သားငါး၊ ဟင်းသီးဟင်းရွက်တွေနဲ့ စားသောက်ကုန်ပစ္စည်းတွေကို ယခုလို သက်သာသောဈေးနှုန်းများနဲ့ ရောင်းချပေးတာဟာ မြို့နေပြည်သူတွေအတွက် အလွန်ကို အဆင်ပြေမှုရှိပါတယ်။ ဈေးနှုန်းတွေက ချိုသာတဲ့အပြင် ရောင်းချတဲ့ ပစ္စည်းတွေကလည်း လတ်ဆတ်သန့်ရှင်းမှုရှိပါတယ်။ နောင်လည်း အခုလိုလာရောက်ရောင်းချပေးစေချင်ပါတယ်" ဟု ပြောသည်။

သားငါး၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးကားများဖြင့် လှည့်လည်ပြီး အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးရာတွင် ကြက်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သားနှင့် အသင့်ထုပ်ပိုးပြီး ငါးအမျိုးမျိုး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို လူတန်းစားမရွေး ဝယ်ယူနိုင်သည့် အလေးချိန်များနှင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

### ၁-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၄၀၉၈၂၃ | ၆၀၆၂၈၇၄ | ၂၃၆၁၀၁ |
| ၂။ | အိန္ဒိယ | ၈၁၈၈၁၀၁ | ၇၅၉၃၃၆၄ | ၁၂၂၁၉၁ |
| ၃။ | ဘရာဇီး | ၅၅၃၅၆၀၅ | ၄၉၇၂၈၉၈ | ၁၅၉၉၀၂ |
| ၄။ | ရုရှား | ၁၆၃၆၇၈၁ | ၁၂၂၅၆၇၃ | ၂၈၂၃၅ |
| ၅။ | ပြင်သစ် | ၁၃၆၇၆၂၅ | ၁၁၇၆၅၈ | ၃၆၇၈၈ |
| ၆။ | စပိန် | ၁၂၆၄၅၁၇ | စိစစ်ဆဲ | ၃၅၈၇၈ |
| ၇။ | အာဂျင်တီးနား | ၁၁၆၆၉၂၄ | ၉၇၃၉၃၉ | ၃၁၀၀၂ |
| ၈။ | ကိုလံဘီယာ | ၁၀၇၄၁၈၄ | ၉၆၉၂၃၀ | ၃၁၃၁၄ |
| ၉။ | ဗြိတိန် | ၁၀၁၁၆၆၀ | စိစစ်ဆဲ | ၄၆၅၅၅ |
| ၁၀။ | မက္ကဆီကို | ၉၂၄၉၆၂ | ၆၇၇၆၅၉ | ၉၁၇၅၃ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁- ၁၁ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၂၇၈၄ | ၃၄၁၉၄၂ | ၁၃၉၄၃ |
| ဖိလစ်ပိုင် | ၃၈၃၁၁၃ | ၃၄၈၇၆၀ | ၇၂၃၈ |
| စင်ကာပူ | ၅၈၀၁၉ | ၅၇၉၂၄ | ၂၈ |
| မြန်မာ | ၅၃၄၀၅ | ၃၄၁၈၉ | ၁၂၅၈ |
| မလေးရှား | ၃၂၅၀၅ | ၂၂၂၂၀ | ၂၄၉ |
| ထိုင်း | ၃၇၈၄ | ၃၅၉၂ | ၅၉ |
| ဗီယက်နမ် | ၁၁၈၀ | ၁၀၆၃ | ၃၅ |
| ကမ္ဘောဒီးယား | ၂၉၁ | ၂၈၃ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၃ | ၃ |
| လာအို | ၂၄ | ၂၂ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၃၁-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၁၀) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | ၁၁၀ |
| | | သန်လျင် | ၉၂ |
| | | မင်္ဂလာဒုံ | ၆၀ |
| | | မရမ်းကုန်း | ၅၃ |
| | | သင်္ဃန်းကျွန်း | ၄၈ |
| | | လှိုင် | ၄၈ |
| | | သာကေတ | ၄၈ |
| | | အင်းစိန် | ၃၃ |
| | | မြောက်ဥက္ကလာပ | ၃၂ |
| | | ဒလ | ၃၁ |
| | | တာမွေ | ၂၉ |
| | | ရွှေပြည်သာ | ၂၉ |
| | | ကြည့်မြင်တိုင် | ၂၉ |
| | | တောင်ဥက္ကလာပ | ၂၆ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၆ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၄ |
| | | စမ်းချောင်း | ၂၃ |
| | | ကျောက်တံတား | ၂၃ |
| | | ကမာရွတ် | ၂၁ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၀ |
| | | မှော်ဘီ | ၁၇ |
| | | ပုဇွန်တောင် | ၁၇ |
| | | ကျောက်တန်း | ၁၃ |
| | | လမ်းမတော် | ၁၃ |
| | | မင်္ဂလာတောင်ညွန့် | ၁၁ |
| | | အလုံ | ၁၀ |
| | | ဗဟန်း | ၉ |
| | | ရန်ကင်း | ၉ |
| | | ဒေါပုံ | ၈ |
| | | ဗိုလ်တထောင် | ၇ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၇ |
| | | သုံးခွ | ၅ |
| | | လှည်းကူး | ၄ |
| | | လသာ | ၄ |
| | | ဒဂုံ | ၃ |
| | | တွံတေး | ၃ |
| | | တိုက်ကြီး | ၃ |
| | | ထန်းတပင် | ၁ |
| | | ပန်းဘဲတန်း | ၁ |
| | | ကွမ်းခြံကုန်း | ၁ |
| | | စုစုပေါင်း | ၉၅၁ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၃၂ |
| | | မဟာအောင်မြေ | ၂၆ |
| | | အမရပူရ | ၇ |
| | | ပုသိမ်ကြီး | ၄ |
| | | သာစည် | ၄ |
| | | ချမ်းမြသာစည် | ၃ |
| | | အောင်မြေသာစံ | ၃ |
| | | မိတ္ထီလာ | ၂ |
| | | ပြည်ကြီးတံခွန် | ၂ |
| | | မတ္တရာ | ၁ |
| | | ပြင်ဦးလွင် | ၁ |
| | | တံတားဦး | ၁ |
| | | တောင်သာ | ၁ |
| | | စုစုပေါင်း | ၈၇ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၃၆ |
| | | မင်းလှ | ၁၄ |
| | | ပေါင်းတည် | ၆ |
| | | ကဝ | ၃ |
| | | အုတ်တွင်း | ၂ |
| | | ဖြူး | ၂ |
| | | သာယာဝတီ | ၂ |
| | | ညောင်လေးပင် | ၁ |
| | | ပြည် | ၁ |
| | | သဲကုန်း | ၁ |
| | | စုစုပေါင်း | ၆၈ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ကျုံပျော် | ၁၁ |
| | | ကျိုက်လတ် | ၅ |
| | | ပုသိမ် | ၄ |
| | | ဟင်္သာတ | ၃ |
| | | ရေကြည် | ၂ |
| | | မအူပင် | ၁ |
| | | မော်လမြိုင်ကျွန်း | ၁ |
| | | ဒေးဒရဲ | ၁ |
| | | စုစုပေါင်း | ၂၈ |
| ၅။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး | ၅ |
| | | ပေါက် | ၃ |
| | | အောင်လံ | ၂ |
| | | နတ်မောက် | ၂ |
| | | စလင်း | ၂ |
| | | မကွေး | ၁ |
| | | ပခုက္ကူ | ၁ |
| | | သရက် | ၁ |
| | | စုစုပေါင်း | ၁၇ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၇ |
| | | တမူး | ၂ |
| | | ကန့်ဘလူ | ၁ |
| | | ခင်ဦး | ၁ |
| | | မင်းကင်း | ၁ |
| | | ပုလဲ | ၁ |
| | | စစ်ကိုင်း | ၁ |
| | | ရွှေဘို | ၁ |
| | | ဝက်လက် | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၇။ | ရခိုင်ပြည်နယ် | မောင်တော | ၅ |
| | | စစ်တွေ | ၂ |
| | | အမ်း | ၂ |
| | | မာန်အောင် | ၂ |
| | | ကျောက်ဖြူ | ၃ |
| | | ဘူးသီးတောင် | ၁ |
| | | စုစုပေါင်း | ၁၅ |
| ၈။ | မွန်ပြည်နယ် | ပေါင် | ၅ |
| | | ကျိုက်ထို | ၄ |
| | | သထုံ | ၃ |
| | | သံဖြူဇရပ် | ၁ |
| | | ရေး | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၉။ | ကရင်ပြည်နယ် | ဘားအံ | ၅ |
| | | မြဝတီ | ၁ |
| | | စုစုပေါင်း | ၆ |
| ၁၀။ | နေပြည်တော် | ပျဉ်းမနား | ၁ |
| | | တပ်ကုန်း | ၁ |
| | | ဇေယျာသီရိ | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၁။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၂ |
| | | ကော့သောင်း | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၂။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ကလော | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၃။ | ချင်းပြည်နယ် | မင်းတပ် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၃၁-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၂၁၀) ဦး |

မှတ်ချက်။ (၃၁-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၁၀) ဦးတွင် အနံ့မရရှိသူ (၃၅၈) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

○ *ကျောဖုံးမှ*

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၁-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၈,၁၀၈) ဦး | (၆၉၆,၂၆၇) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၆၉၉) ဦး | (၅၃,၄၀၅) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၄၁၅) ဦး | (၃၄,၁၈၉) ဦး |
| သေဆုံးလူနာ | (၂၁) ဦး | (၁,၂၅၈) ဦး |

- ယနေ့ သေဆုံးသူ (၂၁) ဦးအနက် ရောဂါအခံရှိသူ (၁၇) ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၄၁၅) ဦးတွင် -
  - ပြည်သူ့ဆေးရုံများ - (၂၇၁) ဦး
  - COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၁,၁၄၄) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၁၂၄) ဦးတွင် -
  - Hotel Quarantine - (၂၁၂) ဦး
  - Facility Quarantine - (၁၃၀) ဦး
  - Community Based Facility Quarantine - (၆၈၂) ဦး
  - Anosmia Center - (၁၀၀) ဦး ပါဝင်ပြီး

  ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မူဆယ်ခရိုင် မန်ဟီးရိုးမြို့၌ နယ်စပ်ဒေသနေပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအထောက်အကူပစ္စည်း ပေးအပ်လှူဒါန်း

**မန်ဟီးရိုး နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း မန်ဟီးရိုးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအတွက် တရုတ်နိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်တိုင်း လွတ်လပ်စွာ ကူးသန်းရောင်းဝယ်မှု စမ်းသပ်ဒေသ၊ တယ်ဟုန်ဒေသအုပ်ချုပ်ရေး ကော်မတီနှင့် တရုတ်နိုင်ငံ လန်ထင်းလူမှုကယ်ဆယ်ရေး အသင်းတို့ပူးပေါင်းကာ ကျန်းမာရေးအထောက်အကူပစ္စည်းများကို မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (မူဆယ်ရုံးခွဲ) ဥက္ကဋ္ဌ ဦးရှင်ဖူးနှင့် အသင်းဝင်များအား ချိတ်ဆက်ကာ ယနေ့ နံနက် ၁၀ နာရီခန့်က နှစ်နိုင်ငံ အဝင်/အထွက်ဂိတ် (နှစ်ပြည်တစ်ရွာ) ဂိတ်တွင် လာရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

တရုတ်နိုင်ငံ (ရွှေလီ)၊ မြန်မာနိုင်ငံ (မူဆယ်) နယ်စပ်ဒေသ ပြည်သူများ၏ ဘေးအန္တရာယ်လုံခြုံရေးနှင့် တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုတိုးတက်စေရန် အတွက် ယခုလို ကျန်းမာရေးနှင့်ပတ်သက်သည့် အထောက်အကူပစ္စည်းများကို လာရောက်လှူဒါန်းပေးခြင်းဖြစ်ကြောင်း တယ်ဟုန်ဒေသအုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက ပြောကြားပြီး ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပစ္စည်း နှာခေါင်းစည်း ၇၀၀၀၀၊ ပိုးသတ်ဆေးရည် ဖာ ၈၀၊ ပိုးသတ်စက် ၁၈ ခု၊ ပိုးသတ်ဆေးမှုန့် ဖာ ၂၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၃၅၀၊ ဆေးရုံသုံး လက်အိတ် လေးဖာနှင့် ပိုးသတ်တာဝါ လေးဖာတို့ကို ထောက်ပံ့လှူဒါန်းပေးသည်။ အဆိုပါ ထောက်ပံ့ပစ္စည်းများကို မန်ဟီးရိုးမြို့ အုပ်ချုပ်ရေးမှူး ဦးစိုင်းမြတ်အောင်၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (မူဆယ်ရုံးခွဲ) ဥက္ကဋ္ဌ ဦးရှင်ဖူးနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

တရုတ်နိုင်ငံမှ ထောက်ပံ့လှူဒါန်းပေးခဲ့သော ကျန်းမာရေးအထောက်အကူပစ္စည်းများကို မန်ဟီးရိုးမြို့ အုပ်ချုပ်ရေးမှူးနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (မူဆယ်ရုံးခွဲ) မန်ဟီးရိုးမြို့ရှိ ရပ်ကွက်(၃) ကျေးရွာအုပ်စု လေးအုပ်စု ဒေသခံပြည်သူများအတွက် တစ်ဆင့် ပြန်လည်လှူဒါန်းပေးကြောင်း သိရသည်။ **သန့်ဇင် (မူဆယ်)**




# နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဥတ္တရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ဘန့်ဘွေးကျေးရွာအုပ်စု၊ ဘန့်ဘွေးကျေးရွာ၊ ဘန့်ဘွေးကျောင်းတိုက် ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဥတ္တရ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီးသည် သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆)ဝါအရ ၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁) ရက်၊ (၁-၁၁-၂၀၂၀) တနင်္ဂနွေနေ့ နံနက် (၈:၀၀) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပန အခမ်းအနားကို (၅-၁၁-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

## ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ်၊ ဘန့်ဘွေးကျေးရွာအုပ်စု၊ ဘန့်ဘွေးကျေးရွာ၊ ဘန့်ဘွေးကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တဥတ္တရ (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ၏ ထေရုပ္ပတ္တိအကျဉ်း



| | | |
|---|---|---|
| ဖွားမြင်တော်မူခြင်း | - | ဆရာတော်လောင်းလျာသည် မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ပဒေါင်းကျေးရွာအုပ်စု၊ ပဒေါင်းကျေးရွာ၊ ခမည်းတော် ဦးဖိုးထင်၊ မယ်တော်ဒေါ်ဖွားနှစ်တို့မှ ၁၂၉၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၈) ရက်နေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။ |
| ရှင်ရဟန်းပြုတော်မူခြင်း | - | ဆရာတော်လောင်းလျာသည် ပဒေါင်းကျေးရွာ၊ ပဒေါင်းကျောင်း ဆရာတော် ဦးပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော် တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော် မူခဲ့ပါသည်။ ၁၃၁၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၈)ရက် အင်္ဂါနေ့တွင် ပဒေါင်းကျေးရွာ၊ ပဒေါင်းကျောင်းခဏ္ဍသိမ်၌ ဝမ်းတွင်းမြို့နယ်၊ ကုက္ကိုုစုကျေးရွာအုပ်စု၊ ကုန်းရွာဟောဝန် ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒကို ဥပဇ္ဈာယ်ပြုလျက် ဦးနု+ဒေါ်ရွှေမှန်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ |
| ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း | - | ဆရာတော်သည် နွားထိုးကြီးမြို့နယ်၊ ပဒေါင်းကျေးရွာ၊ ပဒေါင်းကျောင်းဆရာတော် ဦးပဏ္ဍိတ၊ စာချဆရာတော်များဖြစ်သော ဦးစန္ဒိမာ၊ ဦးသုနန္ဒ၊ ဝမ်းတွင်းမြို့နယ်၊ ကုက္ကိုုစုကျေးရွာအုပ်စု၊ ကုန်းရွာဟောဝန်ကျောင်းဆရာတော် ဦးစန္ဒ၊ မြင်းခြံမြို့၊ သုဓမ္မာ စာသင်တိုက် ဦးဥတ္တမ၊ ဦးပဏ္ဍိတ၊ ရန်ကုန်မြို့၊ ရှင်စောပုမြို့မဝိဟာရ စာသင်တိုက် ဦးကောသလ္လ၊ ဦးသောဘန၊ အောင်မင်္ဂလာ သိဒ္ဓိစာသင်တိုက် ဦးဥတ္တမ၊ ဦးသုမိတ္တာဘိဝံသတို့ထံတွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသော ပရိယတ္တိစာပေများကို ကျမ်းကြီးပေါက်မြောက် သင်ယူဆည်းပူးခဲ့ပါသည်။ |
| သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း | - | ဆရာတော်သည် ဘန့်ဘွေးကျောင်း ရဟန်း၊ သာမဏေ၊ ကျောင်းသားများကို ပရိယတ္တိစာပေများ သင်ကြားပို့ချပေးခြင်း၊ ဝေးလံခေါင်ပါးသော နယ်စပ်ဒေသများဖြစ်သည့် (ဝဒေသ) နားဖမ်း မြို့နယ်၊ မန့်ပန်ဆိုင်မြို့နယ်၊ တန့်ယန်းမြို့နယ်၊ သီပေါမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်များမှ မြန်မာစာ၊ မြန်မာစကားလုံးဝမတတ်သော တိုင်းရင်းသား ရဟန်း၊ သာမဏေ ဒေသခံ ကျောင်းသားများကို ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ကျောင်းအုပ် ဆရာတော်အဖြစ် တာဝန်ယူသင်ကြားပေးခဲ့ခြင်း၊ ပြည်နယ်သံဃာ့ဝန်ဆောင်၊ ပြည်နယ်သံဃနာယကအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ပြီး ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယ တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။ |
| ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း | - | ဤသို့လျှင် ဗုဒ္ဓသာသနာတော် အကျိုးကို ထက်သန်သော ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခြင်း၊ အများပြည်သူရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကိုခံယူရရှိတော်မူခြင်း၊ သီလ၊ သမာဓိ၊ ပညာ (၃)ပါးတို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ၂၀၀၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရက (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ |
| ဘဝနတ်ထံပျံလွန်တော်မူခြင်း | - | ဆရာတော်ကြီးသည်သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၆) နှစ်၊ သိက္ခာတော် (၆၆) ဝါအရ ၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁) ရက်၊ (၁-၁၁-၂၀၂၀)ရက်နေ့၊ တနင်္ဂနွေနေ့၊ နံနက် (၈:၀၀) နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပန အခမ်းအနားကို (၅-၁၁-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအချိန်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။ |

**သတင်းစဉ်**

# ကမ္ဘာ့သတင်းမီဒီယာကောင်စီ (WAPC) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ရန် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖိတ်ကြားခံရ

**ရန်ကုန် နိုဝင်ဘာ ၁**

ကမ္ဘာ့သတင်းမီဒီယာကောင်စီ (World Association of Press Councils – WAPC) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ရန် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို WAPC က ဖိတ်ကြားခဲ့သည်။ World Association of Press Council (WAPC) ၏ ယနေ့မွန်းလွဲပိုင်း Zoom meeting အဖြစ် ပြုလုပ်ခဲ့သည့် "Press Freedoms and Political Conflicts" အစည်းအဝေးသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအား တက်ရောက်ပါရန် ဖိတ်ကြားလာသဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အတွင်းရေးမှူး ဦးကျော်စွာမင်း တက်ရောက်ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးပွဲတွင် ပြီးခဲ့သည့် သီတင်းပတ်က ကွယ်လွန်သွားသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်) ၏ သတင်းမီဒီယာကဏ္ဍ လှုပ်ရှားဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဂုဏ်ပြုမှတ်တမ်းတင်ခြင်း၊ တူရကီလျှင်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့် သတင်းသမားများ ထိခိုက်မှုများအပေါ် ဝမ်းနည်းကြောင်း ထုတ်ပြန်ခြင်း၊ ကမ္ဘာ့နိုင်ငံများ၏ သတင်းလွတ်လပ်ခွင့်ဆိုင်ရာ အခြေအနေနှင့် ကိုဗစ် ကပ်ရောဂါ အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် ဘူတန်နိုင်ငံအား ကမ္ဘာ့သတင်းမီဒီယာကောင်စီအဖွဲ့ဝင်အဖြစ် လက်ခံခဲ့ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကိုလည်း WAPC တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ရန် ဖိတ်ကြားခဲ့သည်။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် လက်ရှိတွင် အာဆီယံ သတင်းမီဒီယာကောင်စီကွန်ရက် (SEAPC-NET) တွင် ပါဝင်လျက်ရှိပြီး နီပေါနိုင်ငံသတင်းမီဒီယာကောင်စီ၊ အိန္ဒိယသတင်းမီဒီယာကောင်စီ၊ ထိုင်းသတင်းမီဒီယာကောင်စီနှင့် အင်ဒိုနီးရှားသတင်းမီဒီယာကောင်စီတို့နှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ (MOU)များ လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

**D Min**

# မြန်မာ - အိန္ဒိယ ချစ်ကြည်ရေးစီမံကိန်းဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဆောင်ရွက်သည့်လုပ်ငန်းများကို စစ်ဆေး

**လေရှီး နိုဝင်ဘာ ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် မြန်မာ – အိန္ဒိယ ချစ်ကြည်ရေးစီမံကိန်းဖြင့် အိန္ဒိယနိုင်ငံ စတုတ္ထအကြိမ်အထောက်အပံ့ရန်ပုံငွေကျပ် ၁၇၅ ဒသမ ၃၃၅ သန်းဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ကူကီးရွာမကျေးရွာ အထကကျောင်း (၉၀ x ၃၀) ပေ အာစီနှစ်ထပ်ကျောင်းဆောင် (ရေ/မီး/မိလ္လာ) အပါအဝင် တည်ဆောက်ခြင်းလုပ်ငန်းများကို မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးခင်မောင်လင်းနှင့်တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုကို သွားရောက်စစ်ဆေးသည်။

လေရှီးမြို့နယ်အတွင်း အထကကျောင်း (၉၀ x ၃၀ ) ပေ အာစီနှစ်ထပ်ကျောင်းဆောင်(ရေ/မီး /မိလ္လာ) အပါအဝင် တည်ဆောက်ပေးခြင်းဖြင့် အနီးအနားရှိ ကျေးရွာပေါင်းခုနစ်ရွာတွင် နေထိုင်ကြသော ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ပညာရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းနှင့် လက်ရှိပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူပေါင်း ၃၃၅ ဦး အဆင်ပြေစွာ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မွေးကြူဇင်**

# ချင်းပြည်နယ်အတွင်း ဝေးလံခေါင်ဖျားသော ကျေးရွာများရှိ အခြေခံပညာစာသင်ကျောင်းများသို့ ကွန်ပျူတာ၊ ကာလာပရင်တာ၊ မီးစက်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချင်းပြည်နယ်အတွင်း ဝေးလံခေါင်ဖျားသော ကျေးရွာများရှိ အခြေခံပညာကျောင်းသို့ ကွန်ပျူတာ၊ ကာလာပရင်တာ၊ မီးစက်များနှင့် ဆက်စပ်ပစ္စည်းများကို ယနေ့တွင် လွှဲပြောင်းပေးအပ်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ချင်းပြည်နယ် မြို့နယ်ကိုးမြို့နယ်ရှိ ဝေးလံခေါင်ဖျားသော ကျေးရွာများရှိ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းခွဲနှင့် အခြေခံပညာအလယ်တန်းကျောင်း/ကျောင်းခွဲ ၁၅ ကျောင်းသို့ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း ၁၅ စုံ၊ ကာလာပရင်တာ ၁၅ လုံး၊ မီးစက် ၁၅ လုံးတို့ကို ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဟားခါး)မှ ညွှန်ကြားရေးမှူး ဦးစိုးမင်းအုန်းက ချင်းပြည်နယ်ရှိ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများထံသို့ ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး) ၌ လွှဲပြောင်းပေးအပ်သည်။ **(အောက်ပုံ)**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဝေးလံခေါင်ဖျားသောကျေးရွာများရှိ အခြေခံပညာ စာသင်ကျောင်းများသို့ ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ပေတံ၊ ရွှေသွေးဂျာနယ်များ ထောက်ပံ့ပေးအပ်လျက်ရှိပြီး ယခုအခါ ကွန်ပျူတာ၊ ကာလာပရင်တာ၊ မီးစက်များကို ထပ်မံထောက်ပံ့ပေးခြင်းကြောင့် ဝေးလံခေါင်ဖျားသောကျေးရွာများရှိ အခြေခံပညာ စာသင်ကျောင်းများတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဂျိုင်းလော(သတင်းစဉ်)**



## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် နိုဝင်ဘာ ၁**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

**သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာ သတင်းစာဆရာများအပေါ် ကျူးလွန်သော ပြစ်မှုများအတွက် ပြစ်ဒဏ်မခံရဘဲ ကင်းလွတ်ခွင့်ရနေမှုများ အဆုံးသတ်ရေးနေ့တွင် ပေးပို့သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ

နယူးယောက်မြို့၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂ ရက်

ယခုနှစ်၏ အပြည်ပြည်ဆိုင်ရာ သတင်းစာဆရာများအပေါ် ကျူးလွန်သော ပြစ်မှုများအတွက် ပြစ်ဒဏ်မခံရဘဲ ကင်းလွတ်ခွင့်ရနေမှုများ အဆုံးသတ်ရေးနေ့တွင် မီဒီယာများအပါအဝင် တစ်ကမ္ဘာလုံးသည် COVID-19 ဟူသည့် မည်သည့်အခါကမျှ ကြုံတွေ့ခဲ့ဖူးခြင်းမရှိသော စိန်ခေါ်မှုအသစ်တစ်ခုကို ရင်ဆိုင်နေကြရပါသည်။

သတင်းစာဆရာများနှင့် မီဒီယာသမားများအပေါ် ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုများ မြင့်တက်လာချိန်တွင် ကမ္ဘာ့ကပ်ရောဂါကြီးက ၎င်းတို့အတွက် ကြီးမားသော ဘေးအန္တရာယ်အသစ်များကို ထပ်မံပေါ်ပေါက်လာစေပါသည်။ ၂၀၂၀ ပြည့်နှစ်၏ ပထမနှစ်ဝက်အတွင်းမှာပင် ဆန္ဒထုတ်ဖော်မှုများကို သတင်းယူနေသော သတင်းစာဆရာများအား တိုက်ခိုက်မှုများ အနည်းဆုံး ၂၁ ခု ရှိခဲ့ရာ ယင်းသည် ၂၀၁၇ ခုနှစ် တစ်နှစ်လုံးတွင် ဖြစ်ပေါ်ခဲ့သည့် အရေအတွက်နှင့် တူညီနေပါသည်။ ထို့အပြင် သတင်းစာဆရာများသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရာတွင် တရားစွဲဆိုခြင်း၊ ဖမ်းဆီးခြင်း၊ ထောင်ချခြင်းပြုရန် ခြိမ်းခြောက်မှုများ၊ သတင်းသမားများကို သတင်းယူခွင့်ပြုရန် ငြင်းဆန်မှုများနှင့် ၎င်းတို့အပေါ် ကျူးလွန်သော ပြစ်မှုများကို စုံစမ်းစစ်ဆေး၍ တရားစွဲဆိုရန် ပျက်ကွက်မှုများကဲ့သို့သော ကန့်သတ်ချက်များ၊ အခက်အခဲများကိုလည်း ကြုံတွေ့နေကြရပါသည်။

သတင်းစာဆရာများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ခံရမှုများသည် လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်လုံးကိုလည်း နစ်နာဆုံးရှုံးစေမည်ဖြစ်ပါသည်။ သတင်းစာဆရာများကို ကျွန်ုပ်တို့ ကာကွယ်စောင့်ရှောက်ပေးနိုင်ခြင်းမရှိလျှင် ကျွန်ုပ်တို့၏ သတင်းအချက်အလက်များကို အဆက်မပြတ် လက်လှမ်းမီရရှိနိုင်စွမ်း၊ သက်သေအထောက်အထားအခြေခံသော ဆုံးဖြတ်ချက်များ ချမှတ်နိုင်စွမ်းတို့အပေါ် ကြီးမားစွာထိခိုက်မည်ဖြစ်သည်။ သတင်းစာဆရာများသည် ၎င်းတို့၏ အလုပ်ကို ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ဆောင်နိုင်ခြင်းမရှိလျှင် ကျွန်ုပ်တို့သည် အွန်လိုင်းတွင် ပျံ့နှံ့နေသော မဟုတ်မမှန်သတင်းနှင့် လုပ်ကြံသတင်းကပ်ရောဂါကြီးမှ ကင်းဝေးအောင် ခုခံကာကွယ်ပေးမည့် အရေးကြီးသည့် အကာအကွယ်တစ်ခုကို ဆုံးရှုံးကြရမည်ဖြစ်ပါသည်။

အချက်အလက်မှန်ပေါ်အခြေခံသော သတင်းများနှင့် စိစစ်လေ့လာမှုတို့ ရရှိနိုင်ရေးသည် "ကြောက်ရွံ့မှုနှင့် ဘက်လိုက်မှုကင်းသော သတင်းအတတ်ပညာ" ဟူသည့်မူကို မြဲမြံစွာ စွဲကိုင်လျက် သီးခြားလွတ်လပ်သည့် သတင်းပေးပို့အစီရင်ခံမှုများကို ဆောင်ရွက်နေကြသော သတင်းစာဆရာများအား ကာကွယ်စောင့်ရှောက်ပေးမှုနှင့် ၎င်းတို့၏ဘေးကင်းလုံခြုံမှုတို့ပေါ်တွင် မူတည်နေပါသည်။

ကမ္ဘာကြီးသည် COVID-19 ကမ္ဘာ့ကပ်ရောဂါကြီးကို တွန်းလှန်တိုက်ဖျက်နေချိန်တွင် ငြိမ်းချမ်းရေး၊ တရားမျှတမှု၊ စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့အခွင့်အရေးတို့အတွက် မရှိမဖြစ် အရေးပါသည့် သတင်းလွတ်လပ်ခွင့် ရရှိရေးအတွက်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် ထပ်လောင်း တိုက်တွန်းလိုက်ရပါသည်။

**Source: United Nations Information Centre, Yangon.**

## သံဖြူဇရပ်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် မွန်းတည့် ၁၂ နာရီတွင် သံဖြူဇရပ်မြို့နယ် စခမ်းကြီးကျေးရွာအုပ်စု မရှိခဏကျေးရွာ သံဖြူဇရပ် - ရေးသွားကားလမ်းတွင် စောမိုးမင်းဝင်း မောင်းနှင်လာသော Honda Fit အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၁၁၁၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၂၀၀၊ မြန်မာငွေကျပ် ၅၀၀၀၀ တို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့နံနက်ပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ် မြို့နယ် မယ်လိတ်ပါကော် - ဝမ်ဆောက်ခုံကျေးရွာသွားလမ်းတွင် D-MAX Double Cab အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် ပူးပေါင်းအဖွဲ့မှ လိုက်လံ ဖမ်းဆီးရာ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်အားရပ်တန့်ကာ ယာဉ်ပေါ်မှ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာ ထွက်ပြေးသွားသောကြောင့် အဆိုပါ မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၂၁၄၂၀ တန်ဖိုးရှိ ကတ်တမင်း ၂၅၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## အာရှ ဖူဆယ်ကလပ်ပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဇူလိုင်တွင် ပြန်လည်ကျင်းပရန် စီစဉ်

**ရန်ကုန် နိုဝင်ဘာ ၁**

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အာရှဖူဆယ်ကလပ်ပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဇူလိုင်တွင် ပြန်လည်ကျင်းပရန် စီစဉ်ထားသည်။

ယင်းပြိုင်ပွဲကို ယခုနှစ်အတွင်း နှစ်ကြိမ်တိုင် ရွှေ့ဆိုင်းခဲ့ရသလို ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပရန်မဖြစ်နိုင်သဖြင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဇူလိုင် ၁၄ ရက်မှ ၂၅ ရက်အထိ ကျင်းပရန် စီစဉ်ထားပြီး မြန်မာကလပ်အဖြစ် VUC အသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည်။ ယင်းပြိုင်ပွဲကို အာရှဒေသတွင်းမှ ကလပ်အသင်း ၁၆ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး လိဂ်ချန်ပီယံအသင်းများဖြင့် ကျင်းပခြင်းဖြစ်သည်။ ၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် MIU အသင်း ဗိုလ်စွဲခဲ့သော်လည်း အာဆီယံပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့သဖြင့် ဒုတိယရသည့် VUC အသင်းက အာရှဖူဆယ်ကလပ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ VUC အသင်းသည် ၂၀၁၈ နှင့် ၂၀၁၉ ပြိုင်ပွဲတို့တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ဖူးပြီး သုံးကြိမ်ဆက်တိုက် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

မြန်မာဖူဆယ်ကလပ်အသင်းများသည်အာရှ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် ၂၀၁၈ ခုနှစ်မှစ၍ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ယင်းပြိုင်ပွဲကိုမူ ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့သည်။ ကျင်းပပြီးစီးထားသည့် ၁၀ ကြိမ်တွင် ဂျပန်၊ အီရန်နှင့် ထိုင်းကလပ်အသင်းများက ဗိုလ်စွဲထားကြောင်း သိရသည်။

**ညီမြတ်သော်တာ**



## ကြည့်မြင်တိုင်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၁**

ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် တော်ဝင်လမ်းအတွင်း၌ နိုဝင်ဘာ ၁ ရက် ည ၈ နာရီခန့်က မီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာမီးလောင်သည့်အိမ်၏ ခြေရင်းခန်းတွင်နေထိုင်သူ ဦးစိုးနေလင်း၏ မီးဖိုခန်းရှိ ရေခဲသေတ္တာပေါ်တွင် ဖယောင်းတိုင်တင်ထွန်းရာမှ ပြုတ်ကျ၍ မီးလောင်ရခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့ဝင်တစ်ဦး၏ ပြောပြမှုအရ သိရသည်။ ထို့အပြင်မီးလောင်ချိန်၌အခန်းပိုင်ရှင်မှာ အိမ်ခန်းတွင်ရှိမနေကြောင်း သိရပြီး မီးစတင်လောင်ချိန်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က မီးသတ်ဆေးဘူးများဖြင့် ကနဦးငြိမ်းသတ်ခဲ့သော်လည်း မီးတောက်များ ပိုမိုများလာသည့်အတွက်မြို့နယ် မီးငြိမ်းသတ်ရေးယာဉ်များအပါအဝင် Level 1 အဆင့် မီးငြိမ်းသတ်ရေးယာဉ် ၁၀ စီးတို့ လာရောက်ငြိမ်းသတ်ပေးခဲ့ကြသည်။ လောင်အားကောင်းခဲ့သောမီးကို ည ၈ နာရီ ၁၅ မိနစ်ခန့်တွင် ထိန်းပေးနိုင်ခဲ့သည်။ မီးလောင်မှုကြောင့် မူလလောင်သည့် အိမ်အပေါ်ထပ်အောက်ထပ်မီးလောင်ကျွမ်းခံခဲ့ရပြီး ခြေရင်းအပေါ်ထပ်တစ်ထပ် မီးသင့်ခံခဲ့ရသည်။

မီးလောင်မှုကြောင့် အခန်းပိုင်ရှင်ဖြစ်သူ ဦးစိုးနေလင်းအား မြို့နယ်ရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုကြီးတင်**

## ပရီမီယာလိဂ် ပွဲစဉ်(၇) ဆောက်သမ်တန်တို့ အဝေးကွင်းတွင် အက်စ်တွန်ဗီလာကို အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၇) နိုဝင်ဘာ ၁ရက် ပွဲစဉ်များမှ အက်စ်တွန်ဗီလာနှင့် ဆောက်သမ်တန်တို့ပွဲတွင် လေးဂိုး-သုံးဂိုးဖြင့် ဆောက်သမ်တန်အသင်း အဝေးကွင်းနိုင်ပွဲရ ခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်အက်စ်တွန်ဗီလာအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် ဆောက်သမ်တန်အသင်းသည် ၄-၄-၂ ပုံစံဖြင့် ပွဲထွက်လာ သည်။ ပထမပိုင်း ပွဲချိန် မိနစ် ၂၀တွင် ဗက်စ်တာဂတ်က ဆောက်သမ်တန်အတွက် ဦးဆောင်ဂိုး သွင်းယူခဲ့ပြီး ၃၃မိနစ်တွင် ဂျိမ်းစ်ဝက်ဒ်ပရောက်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ၄၅မိနစ်တွင် ဂျိမ်းစ်ဝက်ဒ်ပရောက်က ဆောက်သမ်တန်အတွက် တတိယမြောက်ဂိုးထပ်မံ သွင်းယူကာပွဲကို သုံးဂိုးပြတ်ဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၅၈ မိနစ်တွင် ဒန်နီအင့်စ်က ဆောက်သမ်တန်အတွက် စတုတ္ထမြောက်ဂိုးသွင်းယူပေးခဲ့သည်။ အိမ်ရှင်အက်စ်တွန်ဗီလာအသင်း ချေပဂိုးရရှိရန် ရုန်းကန်ခဲ့ရကာ ပွဲချိန် ၆၂ မိနစ်တွင် တိုက်ရွန်မင့်စ်၊ သာမန်ပွဲကစားချိန်မိနစ်ကိုးဆယ်ပြည့်ပြီး နာကျင်အချိန်ပို သုံးမိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် အိုလီဝက်ကင်စ်နှင့် နာကျင်ခုနစ်မိနစ်တွင် ဂျက်ဂရီးလစ်ရှ်တို့က ဗီလာအတွက် ချေပဂိုးသုံးဂိုးသာသွင်းယူပေးနိုင်ခဲ့သည်။ ပွဲပြီးချိန်တွင် ဆောက်သမ်တန်အသင်း လေးဂိုး-သုံးဂိုးဖြင့် အဝေးကွင်းနိုင်ပွဲရခဲ့သည်။ ယနေ့ပွဲသည် အပြန် အလှန်သွင်းဂိုးများဖြင့် ပရိသတ်ကို အကောင်းဆုံးဖျော်ဖြေ နိုင်သည့်ပွဲဖြစ်ခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှုမှာ အိမ်ရှင်အသင်းက အနည်းငယ်အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့်မှာ ၁၉ ကြိမ် ထိရရှိကာ ၁၀ ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ဆောက်သမ်တန်အသင်းသည် ကိုးကြိမ်ကန်သွင်းခွင့်ရခဲ့ပြီး လေးကြိမ်ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့ရာ ဂိုးအဖြစ်ပြောင်းလဲ နိုင်ခဲ့သည်။ ဆောက်သမ်တန်အသင်းသည် ယနေ့ပွဲအနိုင်ရရှိသည့်အတွက် ရမှတ် ၁၃ မှတ်ရရှိခဲ့ပြီး အက်စ်တွန်ဗီလာက ၁၂မှတ်ရရှိထားသည်။

ပရီမီယာလိဂ် အခြားပွဲစဉ်တစ်ပွဲဖြစ်သော နယူးကာဆယ်နှင့် အဲဗာတန်ပွဲတွင် အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် နယူးကာဆယ်အသင်းက အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် ဒုတိယပိုင်းပွဲချိန် ၅၆ မိနစ်၌ ပယ်နယ်တီအခွင့်အရေးမှ ဝီလ်ဆန်က နယူးကာဆယ်အတွက် ဦးဆောင်ဂိုးသွင်းယူ ခဲ့ပြီး ၈၅ မိနစ်တွင် ဝီလ်ဆန်က ဒုတိယဂိုးထပ်မံသွင်းယူပေးခဲ့သည်။ အဲဗာတန်အတွက် တစ်လုံးတည်းသော ချေပဂိုး ကို နာကျင်အချိန်ပို နှစ်မိနစ်တွင် လီဝင်က သွင်းယူခဲ့သည်။ ပွဲစဉ်(၇) ယှဉ်ပြိုင်အပြီးတွင် အဲဗာတန်က ရမှတ် ၁၃ မှတ်ရရှိထားပြီး နယူးကာဆယ်က ယနေ့ပွဲအနိုင်ရရှိသည့် အတွက် ၁၁မှတ်ရရှိခဲ့သည်။ ပရီမီယာလိဂ်ပွဲစဉ် (၇) မှ တနင်္ဂနွေနေ့ နံနက်တွင် ယှဉ်ပြိုင်ခဲ့သည့် လက်ရှိချန်ပီယံ လီဗာပူးနှင့် ဝက်စ်ဟမ်းပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် လီဗာပူး အသင်းအနိုင်ရရှိခဲ့သည်။ လီဗာပူးသည် ရမှတ် ၁၆မှတ် ဖြင့် ဇယားထိပ်တွင်ဦးဆောင်နေပြီး ဝက်စ်ဟမ်းအသင်းက ရမှတ် ရှစ်မှတ်သာရရှိထားသည်။

**သီဟ**

◆ *ကျောဖုံးမှ*

အစ္စကိုသည် ၂၀၁၃ ခုနှစ်တွင် မာလာဂါအသင်းမှ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိပြီးနောက် ၂၀၁၃-၁၄ ခုနှစ်နှင့် ၂၀၁၄-၁၅ ခုနှစ်တို့တွင် ပြိုင်ပွဲအရပ်ရပ် ၅၃ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်သည်။ ထို့အပြင် ရီးရဲမက်ဒရစ်အသင်းအတွက် ပြိုင်ပွဲစုံ ၃၁၂ ပွဲပါဝင်ကစားထားပြီး ၅၁ ဂိုးသွင်းယူပေးထားနိုင်သူလည်းဖြစ်သည်။ ၎င်းသည် ရီးရဲမက်ဒရစ်အသင်းနှင့်အတူ အောင်မြင်မှုသရဖူဆောင်းထားနိုင်သူတစ်ဦးဖြစ်ပြီး လာလီဂါဖလားကို ၂၀၁၆-၁၇ ခုနှစ် နှင့် ၂၀၁၉-၂၀ ပြည့်နှစ်တို့တွင် ဆွတ်ခူးထားနိုင်သူဖြစ်ကာ ယူအီးအက်ဖ်အေချန်ပီယံလိဂ်ဖလားကိုလည်း ၂၀၁၃-၁၄ ခုနှစ်၊ ၂၀၁၅-၁၆ ခုနှစ်၊ ၂၀၁၆-၁၇ ခုနှစ်နှင့် ၂၀၁၇-၁၈ ခုနှစ်တို့တွင် ဆွတ်ခူးရရှိထားသူဖြစ်သည်။ ထို့အပြင် ကိုပါဒယ်ရေးဖလား၊ ယူအီးအက်ဖ်အေ စူပါဖလား၊ ဖီဖာကလပ်ကမ္ဘာ့ဖလားစသည့်များကိုလည်း ရီးရဲမက်ဒရစ်အသင်းနှင့်အတူ ဆွတ်ခူးရရှိထားသူဖြစ်သည်။

အစ္စကိုသည် အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရရှိပါက လာမည့်နွေရာသီတွင် ယှဉ်ပြိုင်ကစားမည့် ယူရိုပြိုင်ပွဲနှင့် ၂၀၂၂ ခုနှစ်တွင် ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် စပိန်နည်းပြ လူးဝစ်အင်းနရစ်၏ ကစားသမားစာရင်းတွင် ပါဝင်ခွင့်ရရန် မသေချာသည့် အခြေအနေတွင်ရှိနေသည့်အတွက် ယခုလို အသင်းပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်နေခြင်း ဖြစ်ကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။ လက်ရှိ အန်ဆယ်လော့တီ၏ အဲဗာတန်အသင်းသည် ပရီမီယာလိဂ်၌ ခြောက်ပွဲကစားပြီးချိန်တွင် ရမှတ် ၁၃ မှတ်အထိ စုဆောင်းထားနိုင်သည့် အသင်းဖြစ်သည်။ ထို့အပြင် ရီးရဲမက်ဒရစ်အသင်းမှ ပြောင်းရွှေ့ရောက်ရှိလာသည့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် အဲဗာတန်အသင်းတွင် ခြေစွမ်းပြသကာ ဂိုးများသွင်းယူထားနိုင်သည့် ကစားသမားဖြစ်သည်။ ထို့ကြောင့် အစ္စကိုအနေဖြင့်လည်း အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကာ အသင်းအတွက် မည်မျှအထိအထောက်အပံ့ပေးနိုင်မလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# ဩစတြီးယားနိုင်ငံတွင် ဒုတိယအကြိမ် အသွားအလာပိတ်ဆို့ကန့်သတ်မှု ပြုလုပ်

**ဗီယင်နာ နိုဝင်ဘာ ၁**

ဩစတြီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တိုးလာသည်ကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဒုတိယအကြိမ်မြောက်အဖြစ် တစ်နိုင်ငံလုံးအနှံ့ တင်းကျပ်သည့် အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ပြုလုပ်ကြောင်း ကြေညာလိုက်သည်။

နိုဝင်ဘာ ၃ ရက်မှစတင်ကာ လကုန်ပိုင်းအထိ ဒုတိယအကြိမ် အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ပြုလုပ်လိုက်ကြောင်း အောက်တိုဘာ ၃၁ ရက် ညပိုင်းတွင် ဝန်ကြီးချုပ် ဆီဘတ်စတီန်းကာ့ဇ်က ကြေညာခဲ့သည်။ စားသောက်ဖွယ်ရာများ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးခြင်းနှင့် ပါဆယ်ထုပ်ခြင်းမှလွဲ၍ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များနှင့် ဘားများကို ပိတ်ထားရမည်ဖြစ်သည်။ စီးပွားရေးအတွက် သွားလာတည်းခိုမှုမှလွဲ၍ ဟိုတယ်များကိုလည်း ပိတ်ထားမည်ဖြစ်ကာ အခြားသော ဖျော်ဖြေမှုဆိုင်ရာ ပျော်ပွဲရွှင်ပွဲများကိုလည်း ပိတ်ထားမည်ဖြစ်သည်။ ည ၈ နာရီမှ နံနက် ၆ နာရီအထိ နေအိမ်၌သာနေရန် ပြည်သူများကို တိုက်တွန်းထားပြီး ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်းနှင့် အလုပ်သွားရန်တို့အတွက်သာ နေအိမ်မှ ထွက်ခွာကြရန် တိုက်တွန်းထားသည်။

အစိုးရ၏ ကန့်သတ်ပိတ်ဆို့မှုကြောင့် ထိခိုက်ရသည့် လုပ်ငန်းများအတွက် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက ရောင်းအား၏ ၈၀ ရာခိုင်နှုန်းကို အစိုးရမှ နစ်နာကြေးအဖြစ် ပေးအပ်သွားမည်ဖြစ်သည်။ ဥရောပအလယ်ပိုင်းဒေသများတွင် မတ်လ၌ ပထမဆုံးအကြိမ်အဖြစ် အသွားအလာပိတ်ဆို့မှုပြုလုပ်ခဲ့သည်။ ယခုအခါတွင်လည်း ကူးစက်မှုတစ်ကျော့ပြန်များပြားလာပြီး အောက်တိုဘာ ၃၁ ရက် တစ်ရက်တည်းတွင်ပင် ကူးစက်ခံရသူ ၅၃၀၀ ကျော်လွန်ခဲ့သည်။

အကယ်၍ ကူးစက်မှုနှုန်းသာ ယခုအခြေအနေအတိုင်း ဆက်လက်ပျံ့နှံ့နေပါက နိုဝင်ဘာလလယ်ပိုင်းတွင် ဆေးရုံရှိ အထူးကြပ်မတ်ကုသဆောင်တွင် လူနာများနှင့်ပြည့်နှက်သွားမည်ဟု အစိုးရက ပြောသည်။

**အင်န်အိတ်ချ်ကေ**



ဩစတြီးယား ဝန်ကြီးချုပ် ဆီဘတ်စတီန်းကာ့ဇ်။

# အာဖရိကတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူ အရေအတွက် ၁ ဒသမ ၇၇ သန်းကျော်လွန်

**အာဒစ်အဘာဘာ နိုဝင်ဘာ ၁**

အာဖရိကတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူ အရေအတွက် စုစုပေါင်း ၁၇၇၃၃၅၁ ဦး အထိ ရှိလာပြီ ဖြစ်ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးဌာနက အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားသည်။

အာဖရိက ဒေသတစ်ခုလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူအရေအတွက် စုစုပေါင်းမှာ ၄၂၆၃၀ အထိ ရှိနေပြီဖြစ်ကြောင်း အောက်တိုဘာ ၃၁ ရက် ညနေပိုင်းတွင် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေးဌာနက ဖော်ပြသည်။ ထို့ပြင် ရောဂါပျောက်ကင်းသွားသူအရေအတွက်စုစုပေါင်း ၁၄၄၉၂၁၆ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု အဆိုးဆုံးနှင့် အရေအတွက် အများဆုံးနိုင်ငံများမှာ တောင်အာဖရိက၊ မော်ရိုကို၊ အီဂျစ်၊ အီသီယိုးပီးယားနှင့် နိုင်ဂျီးရီးယားနိုင်ငံများဖြစ်သည်။

အာဖရိကတောင်ပိုင်းတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း ဒုတိယအများဆုံးဖြစ်ပြီး လက်ရှိတွင် ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် စုစုပေါင်း ၇၂၃၆၂၈ ဦးအထိ ရှိကြောင်း သိရသည်။

သေဆုံးမှုနှုန်းမှာလည်း အာဖရိကနိုင်ငံများထဲတွင် အမြင့်ဆုံးဖြစ်ပြီး သေဆုံးသူအရေအတွက် စုစုပေါင်း ၁၉၂၃၀ ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်း ဆောင်ရွက်ပေးစဉ်။

# ဘွဲ့နှင်းသဘင်အခမ်းအနား၌ ထိုင်းကျောင်းသားများ ဆန္ဒပြ

**ဘန်ကောက် နိုဝင်ဘာ ၁**

ထိုင်းနိုင်ငံရှိ တက္ကသိုလ်အချို့မှ ကျောင်းသားများသည် ထိုင်းဘုရင် မဟာဗဇီရာလောင်ကွန်း တက်ရောက်သည့် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဆန္ဒပြပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။ ဘန်ကောက်ရှိ သမားဆက်တက္ကသိုလ်သည် နိုင်ငံရေးသမားများနှင့် တရားရေးကျွမ်းကျင်သူများကို မွေးထုတ်ပေးရာတွင် အစဉ်အလာကြီးမားသည့်တက္ကသိုလ်တစ်ခု ဖြစ်သည်။ သို့သော်လည်း နိုင်ငံရေးတက်ကြွလှုပ်ရှားမှုများအတွက်လည်း ကျော်ကြားသည်။

ဘုရင်စနစ်ပြုပြင်ပြောင်းလဲရေးနှင့် ဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာ နုတ်ထွက်ပေးရေးအတွက် တောင်းဆိုသည့်ဆန္ဒပြပွဲတွင် စုစည်းညီညွတ်မှု၏ အခန်းကဏ္ဍကို အရေးကြီးသည်ဟု ကျောင်းသားများက ယူဆထားသည်။ အောက်တိုဘာ ၃၁ ရက်တွင် ထိုင်းဘုရင်က ကျောင်းပရိဝုဏ်အတွင်းသို့ မလာရောက်မီ ငါးနာရီကြာ ကျောင်းသားများ ဆန္ဒပြခဲ့ကြသည်။ ကျောင်းသားအချို့သည် QR ကုတ်ပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြပြီး အဆိုပါ လက်ကမ်းစာဆောင်မှ QR ကုတ်အသုံးပြု၍ ဘုရင်စနစ်ကို ဝေဖန်ထားသည့် ဗီဒီယိုကို ကြည့်ရှုခွင့်ရမည်ဖြစ်သည်။

တော်ဝင်မိသားစုဘက်မှ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် ကျောင်းသားများ၏ ငြိမ်းချမ်းစွာတောင်းဆိုချက်ကို နားထောင်ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း ဘွဲ့ရကျောင်းသားတစ်ဦးက ပြောသည်။ ထိုင်းနိုင်ငံတွင် ဒီမိုကရေစီလိုလားသော ဆန္ဒပြပွဲများ ဖြစ်ပေါ်နေသည်မှာ သီတင်းပတ်အတော်ကြာရှိနေပြီဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့အဆင့် (၂) တင်းနစ်မယ် စီမွန်နာဟဲလက်ပ် ကိုဗစ် -၁၉ ကူးစက်ခံရ

**ဘူခါရက် နိုဝင်ဘာ ၁**

လက်ရှိကမ္ဘာ့အဆင့် (၂) ရှိမေးနီးယား တင်းနစ်ကစားသမားမယ် စီမွန်နာဟဲလက်ပ်တွင် ကိုဗစ် -၁၉ ရောဂါ ကူးစက်ခံထားရကြောင်း အောက်တိုဘာ ၃၁ ရက်က ကြေညာခဲ့သည်။

ကိုဗစ် -၁၉ ရောဂါကူးစက်ခံရပြီး နေအိမ်၌ပင် သီးခြားခွဲနေထိုင်လျက်ရှိကာ အပျော့စားရောဂါလက္ခဏာများ သာခံစားရကြောင်းနှင့် ပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်း၊ ဟဲလက်ပ်က ၎င်း၏ လူမှုကွန်ရက်မီဒီယာအကောင့်မှတစ်ဆင့် ပြောကြားခဲ့သည်။ ဟဲလက်ပ်သည် ၎င်း၏ နောက်ဆုံးပွဲကို အောက်တိုဘာ ၄ ရက်က ယှဉ်ပြိုင်ခဲ့သည်။

အသက် ၂၉ နှစ်အရွယ် ရိုမေးနီးယားတင်းနစ်အားကစားမယ်သည် ၂၀၁၈ ပြည့်နှစ်တွင် ဆုတံဆိပ်သုံးဆု ရရှိခဲ့ပြီး ဩစတြေးလျ အိုးပင်းပြိုင်ပွဲတွင်လည်း အကြိုဗိုလ်လုပွဲအထိ ရောက်ရှိခဲ့သည်။

**ဆင်ဟွာ**

# တူရကီ၌ ငလျင်ကြောင့် ပြိုကျအဆောက်အအုံများအောက် ပိတ်မိနေသူများကို ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**အင်ကာရာ နိုဝင်ဘာ ၁**

တူရကီနှင့် ဂရိနိုင်ငံအကြား အေဂျင်းပင်လယ်ထဲတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းငလျင်နှင့် ဆူနာမီလှိုင်းဖြစ်ပွားမှုကြောင့် အဆိုပါနိုင်ငံများရှိ လူ ၂၆ ဦးအထိ သေဆုံးခဲ့ပြီးနောက် ပြိုကျပျက်စီးနေသည့် အဆောက်အအုံများအောက်တွင် ပိတ်မိနေသူများကိုညလုံးပေါက်ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ပြင်းအား ၇ ဒသမ ၀ ရစ်ချ်တာစကေး ရှိသည့် အင်အားပြင်း ငလျင်တစ်ခု အောက်တိုဘာ ၃၁ ရက် ညနေပိုင်းက လှုပ်သွားခဲ့ရာ ပြင်းထန်သည့်တုန်ခါမှုများ ဖြစ်ပေါ်ခဲ့ပြီး ငလျင်ကြောင့် ဆူနာမီလှိုင်းများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ငလျင်ကြောင့် ဖြစ်ပွားသည့် နောက်ဆက်တွဲ ထိခိုက်ပျက်စီးမှုများရှိခဲ့ကာ တူရကီနှင့် ဂရိနိုင်ငံတို့မှ လူပေါင်း ၈၁၂ ဦးအထိ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ဖော်ပြသည်။

ငလျင်ကြောင့် ဆိုးဆိုးရွားရွားထိခိုက်မှုဖြစ်ခဲ့သည့် တူရကီနိုင်ငံ အနောက်ပိုင်း အစ်ဇမာပြည်နယ်သို့ ကယ်ဆယ်ရေးအဖွဲ့ဝင် ၄၀၀၀ ရောက်ရှိခဲ့ပြီး အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ကယ်ဆယ်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းခဲ့ရာ ယခုအခါလူ ၇၀ အထိ ကယ်ဆယ်နိုင်ခဲ့ကြောင်းသိရသည်။ အစိုးရက ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ခဲ့သည့် အဆောက်အအုံများ ပြိုကျနိုင်သည့်အတွက် အဆိုပါ အဆောက်အအုံများအောက် သွားရောက်ခြင်းမပြုရန် ပြည်သူများအား သတိပေးနှိုးဆော်ထားသည်။ **အင်န်အိတ်ချ်ကေ**



ငလျင်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံ အပျက်အစီးများကြားတွင် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်နေစဉ်။

# အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဂိုနီ ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ရာ လူလေးဦးသေဆုံး

**မနီလာ နိုဝင်ဘာ ၁**

ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းတောင်ပိုင်းကို နိုဝင်ဘာ ၁ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့သော အင်အားပြင်းတိုင်ဖွန်းမုန်တိုင်း ဂိုနီသည် ယခုအခါအားပျော့သွားပြီဖြစ်သော်လည်း မြို့တော်မနီလာတောင်ပိုင်းရှိ ပြည်နယ်များကို ဖြတ်ကျော်စဉ် သတိထားရဦးမည်ဖြစ်ကြောင်း မိုးလေဝသ ဗျူရိုက သတိပေးချက်ထုတ်ပြန်ထားသည်။

မုန်တိုင်းဂိုနီဝင်ရောက်တိုက်ခတ်မှုကြောင့် လူလေးဦး ထက်မနည်းသေဆုံးခဲ့ပြီး လျှပ်စစ်ဓာတ်အားလိုင်းများလည်းပြတ်တောက်ကာ အဆောက်အအုံများလည်းပျက်စီးပြီး ရုတ်တရက်ရေကြီးမှုများဖြစ်ပွားခဲ့သည်။

မိုးလေဝသဗျူရိုက ယခုနှစ်အတွင်း ကမ္ဘာ့အပြင်းထန်ဆုံး မုန်တိုင်းဂိုနီသည် ယခုအခါ အားပျော့သွားပြီဖြစ်ကြောင်းပြောကြားခဲ့သည်။ မုန်တိုင်း ဂိုနီသည် ဖိလစ်ပိုင်နိုင်ငံရှိ ဘီလ်ကောဒေသကို ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူလေးဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အယ်လ်ဖရစ်စစ်ဘီချာရာက ပြောကြားလိုက်သည်။

သေဆုံးသူများအနက် မြစ်ရေလျှံတက်လာစဉ် အသက်ငါးနှစ်အရွယ်ကလေးတစ်ဦး မြစ်ရေနှင့်အတူ မျောပါသွားကြောင်းနှင့် တခြားတစ်ဦးမှာ သစ်ပင်ပိမိ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ သို့သော်လည်း ဘေးဒုက္ခစီမံခန့်ခွဲရေးအေဂျင်စီက အဆိုပါဖော်ပြချက်ကို အတည်မပြုခဲ့ပေ။

သတင်းလိုင်းများနှင့် လူမှုမီဒီယာပေါ်တွင် ဖော်ပြထားသော ဗီဒီယိုများတွင် မြစ်ရေလျှံခြင်း၊ တချို့ တမံများ ပျက်စီးနေခြင်း၊ ဘီလ်ကောဒေသရှိ တချို့ကျေးရွာများ ရေမြုပ်နေသည်ကို တွေ့မြင်ရသည်။

ဘီလ်ချာရာဒေသတွင်လည်း မီးတောင်ရွှံ့ရည်များ စီးကျခြင်း၊ လျှပ်စစ်မီးများပြတ်တောက်ခြင်းနှင့် ဆက်သွယ်ရေးများပြတ်တောက်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဂိုနီတိုက်ခတ်မှုကြောင့် သစ်ပင်များလဲပြိုကျခဲ့သောကြောင့် ကွီဇုန်ပြည်နယ်ရှိ မြို့တော် ၁၀ မြို့တွင်လည်း လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ကြောင်း အုပ်ချုပ်ရေးမှူး ဒါနီလိုဆွာရဇ်က ပြောကြားလိုက်သည်။ လူ ၁၉ သန်းမှ ၃၁ သန်းအထိ တိုင်ဖွန်းဂိုနီဒဏ်ကို ခံစားခဲ့ရကြောင်း၊ မုန်တိုင်း ဒဏ်ခံစားရသူများထဲတွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့သည့်နေရာများနှင့် မြို့တော်မနီလာမှ ဒေသခံများပါဝင်ကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အေဂျင်စီက ပြောသည်။

မုန်တိုင်း ဂိုနီကြောင့် လူပေါင်း ၃၄၇၀၀၀ ခန့် ရွှေ့ပြောင်းနားခိုရာနေရာများတွင်ရောက်ရှိ နားခိုနေကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အကြီးအကဲ ရီကာဒို ဂျလတ်က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက အစိုးရ၏ သဘာဝဘေးအန္တရာယ်တုံ့ပြန်မှုဆောင်ရွက်ချက်များကို ၎င်း၏မွေးရပ်မြေဖြစ်သည့် ဒါဗောင်းမြို့မှ စောင့်ကြည့်ညွှန်ကြားလျက်ရှိကြောင်း သမ္မတအိမ်တော် ပြောရေးဆိုခွင့်ရှိသူ ဟာရီရုဒ်က ပြောကြားသည်။

ကိုဗစ်-၁၉ အန္တရာယ်ကိုလည်း စိုးရိမ်ရသောကြောင့် နားခိုနာနေရာများတွင် လာရောက်ခိုနားသူများကို တစ်ဦးနှင့်တစ်ဦး ခပ်ခွာနေထိုင်ကြရန် ကျန်းမာရေးအရာရှိများကလည်း သတိပေးထားသည်။ ဖိလစ်ပိုင်လေကြောင်း အာဏာပိုင်အဖွဲ့ကလည်း ကြိုတင်သတိပေးချက်ထုတ်ပြန်ထားသည်ဖြစ်ရာ နိုင်ငံတကာနှင့် ပြည်တွင်းလေကြောင်းလိုင်း အတော်များများလည်း ဖျက်သိမ်းလိုက်ရကြောင်း သိရသည်။

ဖိလစ်ပိုင်သမိုင်းတွင် လူပေါင်း ၆၃၀၀ ကျော်သေဆုံးခဲ့သော မုန်တိုင်း ဟိုင်ယန် ၂၀၁၃ ခုနှစ်က တိုက်ခတ်ပြီးနောက်ပိုင်းတွင် မုန်တိုင်း ဂိုနီသည် အပြင်းထန်ဆုံးမုန်တိုင်းတစ်ခုဖြစ်သည်။



နိုဝင်ဘာ ၁ ရက်က တိုင်ဖုန်းမုန်တိုင်း ဂိုနီကြောင့် ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း ဆော်ဆိုဂွန်ပြည်နယ် ကမ်းရိုးတန်းသို့ ရိုက်ခတ်လာသော လှိုင်းလုံးများကိုတွေ့ရစဉ်။

ဂိုနီသည် လွန်ခဲ့သောလက လူပေါင်း ၂၂ ဦးသေဆုံးစေခဲ့သော တိုင်ဖွန်း မိုလေ့ဗ်တိုက်ခတ်ပြီးနောက် ထပ်မံဖြစ်ပွားလာသော မုန်တိုင်းတစ်ခုဖြစ်သည်။

ထို့အပြင် လာမည့်ရက်အနည်းငယ်အတွင်း ဖိလစ်ပိုင်နိုင်ငံရှိ လူဇုန်ဒေသသို့ အပူပိုင်းမုန်တိုင်းတစ်ခု ဖြစ်သည့် အက်ဆာနီ ဝင်ရောက် တိုက်ခတ်ဦးမည်ဖြစ်ကြောင်း မိုးလေဝသ ဗျူရိုက ထပ်မံကြေညာထားသည်။ **စီအင်န်အေ**

# အင်္ဂလန်နိုင်ငံက တစ်နိုင်ငံလုံးဆိုင်ရာ အသွားအလာကန့်သတ်ပိတ်ဆို့မှု ကျင့်သုံး

**လန်ဒန် နိုဝင်ဘာ ၁**

အင်္ဂလန်နိုင်ငံသည် ကိုဗစ်-၁၉ တစ်ကျော့ပြန်လှိုင်း ရိုက်ခတ်မှုကို ထိန်းသိမ်းနိုင်ရန် နောက်ထပ် တစ်နိုင်ငံလုံးဆိုင်ရာ အသွားအလာကန့်သတ်ပိတ်ဆို့မှုကို ချမှတ်လိုက်ပြီဖြစ်ကြောင်း အင်္ဂလန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က အောက်တိုဘာ ၃၁ ရက်တွင် ပြောကြားလိုက်သည်။





ဟော်လိုဝင်းပွဲတော်ရာသီ အောက်တိုဘာ ၃၁ ရက်က လန်ဒန်မြို့ရှိ စားသောက်ဆိုင်နှင့် ဘားများတွင် လူများ စည်ကားနေသည်ကိုတွေ့ရစဉ်။

အသစ်ထပ်မံ ချမှတ်လိုက်သော တစ်နိုင်ငံလုံးဆိုင်ရာ အသွားအလာကန့်သတ်ပိတ်ဆို့မှုသည် ကြာသပတေးမှ ဒီဇင်ဘာ ၂ ရက်နေ့အထိဖြစ်ကြောင်း သိရပြီး အရေးမကြီးသည့် လက်လီ အရောင်းဆိုင်များနှင့် ဝန်ဆောင်မှု လုပ်ငန်းများအားလုံး ပိတ်ရမည်ဖြစ်သည်။ သို့သော်လည်း ကျောင်းများနှင့် တခြားပညာရေးဆိုင်ရာကဏ္ဍများကို ဆက်လက်ဖွင့်ထားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများသည် အလုပ်အကိုင်ကိစ္စ၊ လေ့ကျင့်ခန်းလုပ်ရန်ကိစ္စ၊ တာဝန်ထမ်းဆောင်ရမည့်ကိစ္စ အပါအဝင် သတ်မှတ်ထားသော အကြောင်းပြချက်မှလွဲ၍ အိမ်ပြင်သို့ ထွက်ခွင့်မပြုကြောင်း ဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့ခြင်းကို တားဆီးထိန်းချုပ်ရန် ဒေသဆိုင်ရာကန့်သတ်ချက်များလုပ်ဆောင်မည့် စနစ်ကို ကျင့်သုံးမည့်အစား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသွားအလာကန့်သတ်ပိတ်ဆို့မှုများ လုပ်ဆောင်ရန် သိပ္ပံနည်းကျစဉ်းစားတွေးခေါ်ထားသော အကြံပေးများထံမှ ဖိအားများကို ယခင်က လွန်ဆန်ခဲ့သည်။ နှစ်ဦးပိုင်းတွင် ဖြစ်ပေါ်ခဲ့သော ကိုဗစ်ပထမလှိုင်းထက် ယခုဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ဒုတိယအကျော့က သေဆုံးမှု ပိုမိုများပြားလာသည့်အချက်ကို ကျန်းမာရေး အာဏာပိုင်များက သက်သေပြခဲ့သောကြောင့် ဗိုင်းရပ်စ်ကို တားဆီးရန် ချဉ်းကပ်မှု ပုံစံပြောင်းလဲ လုပ်ဆောင်လိုက်ရခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောသည်။

**ကျိုးဒို**

# တူရကီသမ္မတ၏ပြောရေးဆိုခွင့်ရှိသူနှင့် ပြည်ထဲရေးဝန်ကြီးတို့ ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရ

**အင်ကာရာ နိုဝင်ဘာ ၁**

တူရကီသမ္မတ၏ပြောရေးဆိုခွင့်ရှိသူ အီဘရာဟင်ကာလင်းနှင့် ပြည်ထဲရေးဝန်ကြီး ဆူလေမန် ဆွိုင်လူတို့သည် အောက်တိုဘာ ၃၁ ရက်က ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ကိုဗစ်-၁၉ ကုသမှု နောက်ဆုံးအဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း၊ ရောဂါလက္ခဏာမပြင်းထန်ကြောင်း၊ ယခုပြန်ကောင်းနေပြီဖြစ်ကြောင်း ကာလင်းက ပြောကြားခဲ့သည်။

ဆွိုင်လူနှင့် သူ၏မိသားစုသည် ဆေးရုံတွင် ကုသမှုခံယူနေကြောင်း သိရသည်။ ၎င်းတို့သည် ဆရာဝန်၏အကြံပေးချက်အတိုင်းကုသမှုခံယူလျက်ရှိကြောင်း ၎င်းကပြောသည်။

တူရကီတွင် အောက်တိုဘာ ၃၁ ရက်က ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၂၂၁၃ ဦးရှိပြီး စုစုပေါင်း နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၃၇၅၃၆၇ ဦးအထိ ရှိလာသည်။

ထို့အပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ကြောင့် ၇၅ ဦးသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူဦးရေသည် ၁၀၂၅၂ ဦးအထိရောက်ရှိလာသည်။ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ ၁၅၀၆ ဦးနှင့်အတူ စုစုပေါင်း ပြန်လည်ကောင်းမွန်လာသူ ၃၂၃၉၇၂ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြထားသည်။ **ဆင်ဟွာ**

# အမေရိကန်ရွေးကောက်ပွဲနီးလာသောကြောင့် ထရမ့်နှင့် ဘိုင်ဒင်တို့ လူထုစည်းရုံးမှုများ အင်တိုက်အားတိုက်လုပ်ဆောင်

**ဝါရှင်တန် နိုဝင်ဘာ ၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ၎င်း၏ ဒီမိုကရက်တစ်ပြိုင်ဘက် ဂျိုးဘိုင်ဒင်တို့သည် ရွေးကောက်ပွဲ မစတင်မီ ၎င်းတို့၏ ယှဉ်ပြိုင်မှုပြင်းထန်သည့် အဓိကမဲဆန္ဒနယ်များတွင် မဲဆွယ်စည်းရုံးမှုများလုပ်ဆောင်လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၁ ရက်က ဖော်ပြလိုက်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ပင်ဆယ်ဗေးနီးယား ပြည်နယ်ရှိ နေရာလေးခုတွင် လူထုစည်းရုံး ဟောပြောပွဲများကို အောက်တိုဘာ ၃၁ ရက်က လုပ်ဆောင်ခဲ့သည်။

ဘိုင်ဒင်ကို မဲတစ်ပြားပေးခြင်းက ရေနံထုတ်လုပ်သည်ကို ဆန့်ကျင်သည့် မဲဖြစ်မည်ဖြစ်ပြီး အဆိုပါပြည်နယ်ကို ဆင်းရဲအောင်တွန်းပို့ခြင်းဖြစ်သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်းကိုထောက်ခံနေသူများကို ပြောကြားလိုက်သည်။ ဤနည်းအားဖြင့် ဒေါ်နယ်ထရမ့်သည် ပင်ဆယ်ဗေးနီးယား ပြည်နယ်၏ ရေနံလုပ်ငန်းကို ကာကွယ် အမွှမ်းတင်လိုက်ခြင်းဖြစ်ပြီး ဘိုင်ဒင်၏ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် ထောက်ခံမှုကို တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

တစ်ချိန်တည်းမှာပင် ဘိုင်ဒင်ကလည်း မီချီဂန်ပြည်နယ်တွင် လူထုစည်းရုံး ဟောပြောပွဲများကို ပထမဆုံးအကြိမ်အဖြစ် သမ္မတဟောင်း ဘားရက်အိုဘားမားနှင့် လက်တွဲပြုလုပ်ခဲ့သည်။ မိမိတို့တိုင်းပြည်ကို ချစ်ခင်မြတ်နိုးသူကို ရွေးကောက်တင်မြှောက်ရမည်ဖြစ်ကြောင်းနှင့် မိမိကို ဂရုစိုက်ပြီး တစ်ဦးချင်းအတွက် တိုက်ပွဲဝင်မည့်သူကို ရွေးချယ်ရမည်ဖြစ်ကြောင်း အိုဘားမားက လူထုကြီးကို ပြောကြားလိုက်သည်။

နောင်တက်လာမည့် အမေရိကန်သမ္မတဖြစ်လာမည့်သူ ဘိုင်ဒင်ကို ရည်ညွှန်းပြီး အိုဘားမားက ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။



သမ္မတဟောင်း အိုဘားမားနှင့် ဘိုင်ဒင်တို့ မဲဆွယ်နေသည်ကိုတွေ့ရစဉ်။

ဘိုင်ဒင်ကလည်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကို နိုင်ငံကို ဆွဲဖြဲမည့်သူအဖြစ် ပြောကြားလိုက်ပြီး အမေရိကန် ပြည်သူအပေါင်းအား ဒီမိုကရေစီအတွက် ထောက်ခံကြရန် တိုက်တွန်းလိုက်သည်။ **အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာသတင်းတိုထွာ

### ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက် အတည်ပြုလူနာ ၂၃၉၆ ဦးရှိလာ

**မနီလာ နိုဝင်ဘာ ၁**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံအတည်ပြုလူနာ ၂၃၉၆ ဦးရှိလာမှုနှင့် အတူ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၈၃၁၁၃ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ နိုဝင်ဘာ ၁ ရက်က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက လတ်တလောတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ ၁၇၇၂၇ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၃၄၈၇၆၀ ရှိလာပြီဖြစ်ကြောင်း ဆက်လက်သတင်းထုတ်ပြန် ဖော်ပြသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူအရေအတွက် ၁၇ ဦး ရှိလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ အရေအတွက် ၇၂၃၈ ဦးရှိလာခဲ့ကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက် သတင်းထုတ်ပြန်ဖော်ပြထားသည်။

ဆင်ဟွာ

### တရုတ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက် အတည်ပြုလူနာ ၂၄ ဦးရှိလာ

**ပေကျင်း နိုဝင်ဘာ ၁**

တရုတ်နိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက် အတည်ပြုလူနာ ၂၄ ဦးရှိလာကြောင်း၊ သို့သော်လည်း ထပ်မံသေဆုံးသူမရှိကြောင်းနှင့် သံသယလူနာမရှိကြောင်း တရုတ်နိုင်ငံ အမျိုးသားကျန်းမာရေး ကော်မရှင်က နိုဝင်ဘာ ၁ ရက်တွင် ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက် အတည်ပြုလူနာများမှာ ပြည်ပကူးစက်မှု ၂၁ ဦးနှင့် ပြည်တွင်းကူးစက်မှု သုံးဦးဖြစ်သည်။ ပြည်တွင်းကူးစက်မှု သုံးဦးသည် ရှင်းကျန်းဒေသမှဖြစ်ကြောင်း သိရသည်။ အောက်တိုဘာ ၃၁ ရက်တွင် ရောဂါသက်သာပျောက်ကင်း၍ ဆေးရုံမှ ဆင်းခွင့်ရသူ ၂၀၊ ကျန်းမာရေးစောင့်ကြည့်မှုမှ ဖြေလျှော့ပေးလိုက်သူ ၆၈၈ ဦး ရှိသည်။

တရုတ်နိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း လက်ရှိအတည်ပြုလူနာ ၃၅၉ ဦးနှင့် ရောဂါပြင်းထန်သူ ကိုးဦး ပါဝင်သည်။ သံသယလူနာမရှိကြောင်းသိရပြီး ရောဂါသက်သာပျောက်ကင်းသူ စုစုပေါင်း ၈၁၀၈၄ ဦး၊ သေဆုံးသူစုစုပေါင်း ၄၆၃၄ ဦး စုစုပေါင်း အတည်ပြုလူနာ ၈၅၉၉၇ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

# တစ်ခေတ်ဆန်းခဲ့တဲ့ မင်းသားကြီး ရှောင်ကွန်နရီရဲ့ နောက်ဆုံးခရီး

**ကလျာမိုးမြင့်**

**ဂျိမ်းစ်ဘွန်းလို့ လူသိများကြတဲ့ ကမ္ဘာကျော် ဟောလိဝုဒ်သရုပ်ဆောင်မင်းသားကြီး ရှောင်ကွန်နရီဟာ အသက် ၉၀ မှာ ၎င်းကိုချစ်တဲ့ပရိသတ်တွေနဲ့ မိသားစုဝင်တွေကို ထားရစ်ခဲ့ပြီး ကွယ်လွန်သွားပြီဖြစ်ကြောင်း ၎င်းရဲ့မိသားစုက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။**



စုံထောက်ဂျိမ်းစ်ဘွန်းအဖြစ် ကမ္ဘာကျော်ခဲ့သည့် မင်းသားကြီး ရှောင်ကွန်နရီ

**စုံထောက်မင်းသားကြီး ဂျိမ်းစ်ဘွန်း**

စကော့တလန် နိုင်ငံသားဖြစ်တဲ့ မင်းသားကြီး ရှောင်ကွန်နရီဟာ ၎င်းရဲ့ ဂျိမ်းစ်ဘွန်းဆိုတဲ့ ဇာတ်ကောင်နေရာကို ကျကျနနပုံဖော်နိုင်တဲ့သူအဖြစ် အင်မတန် လူသိများခဲ့ပြီး စုံထောက်ဇာတ်ကောင် အဖြစ်နဲ့ ဂျိမ်းစ်ဘွန်း ရုပ်ရှင်ဇာတ်ကားပေါင်း ခုနစ်ကားအထိ ပါဝင်ရိုက်ကူး သရုပ်ဆောင်ခဲ့သလို ပရိသတ်တွေကို အကောင်းဆုံး ဖမ်းစားနိုင်ခဲ့တဲ့သူအဖြစ် အင်မတန် နာမည်ကြီးခဲ့ပါတယ်။

မင်းသားကြီး ရှောင်ကွန်နရီဟာ အချိန်အနည်းငယ် ကြာတဲ့အထိ နေမကောင်း ဖြစ်ခဲ့ပြီးတဲ့နောက်မှာတော့ ၎င်းနေထိုင်ရာ ဘဟားမားစ်ကျွန်းမှာပဲ ငြိမ်းချမ်းစွာနဲ့ ထာဝရအိပ်စက်အနားယူသွားခဲ့ပြီဖြစ်ကြောင်း ၎င်းရဲ့ သားဖြစ်သူက ပြောခဲ့ပါတယ်။ ရှောင်ကွန်နရီရဲ့ အသက် ၉၀ ပြည့်မွေးနေ့ကို ပြီးခဲ့တဲ့ ဩဂုတ်လက ကျင်းပခဲ့တယ်လို့ သိရပါတယ်။

**ရုပ်ရှင်ဆုအများအပြားဆွတ်ခူးခဲ့**

မင်းသားကြီး ရှောင်ကွန်နရီဟာ ၎င်းရဲ့အနုပညာ သက်တမ်းကို ဆယ်စုနှစ်ငါးခုလောက်ကြာအောင် ကုန်လွန်ဖြတ်သန်းခဲ့ပြီး The Untouchables ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားမှာ အိုင်းရစ်လူမျိုး ရဲဝန်ထမ်းတစ်ဦးအနေနဲ့ ပြောင်မြောက်စွာ ပါဝင်တင်ဆက်နိုင်ခဲ့မှုအတွက် အကောင်းဆုံးဇာတ်ပို့သရုပ်ဆောင် အော်စကာဆု ဆွတ်ခူးရရှိခဲ့ပါတယ်။ ၎င်းပါဝင်သရုပ်ဆောင်ထားတဲ့ The Hunt for Red October, Highlander , Indiana Jones and the Last Crusade, The Rock ဇာတ်ကားတွေဟာ အင်မတန် နာမည်ကျော်ကြားလူကြိုက်များခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားတွေပဲ ဖြစ်ပါတယ်။

**မိသားစုတွေဝိုင်းရံခဲ့**

မင်းသားကြီးရှောင်ကွန်နရီရဲ့သားဖြစ်သူ ဂျက်ဆန်ကွန်နရီက ဖခင်ဖြစ်သူ ညသန်းခေါင် ကွယ်လွန်သွားချိန် ဘဟားမားစ်မှာ နေထိုင်ကြတဲ့ ၎င်းရဲ့ မိသားစုဝင်များဟာ ၎င်းရဲ့ဘေးမှာ ဝန်းရံပြီး အတူရှိနေခဲ့ကြတယ်လို့ ဆိုပါတယ်။ ရှောင်ကွန်နရီ ကွယ်လွန်ပြီးနောက်မှာ ဇနီးဖြစ်သူ မီရဲလင်း၊ သားနှစ်ဦးဖြစ်တဲ့ ဂျက်ဆန်နဲ့ စတီဖင်တို့ ကျန်ရစ်ခဲ့ပါတယ်။ ဂျိမ်းစ်ဘွန်းရဲ့ Thunderball ရုပ်ရှင် ဇာတ်ကားမှာ ပါဝင်တဲ့ ဇာတ်ဝင်ခန်းအချို့ကိုလည်း အဲဒီမှာပဲ ရိုက်ကူးခဲ့တာဖြစ်ပါတယ်။

**ဆုံးရှုံးမှုကြီးတစ်ခု**

ရှောင်ကွန်နရီ ကွယ်လွန်သွားတဲ့နေ့ဟာ ၎င်းကို ချစ်ခင်အားပေးခဲ့ကြသူတွေ၊ ၎င်းအပေါ် ခင်မင်ရင်းနှီးခဲ့ကြသူတွေအတွက် ဝမ်းနည်းဖွယ်ရာ နေ့တစ်နေ့ဖြစ်သလို ကမ္ဘာကျော်ဇာတ်ကောင်တစ်ဦးအနေနဲ့ ၎င်းဆီကနေ မမေ့နိုင်စရာ အမှတ်တရများစွာကို ရရှိခဲ့ကြတဲ့ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေအတွက်လည်း ဆုံးရှုံးမှုကြီး တစ်ခုပါပဲ။ သမိုင်းမှာ ၎င်းနဲ့ထပ်တူကျတဲ့ သရုပ်ဆောင်မျိုး နောက်တစ်ဦးပေါ်ထွက်လာဖို့ဆိုတာကလည်း ဘယ်လိုမှ မဖြစ်နိုင်လောက်အောင် ခဲယဉ်းပါတယ်။

**လူသိများခဲ့သောရုပ်ရှင်ဇာတ်ကားများ**

ရုပ်ရှင်လောကမှာ နှစ်ပေါင်း ၅၀ လောက်အထိ ကျင်လည်ခဲ့တဲ့ ရှောင်ကွန်နရီက အော်စကာဆုတစ်ဆု၊ Bafta ဆုနှစ်ဆု၊ Golden Globe ဆုသုံးဆုနဲ့ ရုပ်ရှင်ထူးချွန်ဆုအများအပြား ဆွတ်ခူးရရှိခဲ့ပါတယ်။ ပရိသတ်ရင်ထဲမှာ မှတ်မှတ်ရရဖြစ်နေစေခဲ့တဲ့ ဂျိမ်းစ်ဘွန်း ရုပ်ရှင်ဇာတ်ကားခုနစ်ကားကတော့ ၁၉၆၂ ခုနှစ်မှာ Dr No၊ ၁၉၆၃ခုနှစ်မှာ From Russia with love ၊ ၁၉၆၄ နှစ်မှာ Goldfinger ၊ ၁၉၆၅ခုနှစ်မှာ Thunderball၊ ၁၉၆၇ ခုနှစ်မှာ You Only live Twice ၊ ၁၉၇၁ ခုနှစ်မှာ Diamonds are Forever နဲ့ ၁၉၈၃ ခုနှစ်မှာ Never say Never Again ရုပ်ရှင်ဇာတ်ကားတွေပဲ ဖြစ်ပါတယ်။

မင်းသားကြီး ရှောင်ကွန်နရီကို 007 စုံထောက်ဇာတ်ကားတွေရဲ့ ပြိုင်ဘက်ကင်း သရုပ်ဆောင်မင်းသားအဖြစ် ၎င်းရဲ့ ပရိသတ်တွေက အသိအမှတ်ပြု လက်ခံထားကြပါတယ်။ လက်ရှိမှာ ဂျိမ်းစ်ဘွန်းမင်းသား ဇာတ်ကောင်နေရာကို ဝင်ရောက်သရုပ်ဆောင်နေတဲ့ မင်းသား ဒယ်နီရယ်ခရေ့ချ်ကိုယ်တိုင်က ရှောင်ကွန်နရီဟာ ကြီးမြတ်တဲ့ ရုပ်ရှင်သရုပ်ဆောင်ကြီးဖြစ်တယ်ဆိုတဲ့အကြောင်း ချီးမွမ်းစကားဆိုခဲ့ပါတယ်။

> **“ရှောင်ကွန်နရီ ကွယ်လွန်သွားတဲ့နေ့ဟာ ၎င်းကို ချစ်ခင်အားပေးခဲ့ကြသူတွေ၊ ၎င်းအပေါ် ခင်မင်ရင်းနှီးခဲ့ကြသူတွေအတွက် ဝမ်းနည်းဖွယ်ရာ နေ့တစ်နေ့ဖြစ်သလို ကမ္ဘာကျော်ဇာတ်ကောင်တစ်ဦးအနေနဲ့ ၎င်းဆီကနေ မမေ့နိုင်စရာ အမှတ်တရများစွာကို ရရှိခဲ့ကြတဲ့ ကမ္ဘာတစ်ဝန်းက ပရိသတ်တွေအတွက်လည်း ဆုံးရှုံးမှုကြီး တစ်ခုပါပဲ”**

**ဟောလိဝုဒ်ရဲ့ကြယ်တစ်ပွင့်**

မင်းသားကြီး ရှောင်ကွန်နရီနဲ့ အရင်းနှီးဆုံးမိတ်ဆွေတွေဖြစ်ခဲ့တဲ့ စကော့တလန်ဝန်ကြီးချုပ်ဟောင်း အဲလက်စ်ဆာလ်မန်က ရှောင်ကွန်နရီဟာ စကော့တလန်ပြည်နယ်ကို ချစ်မြတ်နိုးတဲ့ မျိုးချစ်စိတ်ရှိသူ၊ အတွေး အခေါ်နက်နဲသူ၊ အနုပညာပါရမီကြီးမားပြီး ထူးချွန်တဲ့ ပုဂ္ဂိုလ်တစ်ဦးအဖြစ် ပြောကြားခဲ့ပြီး ဟောလိဝုဒ်ရဲ့ ကြယ်ပွင့်တစ်ပွင့်အဖြစ် ၎င်းကို တင်စားဖော်ပြခဲ့ပါတယ်။

Scottland Forever (ထာဝရအမြဲတမ်း စကော့တလန်) ဆိုတဲ့စာသားကို ၎င်းရဲ့ လက်မောင်းမှာ ရေးထိုးထားရုံတင်မက နှလုံးသားထဲမှာပါ မှတ်တမ်းတင်ရေးထိုးထားခဲ့တဲ့ ရှောင်ကွန်နရီဟာ စကော့တလန်ကို ဘယ်လောက်ချစ်မြတ်နိုးသလဲဆိုတာ ထင်ရှားပေါ်လွင်လှပါတယ်။

**ဆာဘွဲ့ချီးမြှင့်ခံရ**

နိုင်ငံ့အချစ်တော်တစ်ဦး ပျောက်ကွယ်သွားတဲ့အတွက် တစ်နိုင်ငံလုံးက ဝမ်းနည်းမဆုံးဖြစ်ရတယ်လို့ စကော့တလန်ဝန်ကြီးချုပ် နီကိုလာစတာဂျန်ကလည်း ပြောကြားခဲ့ပါတယ်။ မင်းသားကြီး ရှောင်ကွန်နရီဟာ ၂၀၀၀ ပြည့်နှစ်တုန်းကလည်း ဗြိတိသျှဘုရင်မကြီးကိုယ်တိုင် Holyrood နန်းတော်မှာ ဆာဘွဲ့ ချီးမြှင့်ပေးခြင်းခံရတဲ့သူတစ်ဦးပါ။

ဟောလိဝုဒ်ကြယ်ပွင့် တစ်ပွင့်ဖြစ်ခဲ့တဲ့ ရှောင်ကွန်နရီ ကွယ်လွန်သွားသော်လည်း ၎င်းရဲ့နိုင်ငံနဲ့ ၎င်းကို ချစ်တဲ့ပရိသတ်တွေရဲ့ ရင်ထဲမှာ တစ်ခေတ်ဆန်းခဲ့တဲ့ စုံထောက်မင်းသားကြီး ဂျိမ်းစ်ဘွန်းကတော့ အမြဲ ရှင်သန်နေဦးမှာပါ။

**ကိုးကား – ဘီဘီစီ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၆ ရက် သာ**

**လိုတော့သည်။**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာရွာတွင် နိုဝင်ဘာ ၁ ရက်က အသက် ၁၀၄ နှစ်အရွယ် အဘွား တစ်ဦး ကြိုတင်ဆန္ဒမဲပေးနေစဉ်။

သန်းလွင်(ဆွာ)

## သီပေါတွင် အသက် ၆၀ နှင့်အထက် သက်ကြီးမဲဆန္ဒရှင်များ ကြိုတင်မဲပေး

**သီပေါ နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်တွင် အောက်တိုဘာ ၂၉ ရက် နံနက်မှ စတင်လျက် အသက် ၆၀ နှင့်အထက် သက်ကြီးမဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲများ လွတ်လပ်စွာပေးနေကြပြီဖြစ်သည်။ (ယာပုံ)

ထိုသို့အသက် ၆၀ နှင့်အထက်မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရာ၌ ရပ်ကွက်/ကျေးရွာ အလိုက်မဲရုံများသို့ မလာရောက်နိုင်သူသက်ကြီး မဲဆန္ဒရှင်များအား အိမ်တိုင်ရာရောက် ရွှေ့လျား စနစ်ဖြင့် ဆန္ဒမဲများကို ကောက်ခံပေးလျက် ရှိသကဲ့သို့ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးသို့လည်း ကြိုတင်ဆန္ဒမဲများ လာရောက်ပေးလျက်ရှိသည်။

အဆိုပါ သက်ကြီးကြိုတင်မဲပေးသူများ ကျန်းမာရေးနှင့်အညီ လုံခြုံဘေးကင်းစွာ ဆန္ဒမဲများ ပေးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များ နှင့်အညီ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံး များ၌ လည်းကောင်း၊ ရွှေ့လျားဆန္ဒမဲကောက်ခံ သည့်အဖွဲ့များတွင် လည်းကောင်း ကြိုတင် ကာကွယ်ရေး အစီအမံများဖြင့် သတ်မှတ်ချက် များအတိုင်း ဆောင်ရွက်လျက်ရှိသည်။

သီပေါမြို့နယ်တွင် မဲရုံပေါင်း ၁၁၁ ရုံရှိပြီး စုစုပေါင်း မဲဆန္ဒရှင်ဦးရေ ၁၃၆၀၂ ဦးရှိကာ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်ဦးရေ ၁၇၃၂၆ ဦးရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## သန်လျင်မြို့နယ်၌ ကြိုတင်ဆန္ဒမဲများ ဆက်လက်ကောက်ယူလျက်ရှိ

**သန်လျင် နိုဝင်ဘာ ၁**

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပတော့မည် ဖြစ်ရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထဲမှ အသက် ၆၀ နှင့်အထက်ရှိသူများ၊ ကျန်းမာရေးမကောင်းသူများ မဲပေးပိုင်ခွင့်ဆုံးရှုံးမှုမရှိစေရန် သန်လျင်မြို့နယ်တွင် ယနေ့ ဆက်လက်ပြီး သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများသည် အဖွဲ့များခွဲကာ အိမ်တိုင်ရာရောက် မဲစာရင်းများ ကောက်ယူ၍ ကူညီဆောင်ရွက် ပေးလျက်ရှိသည်။

အဆိုပါ ကြိုတင်ဆန္ဒမဲကောက်ယူခြင်းလုပ်ငန်း နှင့်ပတ်သက်၍ သန်လျင်မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဇော်မင်းသန်းက အသက် ၆၀ နှင့်အထက် မဲပေးပိုင်ခွင့်ရှိသူ တစ်မြို့နယ်လုံးတွင် ၂၇၀၀၀ ကျော် ရှိကြောင်း၊ ရပ်ကွက်/ကျေးရွာကော်မရှင်ရုံးများတွင် မဲလာ ပေးသူနည်းပါးကြောင်း၊ တစ်အိမ်တက်ဆင်းလိုက်လံ ကောက်ယူမှု များပြားကြောင်း၊ သတ်မှတ်ရက်အပြီး ကြိုတင်မဲကောက်ယူနိုင်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ပြောသည်။

သန်လျင်မြို့နယ်တွင် မဲရုံ ၂၂၉ ရုံ ဖွင့်လှစ်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ မဲပေးနိုင်ရေး၊ ကိုဗစ်ကာလ ဖြစ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် ညွှန်ကြားချက်များအတိုင်း မဲရုံတာဝန်ရှိသူများက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

## ပန်ဆိုင်း(ကြူကုတ်)မြို့၌ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲစတင်ပေး

**ပန်ဆိုင်း နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် ပန်ဆိုင်း(ကြူကုတ်)မြို့၌ သက်ကြီး ရွယ်အိုများနှင့် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနေဖြင့် ယနေ့ နံနက် ၁၀ နာရီမှစ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့် အညီ ကြိုတင်ဆန္ဒမဲစတင်ပေးနေပြီ ဖြစ်သည်။

အဆိုပါကြိုတင်မဲများကို ရွေးကောက်ပွဲကာလ၌ မဲရုံများတွင် တာဝန် ထမ်းဆောင်ကြမည့် လုံခြုံရေးဝန်ထမ်းများနှင့်တာဝန်အရ မဲဆန္ဒနယ်ပြင်ပတွင် တာဝန်ထမ်းဆောင်ရမည့် မဲဆန္ဒရှင်များအနေဖြင့် ဆန္ဒမဲအခွင့်အရေး မဆုံးရှုံး စေရန်အတွက် သတ်မှတ်နေရာများတွင် ဆန္ဒမဲပေးကြသည်။

ဆက်လက်ပြီး အသက် ၆၀ နှင့်အထက်ရှိ မဲဆန္ဒရှင်ပြည်သူများနှင့် မသန် စွမ်းသူများကိုလည်း ကြိုတင်မဲပေးနိုင်ရေးအတွက် အိမ်တိုင်ရာရောက် ဆောင်ရွက်ပေးသွားမည်ဟု သိရပြီး ကြိုတင်ဆန္ဒမဲများကို နိုဝင်ဘာ ၇ ရက်အထိ ပေးနိုင်ကြောင်း ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲမှ သိရသည်။ **သန်းမိုးခိုင်(ပြန်/ဆက်)**

## တီးတိန်မြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲပေး

**တီးတိန် နိုဝင်ဘာ ၁**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ကြိုတင်မဲပေးခြင်းကို တီးတိန်မြို့၌ အောက်တိုဘာ ၂၉ ရက်မှ စတင်၍ ကြိုတင်မဲပေးခွင့်ရှိသူများက သတ်မှတ်နေရာများတွင် ကြိုတင်ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါရွေးကောက်ပွဲကျင်းပမည့်ရက်၌ မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် လုံခြုံရေးဝန်ထမ်းများ၊ တာဝန်အရမဲဆန္ဒနယ်ပြင်ပတွင် တာဝန်ထမ်းဆောင်မည့် မဲဆန္ဒရှင်များ၊ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များနှင့် မသန်စွမ်းမဲဆန္ဒရှင်များ ဆန္ဒမဲပေးမည့် အခွင့်အရေးမရှုံးဆုံးစေရန်အတွက် သတ်မှတ်နေရာများတွင် ကြိုတင်ဆန္ဒမဲပေးကြပြီး အောက်တိုဘာ ၃၁ ရက်အထိ ကြိုတင်ဆန္ဒမဲပေးသူ ၁၃၄၅ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

တီးတိန်မြို့နယ်တွင် ခိုင်ကမ်းမြို့အပါအဝင် မဲရုံ ၁၄၀ လျာထားဖွင့်လှစ်မည်ဖြစ်ပြီး မဲဆန္ဒရှင်စာရင်းစုစုပေါင်း ၅၆၅၇၆ ဦးရှိကြောင်း မြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံးမှ သိရသည်။

**ပေါင်ကျင့်မုန်(ပြန်/ဆက်)**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြား စေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ် ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

# ဖားကန့်၌ ကြိုတင်မဲပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ စစ်ဆေး

**ဖားကန့် နိုဝင်ဘာ ၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးအတွက် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ အသက် ၆၀ နှင့်အထက် သက်ကြီးဘိုးဘွားများအတွက် ကြိုတင်မဲပေးနိုင်ရန် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးရုံးများ၌ ယာယီမဲရုံများ ဆောင်ရွက်ထားရှိမှုနှင့် အိမ်တိုင်ရာရောက် မဲထည့်နိုင်ရေး ဆောင်ရွက်နေမှုများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာသိန်းဟန်နှင့် အတွင်းရေးမှူးတို့က ယနေ့တွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဖားကန့်မြို့ပေါ်ရပ်ကွက် ငါးခု၊ မော်မောင်းလျှံကျေးရွာနှင့် နမ္မဖြစ်ကျေးရွာတို့ရှိ ကြိုတင်မဲပေးနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ဝင်များ၏ ဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ယခုကြိုတင်မဲပေးရန် သတ်မှတ်ထားသည့်ကာလအတွင်း အသက် ၆၀ နှင့်အထက် သက်ကြီးဘိုးဘွားများအပြင် ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် မဲရုံတာဝန်ကျမည့်သူများနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မသန်စွမ်းသူများနှင့် အချုပ်ကျခံနေရသူများလည်း ပါဝင်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံမှ သိရသည်။

ဖားကန့်မြို့နယ်၌ အသက် ၆၀နှင့်အထက် ကြိုတင်မဲပေးခွင့်ရသူ ၁၀၇၈၆ ဦး၊ မသန်စွမ်းမဲပေးခွင့်ရသူ ၁၀၀ ကျော်နှင့် အချုပ်ချခံနေရသူ ၁၀၀ ကျော်ရှိကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ ရွေးကောက်ပွဲလုံခြုံရေး အထူးရဲများနှင့် မဲရုံတွင် တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများ ကြိုတင်ဆန္ဒမဲပေး

**တာချီလိတ် နိုဝင်ဘာ ၁**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်နှင့် မယ်ခေါင်ရပ်ကွက်တို့တွင် ရွေးကောက်ပွဲနေ့ရက်အတွင်း တာဝန်ထမ်းဆောင်ကြမည့် လုံခြုံရေး အထူးရဲများ၊ ပညာရေးဝန်ထမ်းများနှင့် အခြားသောဝန်ထမ်းများ ကြိုတင်ဆန္ဒပေးခြင်းကို ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။ **(ဝဲအောက်ပုံ)**



ကြိုတင်ဆန္ဒမဲပေးခွင့်ရှိပြီး ဆန္ဒမဲပေးရန်အတွက် လာရောက်စာရင်းပေးသွင်းထားသူများမှာ မယ်ခေါင်ရပ်ကွက်၌ လူဦးရေ နှစ်ရာကျော်၊ ဝမ်ကောင်းရပ်ကွက်၌ နှစ်ရာကျော်ရှိကြောင်း၊ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သတ်မှတ်ရက်နှင့် သတ်မှတ်ထားချိန်များတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။

တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲနိုင်အောင်နှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးတို့ မယ်ခေါင်ရပ်ကွက်တွင် ကြိုတင်ဆန္ဒမဲပေးခဲ့ကြပြီး တာချီလိတ်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးအထူးရဲများက ဝမ်ကောင်းရပ်ကွက်တွင် ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။

**ယာဆေး (ပြန်/ဆက်)**

mVoter 2020

"ရွေးချယ်မှန်ကန် မဲပေးဖို့ mVoter ကိုသုံးကြစို့"

# ကသာမြို့တွင် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများ ကြိုတင်ဆန္ဒမဲများ ပေးလျက်ရှိ

**ကသာ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် အသက် ၆၀ နှင့်အထက် အဘိုး၊ အဘွားများနှင့် ကြိုတင်မဲပေးပိုင်ခွင့်ရှိသူများသည် အောက်တိုဘာ ၂၉ ရက်မှ စတင်၍ သက်ဆိုင်ရာမြို့ပေါ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ ကြိုတင်ဆန္ဒမဲများပေးနေပြီဖြစ်ကြောင်း သိရသည်။

ထိုသို့မဲပေးရာတွင် စနစ်တကျဖြစ်စေရန် တာဝန်ရှိသူများက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးတွင် ကသာမြို့နယ်အတွင်း မဲရုံပေါင်း ၁၁၀ ဖြင့် ကျင်းပမည်ဖြစ်ပြီး မြို့နယ်လုံးကျွတ် အနေဖြင့် အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူ ၁၂၁၈၅၇ ကျော်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**လူအောင်(ကသာ)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၁**

ထူးခြားသည့် ညအပူချိန်များမှာ မင်းတပ်မြို့တွင် ၁၁ ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၁၃ ဒီဂရီစင်တီဂရိတ်နှင့် တီးတိန်မြို့တွင် ၁၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဖောင်းပြင်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ မြင်းမူမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ ရွှေစာရံမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ပင်လည်ဘူးမြို့တွင် ၁ ဒသမ ၆၁ လက်မ၊ မြစ်ငယ်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ မန္တလေးမြို့နှင့် လောင်းလုံမြို့တို့တွင် ၁ ဒသမ ၂၆ လက်မစီ၊ မိုးကောင်းမြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် ရွှေဘိုမြို့နှင့် ရေးမြို့တို့တွင် ၁ ဒသမ ၁၄ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံ ဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ် ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။



# ရွေးကောက်ပွဲတွင် လုံခြုံရေးတာဝန် ထမ်းဆောင်မည့် ဖလမ်းမြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ ကြိုတင်ဆန္ဒမဲ စတင်ပေး

**ဖလမ်း နိုဝင်ဘာ ၁**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လုံခြုံရေးတာဝန် ထမ်းဆောင်မည့် ဖလမ်းမြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီမှ စ၍ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများ၌ ကြိုတင် ဆန္ဒမဲများ ပေးနေပြီဖြစ်ကြောင်း သိရသည်။

ဖလမ်းခရိုင် မြို့နယ်အတွင်းရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် ရုံးစာရေးဝန်ထမ်းများသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲရုံးများ၌ ကြိုတင် ဆန္ဒမဲများပေးနေ ပြီဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနေ့တွင် လုံခြုံရေးတာဝန် ထမ်းဆောင်ရန်ဖြစ်သည့်အတွက် ကြိုတင်ဆန္ဒမဲများပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဆောင်းရာသီကာလအတွင်း လာနီညာအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များအရ အားနည်းသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ လာမည့် နိုဝင်ဘာလ–ဒီဇင်ဘာလများတွင် အားအသင့်အတင့်မှ အားကောင်းသော လာနီညာအဆင့်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါလာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် ဆောင်းရာသီကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဆောင်းရာသီကာလ အရှေ့မြောက် မုတ်သုံလေ အားကောင်းမှုကြောင့် မြန်မာနိုင်ငံတွင် ညအပူချိန်များ လျော့နည်းခြင်း၊ အအေးပိုခြင်း၊ အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့် တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။

**မိုး/ဇလ**


# ဆန္ဒမဲလက်မှတ်များကို အမှန်အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့်ရိုက်နှိပ်၍ ဆန္ဒပြုရာတွင် ခိုင်လုံမဲနမူနာများ၊ ပယ်မဲနမူနာများ ထုတ်ပြန်ကြေညာခြင်း

မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲနေ့ မဲရုံတွင် မဲပေးရာတွင် လည်းကောင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကြိုတင်ဆန္ဒမဲပေးရာတွင် လည်းကောင်း အမှန်အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့် ရိုက်နှိပ်၍ ဆန္ဒပြုရမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တံဆိပ်တုံးဖြင့်ရိုက်နှိပ်၍ ဆန္ဒပြုရမည့် ဆန္ဒမဲလက်မှတ်များအတွက် ခိုင်လုံမဲနမူနာပုံစံများနှင့် ပယ်မဲနမူနာပုံစံများကို ထုတ်ပြန်အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

*(ယမန်နေ့မှအဆက်)*

## ပယ်မဲနမူနာပုံစံများ


၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။


၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | UEC |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ --------------------
အမည်၊ --------------------

ပုံစံ (၅)
- မဲရုံမှူးလက်မှတ်မပါသော မဲ


၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။


၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ --------------------
အမည်၊ --------------------

ပုံစံ (၆)
- လုံးဝဆန္ဒပြုမထားသော မဲ


၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။


၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | UEC |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ --------------------
အမည်၊ --------------------

ပုံစံ (၇)
- အစွန်းအထင်းပါသော မဲ


၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | UEC |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ --------------------
အမည်၊ --------------------

ပုံစံ (၈)
- အမှတ်အသား ပြုထားသော မဲ


၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | UEC |
| ဒေါ်ဖရဲသီး | | UEC |
| ဦးပန်းသီး | | UEC |

မဲရုံမှူးလက်မှတ်၊ --------------------
အမည်၊ --------------------

ပုံစံ (၉)
- ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသော မဲ


၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော UEC တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | UEC |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | UEC |


မဲရုံမှူးလက်မှတ်၊ --------------------
အမည်၊ --------------------

ပုံစံ (၁၀)
- ကိုယ်စားလှယ်လောင်းနှစ်ဦးအား ဆန္ဒပြုထားသော မဲ

**မှတ်ချက်။** အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

*စာမျက်နှာ ၁၈ သို့*

စာမျက်နှာ ၁၇ မှ



၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ
ပြည်သူ့လွှတ်တော်
သစ်သီးတိုင်းဒေသကြီး
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

၁။ မဲရုံတွင်မဲပေးလျှင် သို့မဟုတ် ရပ်ကွက်/ကျေးရွာအုပ်စု ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင်"အမှန်"အမှတ်အသားပါသော တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

၂။ မြို့နယ်ကြိုတင်မဲဖြစ်လျှင် မဲပေးလိုသော ကိုယ်စားလှယ်လောင်း၏ အမည်တည့်တည့် ဘေးဘက်ရှိ လေးထောင့်အကွက်ထဲတွင် ဘောလ်ပင်ဖြင့် အမှတ်အသား "✔" ခြစ်ပေးပါ။

၃။ ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ်၊ ---------------------

အမည်၊ ---------------------

ပုံစံ (၁၁)
- ပထမတံဆိပ်တုံးအကွက်သည် ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဆန္ဒပြုထားပြီး ဒုတိယတံဆိပ်တုံးအရာ၏ (၉) ကွက်တွင် အနည်းဆုံး (၅)ကွက်သည် အခြားကိုယ်စားလှယ်လောင်းတစ်ဦး၏အကွက်ပေါ်သို့ ကျရောက်နေသောမဲ

မှတ်ချက်။ အထက်ဖော်ပြပါပုံစံများသည် နမူနာပုံစံ အချို့သာဖြစ်ပါသည်။ ၎င်းနမူနာပုံစံများနှင့် သဘောတရားတူသော မဲလက်မှတ်များကို ပယ်မဲအဖြစ် ဆုံးဖြတ်ရန် ဖြစ်သည်။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂွမြို့နယ်၌ ကြိုတင်ဆန္ဒမဲပေး

ဂွ နိုဝင်ဘာ ၁

၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ယနေ့မွန်းလွဲပိုင်းက ဂွမြို့ မြို့မရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှိ ကြိုတင်မဲရုံသို့ လာရောက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကြိုတင်ဆန္ဒမဲပေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ဂွမြို့နယ်မဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျလျှို့ဝှက်ဆန္ဒမဲ ပေးခဲ့သည်။

ဂွမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီလေးခုနှင့် တစ်သီးပုဂ္ဂလ သုံးဦးတို့က ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မဲဆန္ဒနယ်မြေ အမှတ်(၁)နှင့် အမှတ်(၂)တို့တွင် မဲဆန္ဒရှင်စုစုပေါင်း ၅၄၈၅၆ ဦးရှိရာ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင် ၂၃၃၁ဦး၊ မဲရုံပေါင်း ၁၃၅ ရုံရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

ရွှေရည်ဝင်း(ပြန်/ဆက်)



# မိုင်းဖြတ်၌ အသက် ၆၀ နှင့်အထက် ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် မဲရုံများကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှုစစ်ဆေး


မိုင်းဖြတ် နိုဝင်ဘာ ၁

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များသည် နိုဝင်ဘာ ၁ ရက်က အသက် ၆၀ နှင့်အထက် သက်ကြီးဘိုးဘွားများ ကြိုတင်ဆန္ဒမဲပေးနေမှု အခြေအနေများ၊ မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသက်လွင်၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မျိုးနှင့် ကော်မတီဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်မြတ်မိုးနှင့် တာဝန်ရှိသူများက နမ့်ကုန်းအုပ်စုပါဆန်းကျေးရွာ အလက(ပါဆန်း)တွင် အသက် ၆၀ နှင့်အထက် သက်ကြီးဘိုးဘွားများ ကြိုတင်ဆန္ဒမဲပေးနေမှု အခြေအနေများ၊ နမ့်နမ်းအုပ်စုနမ့်နန်းကျေးရွာ အမက(နမ့်နန်း)တွင် အသက် ၆၀ နှင့် အထက်သက်ကြီးဘိုးဘွားများ ကြိုတင်ဆန္ဒမဲပေးနေမှု အခြေအနေများကို မဲရုံပြင်ပမှနေ၍ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။ မိုင်းဖြတ်မြို့နယ်တွင် အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ အသက် ၆၀ နှင့်အထက် ကြိုတင်ဆန္ဒမဲပေးသူစုစုပေါင်း ၁၀၇၃ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့်အထွေထွေရွေးကောက်ပွဲအတွက် မဲရုံများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အထက(မိုင်းဖြတ်)တွင် ပြုလုပ်မည့် ဈေးတန်းမဲရုံနှင့် အထက(ဟိုနား)တွင်ပြုလုပ်မည့် ဟိုနားမဲရုံတို့တွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ မှာကြားကြောင်း သိရသည်။

သန်းထွန်းအေး(ပြန်/ဆက်)



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်(ကယားပြည်နယ်တာဝန်ခံ)နှင့် တာဝန်ရှိသူများ လွိုင်ကော်မြို့နယ်အတွင်း ကြိုတင်ဆန္ဒမဲပေးနေမှုများအား ကြည့်ရှုစစ်ဆေး

လွိုင်ကော် နိုဝင်ဘာ ၁

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကယားပြည်နယ် လွိုင်ကော်မြို့နယ်၌ အောက်တိုဘာ ၂၉ ရက်မှစ၍ ကြိုတင်ဆန္ဒမဲ ပေးခွင့်ရှိသူများ လွတ်လပ်စွာ ဆန္ဒမဲပေးလျက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ် (ကယားပြည်နယ်တာဝန်ခံ)သည် ပြည်နယ်/ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ကြိုတင်ဆန္ဒမဲပေးနေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ပေါ်ရှိ နောင်ယား(က) ရပ်ကွက်၊ နာနတ်တောရပ်ကွက်၊ ဒေါဥခူရပ်ကွက်နှင့် ဒေါပေါ်ကလဲကျေးရွာများရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အသက် ၆၀ နှင့် အထက် မဲဆန္ဒရှင် သက်ကြီးရွယ်အိုများနှင့် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး၊ ယခုကာလသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် အချိန်ကာလဖြစ်သဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ဆန္ဒမဲပေးနိုင်ရေး စနစ်တကျစီစဉ် ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် လွိုင်ကော်မြို့နယ် လောပိတမြို့ရှိ ရပ်ကွက်နှင့် ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးများ၌ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင် သက်ကြီးရွယ်အိုများနှင့် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

လွိုင်ကော်မြို့နယ်တွင် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင် သက်ကြီးရွယ်အို ၅၇၇၀ ရှိပြီး မဲဆန္ဒရှင်သက်ကြီးရွယ်အိုများအနေဖြင့် ကြိုတင်ဆန္ဒမဲများကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ၅ရက်အထိ လာရောက်မဲပေးနိုင်ကြောင်း၊ လုံခြုံရေးတာဝန်၊ မဲရုံများတွင်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ၇ ရက်အထိ လာရောက်မဲပေးနိုင်ကြောင်း၊ မဲရုံသို့မလာရောက်နိုင်သည့်သူများနှင့် ကျန်းမာရေးမကောင်းမွန်သည့်သူများအနေဖြင့် နိုဝင်ဘာ ၆ ရက်မှ နိုဝင်ဘာ ၇ရက်အထိကျေးရွာ၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲ၊ အဖွဲ့ဝင်များက အိမ်တိုင်ရာရောက်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုးလှိုင်ဌေး(ပြန်/ဆက်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ရေပြည့်အမှတ်ထက် ၂ ဒသမ ၃၀ ပေ ရေကျော်ကျလျက်ရှိ

**ပွင့်ဖြူ နိုဝင်ဘာ ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အတွင်းရှိ ကြီးအုံကြီးဝတမံသည် အထက်ပိုင်းဒေသ မိုးရွာသွန်းမှု အားကောင်းခဲ့သည့်အတွက် တမံအတွင်း ရေဝင်ရောက်မှုရှိခဲ့ပြီး ယနေ့ နံနက် ၆ နာရီ တိုင်းထွာချက်အရ ယင်းတမံရေပြည့်အမှတ် ပေ ၃၄၀ ထက် ရေပိုလွှဲမှ ၂ ဒသမ ၃၀ ပေ ရေကျော်ကျလျက်ရှိနေပြီး အဆိုပါရေကျော်ကျနေမှုမှာ ဒေသခံပြည်သူများအတွက် စိုးရိမ်စရာအခြေအနေ မရှိသေးကြောင်းနှင့် ရေပိုလွှဲမှ ရေကျော်ကျနေမှု အခြေအနေကို ပြည်သူများ သိရှိနိုင်ရန် အချိန်နှင့် တစ်ပြေးညီ အသိပေးနှိုးဆော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ် ကြီးအုံကြီးဝတမံမှ အငယ်တန်း အင်ဂျင်နီယာ ဦးစိုးလင်းအောင်ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံသည် မြို့နယ်အတွင်းရှိ ဒေသခံ တောင်သူများအတွက် စိုက်ပျိုးရေ မှီခိုအားထားရသော အဓိက တမံတစ်ခုဖြစ်သည်။ အောက်တိုဘာ ၃၀ ရက် ညနေပိုင်းမှစတင်၍ မိုးများ ရွာသွန်းခဲ့သည့်အတွက် တမံအတွင်း ရေဝင်ရောက်မှုတိုးလာခဲ့ရာ သတ်မှတ်ထားသော တမံရေပြည့်အမှတ် ပေ ၃၄၀ ထက် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိပြီး တမံရေပိုလွှဲမှ ရေကျော်ကျနေမှုနှင့် ပတ်သက်ပြီး နေ့စဉ် ပြည်သူများကို အချိန်နှင့် တစ်ပြေးညီ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**



# မုံရွာမြို့ ကန်သာယာ ပိုမိုသာယာလှပစေရန် ချင်းတွင်းမြစ်အတွင်းမှ ရေများထပ်မံဖြည့်သွင်း

**မုံရွာ နိုဝင်ဘာ ၁**

မုံရွာမြို့ ကန်သာယာ ပိုမိုသာယာလှပစေရန် အောက်တိုဘာ ၂၈ ရက်က ချင်းတွင်းမြစ်အတွင်းမှ ရေများ ထပ်မံ ဖြည့်သွင်းခဲ့ကြောင်း သိရသည်။

မုံရွာမြို့ မြို့မိ မြို့ဖ ဦးမျိုးဝင်း ဦးဆောင်၍ မုံရွာမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးသင်းအဖွဲ့များ၊ စည်ပင်သာယာအဖွဲ့များက စက်ယန္တရားများဖြင့် ရေသွင်းမြောင်း၊ ရေတံခါးရှိအမှိုက်နှင့် မြေများရှင်းလင်းခဲ့ကာ ရေသွင်းခဲ့ကြခြင်းဖြစ်သည်။

ကန်သာယာ ရေထု လေးပေ နှစ်လက်မမှ ပိတ်နေသော ရေကာတာအတွင်းရှိ အမှိုက်များ၊ ရေကာတာဂိတ်တံခါးများကို သန့်ရှင်းဖယ်ရှား၍ ရေစတင်သွင်းခဲ့ရာ အောက်တိုဘာ ၃၁ ရက် နံနက် ၈နာရီတွင် ကန်သာယာ ရေထုသည် ငါးပေ ခုနစ်လက်မအထိ ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ – ၁၁ – ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၈၇ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၁၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၄၅ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၇၄ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၃၄ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၇ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၁ . ၇၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၄၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၀၉ . ၈၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၂၈၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၉၀၀ | ၂၃၁ | ၂၃၀၉၉၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၃၀၆ | ၁၁၂၇၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၅၄ | ၁၁၉၅၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄၇၃ | ၁၂၈၀၉၀၀ |
| EFR | ၃၃၀၀ | ၃၅၅၀ | ၁၀၅ | ၃၄၇၁၀၀ |

ခင်ရတနာ – စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – ဝင်းကျော် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | – ခြူးစန္ဒီဆွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–**၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ UEHRD



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**UEHRD ကော်မတီ (၃)နှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က ကျင်းပခဲ့ပါတယ်။ ပထမနဲ့ ဒုတိယအကြိမ်တွေကို နေပြည်တော်မှာ ပုံမှန်အတိုင်း အခမ်းအနားတွေကို ခမ်းနားစည်ကားစွာ ကျင်းပနိုင်ခဲ့တယ်။ ဒီနှစ်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကြီးကြောင့် ပုံစံတစ်မျိုးနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ အခမ်းအနားကို အွန်လိုင်းကတစ်ဆင့် လုပ်ခဲ့တာဖြစ်တယ်။ ယခုအချိန်မှာ ပြည်တွင်းပြည်ပအခမ်းအနားတွေကို အွန်လိုင်းကတစ်ဆင့် ကျင်းပနေတာဖြစ်ပါတယ်။ နည်းပညာအားကိုးပြီး သပ်သပ်ရပ်ရပ်လုပ်ကိုင်နိုင်ခဲ့တယ်။**

UEHRD ၏ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိန့်ခွန်းနဲ့ အခမ်းအနားကို စတင်ခဲ့ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က UEHRD စတင်ပေါ်ပေါက်လာမှု၊ စုစည်းဖွဲ့စည်းပုံ၊ လှုပ်ရှားမှုအရပ်ရပ်ကို မီးမောင်းထိုးခဲ့ပါတယ်။ အခက်အခဲမျိုးစုံ၊ ဝေဖန်မှုအမျိုးမျိုးကြားက ဆောင်ရွက်ပုံတွေကိုလည်း တင်ပြခဲ့ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ UEHRD ကိုကိုယ်တိုင်ကိုယ်ကျဦးဆောင်ခဲ့ခြင်းဖြစ်ပါတယ်။ အနာဂတ်ကာလမှာ ဆက်လက်ဆောင်ရွက်ဖို့ လိုအပ်တာတွေကိုလည်း ထုတ်ဖော်ပြောဆိုခဲ့တယ်။

**UEHRD စတင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ မိန့်ခွန်းကို နားထောင်ရင်းလွန်ခဲ့တဲ့ သုံးနှစ်ကျော်ကာလကို သတိရမိပါတယ်။ ပထမဆုံးအနေနဲ့ ရခိုင်ပြည်နယ်၏ အခြေအနေများကို ရှင်းလင်းတဲ့အခမ်းအနား UEHRD ဖွဲ့စည်းမှုကို ကြေညာခဲ့ပါတယ်။ ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဦးဆောင်ပြီး ဒုတိယဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ အဖွဲ့ဝင်များအနေနဲ့ ကျွန်တော့်ကို ညှိနှိုင်းရေးမှူးချုပ်အဖြစ် တာဝန်ပေးပြီး ဦးကျော်မြိုင်အနေနဲ့ ဆက်သွယ်ဆက်ဆံရေး ညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူခဲ့ပါတယ်။ အဖွဲ့ဝင်လေးဦးနဲ့ စတင်ခဲ့ပါတယ်။

ဆက်လက်၍ လုပ်ငန်းရှင်များကို UEHRD လုပ်ငန်းများမှာ ပါဝင်ပတ်သက်ရန် ဒေါ်အောင်ဆန်းစုကြည်၏ တိုက်တွန်းအားပေးမှုကြောင့် မြန်မာနိုင်ငံ၌ရှိသော လုပ်ငန်းရှင်များက အလှူငွေများကို အင်တိုက်အားတိုက်ထည့်ဝင်ခဲ့ကြပါတယ်။

UEHRD ဆိုတဲ့အမည်ဟာ အလွန်နက်နဲတဲ့ အဓိပ္ပာယ်ဆောင်တာကို တွေ့ရပါတယ်။ အစိတ်အပိုင်းနှစ်ခု ပါဝင်တာဖြစ်တယ်။ ပထမကတော့ UE(Union Enterprise) ဆိုတဲ့ ဝေါဟာရဟာ ပြည်ထောင်စုအဆင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ခြင်းဖြစ်တယ်။ အစိုးရက ဦးစီးပြီး ပုဂ္ဂလိကကဏ္ဍ မောင်းနှင်တဲ့ အဖွဲ့အစည်းတစ်ရပ် ဖြစ်တယ်။ တစ်နည်းပြောရရင် နိုင်ငံတော်နဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဖြစ်တယ်။ ပုံမှန်အသုံးအနှုန်းက Public–Private–Partnership(PPP)။ ဒါပေမယ့် နောက်ထပ်တစ်ခု ပါဝင်ပါတယ်။ ဒါကတော့ ပြည်သူတွေဖြစ်တယ်။ အရင်ကတော့ P သုံးလုံးဖြစ်ပေမယ့် အခုတော့ P လေးလုံးအဖြစ် စဉ်းစားသတ်မှတ်နိုင်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ မိန့်ခွန်းထဲမှာ ထည့်သွင်းဖော်ပြခဲ့တဲ့ လူငယ်တွေ၊ စေတနာ့ဝန်ထမ်းတွေဟာ ထပ်တိုးတဲ့ People ဖြစ်တာ တွေ့ရှိရပါတယ်။

UEHRD ပေါ်ပေါက်လာခဲ့တဲ့ အခြေခံ အကြောင်းရင်းက ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှာ ARSA အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ပတ်သက် ပေါ်ပေါက်လာတဲ့ အကျိုးဆက်တွေကြောင့် တုံ့ပြန်မှုယန္တရားတစ်ရပ် ဖြစ်ပါတယ်။ အမှန်တော့ နိုင်ငံတော်အစိုးရအနေနဲ့ ဩဂုတ်လကုန်ခါနီးမှာ ဖြစ်ပေါ်လာတဲ့ အရေးအခင်းကို နှစ်လအတွင်း တုံ့ပြန်မှုပေးနိုင်မှုဟာ မှတ်သား အသိအမှတ်ပြုရမယ့် အရာ ဖြစ်ပါတယ်။ သွက်လက်မြန်ဆန်စွာ လှုပ်ရှားနိုင်မှုဟာ ဦးဆောင်မှုအရည်အချင်းတွေကို ပေါ်လွင်ထင်ရှားစွာ ဖော်ထုတ်ခဲ့မှုဖြစ်တယ်။

**UEHRD ၏ လှုပ်ရှားမှုများ**

စောစောက တင်ပြခဲ့သလို "UE ဟာ အဖွဲ့အစည်းတစ်ရပ်ရဲ့ အခြေခံအဆောက်အအုံကို ရည်ညွှန်းတာဖြစ်ပြီး HRD ဟာ လှုပ်ရှားမှုများကို ဖော်ပြခြင်းဖြစ်ပါတယ်။ "H" ဟာ Humanitarian လူသားချင်းစာနာမှုလုပ်ငန်း ဆောင်ရွက်မှုများဖြစ်ပြီး "R" က Resettlement ပြန်လည်နေရာချထားရေး ဖြစ်ပါတယ်။ "D" ကတော့ Development ဖြစ်တယ်။ တစ်နည်းပြောရရင် HRD ဟာ ကာလတိုနဲ့ ကာလရှည် လုပ်ငန်းဆောင်ရွက်မှုများကို ဖော်ထုတ်ခြင်း ဖြစ်ပါတယ်။

UEHRD အဖွဲ့ကို တည်ထောင်ပြီး ဥက္ကဋ္ဌဖြစ်သူဟာ မြန်မာနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်များကို ခေါ်ယူတွေ့ဆုံခဲ့ပါတယ်။ ရည်ရွယ်ချက်တွေ၊ ရည်မှန်းချက်တွေကို ပြည့်စုံစွာဖော်ပြခဲ့ပြီး လုပ်ငန်းရှင်များအနေနဲ့ UEHRD ရဲ့ လှုပ်ရှားမှုများအတွက် အလှူငွေတွေ ထည့်ဝင်ခဲ့ပါတယ်။ အခုလို အရေးပေါ်အခြေအနေမျိုးမှာ လုပ်ငန်းရှင်တွေရဲ့ စေတနာကိုလည်း လေးစားမိပါတယ်။

အရေးပေါ် လိုအပ်ချက်နှစ်ရပ်ကို UEHRD အနေနဲ့ ရင်ဆိုင်ဖြေရှင်းခဲ့ရပါတယ်။ ပထမက တစ်ဖက်နိုင်ငံ ရောက်နေသူတွေအတွက် ပြန်လည်လက်ခံမယ့် အစီအစဉ်အတွက် ကြိုဆိုရေးစခန်းနှစ်ခုနဲ့ ပြန်လည်နေရာချထားရေး စခန်းကြီးတစ်ခု တည်ဆောက်ဖို့ဖြစ်ပါတယ်။ တောင်ပြိုလက်ဝဲစခန်းကို UEHRD က တာဝန်ယူပြီး လှုဖိုးခေါင်စခန်းကို ဒေင်အဖွဲ့ဥက္ကဋ္ဌ ဦးချစ်ခိုင်က တာဝန်ယူခဲ့တယ်။ ပြန်လည်နေရာချထားရေးစခန်းဖြစ်တဲ့ တောင်ပြိုလက်ဝဲကို UEHRD က တာဝန်ယူခဲ့တာဖြစ်တယ်။

> **"UEHRD ဆိုတဲ့အမည်ဟာ အလွန်နက်နဲတဲ့ အဓိပ္ပာယ်ဆောင်တာကို တွေ့ရပါတယ်။ အစိတ်အပိုင်းနှစ်ခု ပါဝင်တာဖြစ်တယ်။ ပထမကတော့ UE(Union Enterprise) ဆိုတဲ့ ဝေါဟာရဟာ ပြည်ထောင်စုအဆင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ခြင်းဖြစ်တယ်။ အစိုးရက ဦးစီးပြီး ပုဂ္ဂလိကကဏ္ဍ မောင်းနှင်တဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်တယ်။ တစ်နည်းပြောရရင် နိုင်ငံတော်နဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြစ်တယ်။ ပုံမှန်အသုံးအနှုန်းက Public–Private–Partnership(PPP)။ ဒါပေမယ့် နောက်ထပ်တစ်ခု ပါဝင်ပါတယ်။ ဒါကတော့ ပြည်သူတွေဖြစ်တယ်။ အရင်ကတော့ P သုံးလုံးဖြစ်ပေမယ့် အခုတော့ P လေးလုံးအဖြစ် စဉ်းစားသတ်မှတ်နိုင်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ မိန့်ခွန်းထဲမှာ ထည့်သွင်းဖော်ပြခဲ့တဲ့ လူငယ်တွေ၊ စေတနာ့ဝန်ထမ်းတွေဟာ ထပ်တိုးတဲ့ People ဖြစ်တာ တွေ့ရှိရပါတယ်"**

**လုပ်ငန်းအဖွဲ့များ(Task Forces) ဖွဲ့စည်းခြင်း**

UEHRD ကို အခုလို ဖွဲ့စည်းပြီးတဲ့အခါ လုပ်ငန်းလှုပ်ရှားမှုအတွက် မြန်မာနိုင်ငံကုန်သည်ကြီးများနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရဲ့ အကူအညီနဲ့ လုပ်ငန်းအဖွဲ့များ(Task Forces) ဖွဲ့စည်းခဲ့ပါတယ်။ အစည်းအဝေးသို့ လုပ်ငန်းရှင်ကြီးများ ဖြစ်ကြတဲ့ ဇေကမ္ဘာဦးခင်ရွှေ၊ ဒဂုံဦးဝင်းအောင်၊ ဦးချစ်ခိုင်၊ ဦးကိုကိုငွေ၊ ယုဇနဦးဌေးမြင့်၊ ရွှေသံလွင်ဦးကျော်ဝင်းအပါအဝင် ကုမ္ပဏီကြီးများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး လုပ်ငန်းအဖွဲ့ ရှစ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ဒီ လုပ်ငန်းအဖွဲ့အစည်းတွေအနေနဲ့ သက်ဆိုင်ရာ စီးပွားရေးကဏ္ဍအသီးသီးကို တာဝန်ယူဖို့ သဘောတူညီကြတယ်။

အရေးကြီးလုပ်ငန်းတစ်ခုဖြစ်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေအတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်မှာ အစည်းအဝေးတွေ အကြိမ်ကြိမ် ကျင်းပခဲ့တယ်။ လုပ်ငန်းရှင်များအနေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်မှာမဟုတ်ဘဲ လိုအပ်တဲ့ ကျွမ်းကျင်မှုဆိုင်ရာ အကြံပေးဖို့ဖြစ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းတွေကို ရခိုင်ပြည်နယ်မှာရှိတဲ့ ဆောက်လုပ်ရေးလုပ်ငန်းရှင်များကို တာဝန်ပေးဖို့ သဘောတူခဲ့ပါတယ်။

ဒါကြောင့် စစ်တွေမြို့မှာ အစည်းအဝေးတွေ ကျင်းပပြီး တောင်ပြိုလက်ဝဲနဲ့ လှုဖိုးခေါင်စခန်းအတွက် လိုအပ်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေကို စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ရခိုင်တိုင်းရင်းသား လုပ်ငန်းရှင်များကို စည်းရုံးနိုင်ခဲ့ပါတယ်။ အခုလိုဆောင်ရွက်ရာမှာ နိုဝင်ဘာလမှာ နှစ်နိုင်ငံသဘောတူချက်အရ သုံးလအတွင်း ပြန်လည်ဝင်ရောက်လာသူတွေအတွက် အမြန်ဆုံး ပြင်ဆင်ခဲ့ရပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အနေနဲ့လည်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ အဆင်သင့်ဖြစ်ဖို့ တိုက်တွန်းခဲ့ပါတယ်။ ဒါကြောင့်လည်း ဆောက်လုပ်ရေးလုပ်ငန်းတွေ အမြန်ဆုံး ပြီးစီးနိုင်ဖို့ ဆောင်ရွက်ခဲ့ကြတယ်။ ပြီးစီးဖို့၊ အဆင်သင့်ဖြစ်နေဖို့ဟာ ဦးစားပေးရမယ့်ကိစ္စ ဖြစ်နေပါတယ်။ ပြန်လာချိန်မှာ အဆင်သင့်မဖြစ်ဘူးဆိုတဲ့ ဝေဖန်မှုတွေ မခံရဖို့ လုပ်ငန်းရှင်တွေကို အနီးကပ်တိုက်တွန်းခဲ့ရတယ်။ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ အဆုံးအဖြတ်နဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ပြီးပြည့်စုံမှု မရှိနိုင်ပေမယ့် လက်ခံနိုင်မယ့် အခြေအနေတစ်ရပ်ဖြစ်အောင် ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။

လုပ်ငန်းအဖွဲ့နဲ့ တိုက်ရိုက်မပတ်သက်ပေမယ့် စစ်တွေ-မောင်တော ကားလမ်းကို ပြန်လည်ပြုပြင်ပြီး လိုအပ်တဲ့နေရာတွေမှာ အသစ်တည်ဆောက်မှုတွေကို ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင် ဦးစီးတဲ့ Asia World ကုမ္ပဏီက တာဝန်ယူခဲ့ပါတယ်။ ငွေကြေးပမာဏ အမြောက်အမြားကို သုံးစွဲခဲ့တယ်။ လုပ်ငန်းတွေ စတင်ချိန်မှာ ဦးစားပေးတစ်ရပ်က စပါးပေါ်ချိန်ဖြစ်နေတဲ့အတွက် စပါးတွေ ရိတ်သိမ်းရေးလုပ်ငန်းကို စိုက်ပျိုးရေးနဲ့ မွေးမြူရေး လုပ်ငန်းအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ဦးစီးဦးဆောင်မှုကို ဒေင်အဖွဲ့ ဦးချစ်ခိုင်က ဆောင်ရွက်ခဲ့ပါတယ်။ ရိတ်သိမ်းခဲ့တဲ့ စပါးတွေကိုလည်း စနစ်တကျသိုလှောင်ထားပြီး စာရင်းပြုစုခဲ့တယ်။

ပေးထားတဲ့အချိန်ဖြစ်တဲ့ နှစ်ဦးမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေအားလုံး ဆောင်ရွက်နိုင်ခဲ့တယ်။ အရည်အသွေးထိန်းချုပ်မှုကို ဆောက်လုပ်ရေးနဲ့အခြေခံအဆောက်အအုံ လုပ်ငန်းအဖွဲ့က တာဝန်ယူ ဆောင်ရွက်ပေးခဲ့တယ်။ ဒါပေမယ့် သတ်မှတ်ထားတဲ့ သဘောတူထားတဲ့အချိန်မှာ တစ်ဖက်နိုင်ငံ ရောက်နေတဲ့သူတွေ ပြန်လည်ဝင်ရောက်လာခြင်းမရှိခဲ့တာ တွေ့ရတယ်။ အကြောင်းအမျိုးမျိုးနဲ့ ဖြစ်တင်ဝေဖန်ပြီး သဘောတူထားတာတွေကို လိုက်နာဆောင်ရွက်မှုမရှိခဲ့ကြောင်း တွေ့ရှိရတယ်။ ပေးထားတဲ့တာဝန်ကို ကျေပွန်အောင် အစွမ်းကုန်ကြိုးစားခဲ့ပါတယ်။ ကျန်ရှိတဲ့ လုပ်ငန်းအဖွဲ့တွေဟာလည်း ပေးအပ်တဲ့အခြေအနေ၊ အတိုင်းအတာအတွင်းမှာ လှုပ်ရှားခဲ့ကြတယ်။ ကျန်းမာရေးလုပ်ငန်းအဖွဲ့ဟာ ရခိုင်ပြည်နယ်သို့ သွားရောက်ပြီး စောင့်ရှောက်မှုတွေပေးခဲ့ပါတယ်။

လိုအပ်ချက်တစ်ရပ်ကြောင့် အပြည်ပြည်ဆိုင်ရာ လုပ်ငန်းအဖွဲ့ အသစ်တစ်ရပ်ကို ဖော်ထုတ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဒေါ်ပြုံးကေသီနိုင်က ဦးစီးဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံခြားခရီးတွေထွက်ပြီး ပကတိအခြေအနေတွေကို တင်ပြခဲ့တယ်၊ ဆွေးနွေးခဲ့တယ်။ နောက်ပိုင်းမှာ UEHRD ကို အားဖြည့်ပေးခဲ့တယ်။ ဦးတိုးအောင်နဲ့ ဦးညီညီမ်းအေးတို့ ပါဝင်ပတ်သက်လာပြီး ပိုမိုကျစ်လျစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့တယ်။ UEHRD ကို ကော်မတီအဖြစ် ပြန်လည်ဖွဲ့စည်းပြီး ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနဲ့ အင်အားတွေ ဖြည့်ပေးခဲ့တယ်။ ရန်ကုန်နဲ့ နေပြည်တော်ရုံးတွေ ဖွဲ့စည်းခဲ့တယ်။

အခုလို လုပ်ငန်းနယ်ပယ် ကျယ်ပြန့်လာတာနဲ့အမျှ ဖွဲ့စည်းမှုပြုပြင်ခြင်းဟာ သဘာဝကျပါတယ်။ စနစ်တကျ ဆောင်ရွက်နိုင်ဖို့ တွန်းအားပေးခြင်းဖြစ်တယ်။ ပြည်တွင်းအခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းနိုင်ခဲ့သလို နိုင်ငံခြားမှာရှိတဲ့ အဖွဲ့အစည်းတွေနဲ့ ဆက်သွယ် ဆက်ဆံနိုင်ခဲ့တယ်။ ထိုင်းနိုင်ငံက ဒုတိယဝန်ကြီးချုပ်ဟောင်း ဦးစီးတဲ့ IBERD အဖွဲ့နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်ခဲ့သလို အာဆီယံ အဖွဲ့အစည်းတစ်ခုနဲ့လည်း တက္ကသိုလ်တည်ထောင်ဖို့ အစီအစဉ်တွေ ဖော်ထုတ်နိုင်ခဲ့တယ်။

**ကိုဗစ်-၁၉ ကာလ ကူညီမှု**

ရခိုင်ပြည်နယ်မှာ ဖြစ်ပေါ်ခဲ့တဲ့၊ ဖြစ်ပေါ်လျက်ရှိတဲ့ ပဋိပက္ခတွေရဲ့ရလဒ်ကို တစ်ဖက်တစ်လမ်းမှ UEHRD က နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုနဲ့ ပုဂ္ဂလိကကဏ္ဍတို့ရဲ့ ပါဝင်ပတ်သက်မှုနဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့တယ်။ ၂၀၂၀ သကြင်္ကန်အလွန်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကြီးနဲ့ ပတ်သက်ပြီး ကူညီမှုတွေကို ကျန်းမာရေးလုပ်ငန်းအဖွဲ့က တက်ကြွစွာ ပါဝင်ခဲ့ပါတယ်။

UEHRD နဲ့ ပတ်သက်လာရင် ပြည်တွင်းပြည်ပ ဝေဖန်မှုတွေ၊ စွပ်စွဲမှုတွေ ခံခဲ့ရတယ်။ နိုင်ငံတကာခုံရုံးမှာ UEHRD ကို မီးမောင်းထိုးခဲ့တယ်။ အမှန်တော့ နိုင်ငံတော်အတွက် လိုအပ်ချက်တစ်ရပ်ကို တစ်ထောင့် တစ်နေရာကနေ အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အခုဆိုရင် ရခိုင်ပြည်နယ်မှာ တည်ငြိမ်အေးချမ်းမှုတွေနဲ့ပတ်သက်ပြီး စိန်ခေါ်မှုတွေ ပိုတိုးလာတာ တွေ့ရတယ်။ အခြေအနေတွေ မတည်ငြိမ်အောင် ပုံစံမျိုးစုံနဲ့ ပြစ်တင်ဝေဖန်နေကြတယ်။

UEHRD ရဲ့ တာဝန်ကတော့ ရိုးရိုးရှင်းရှင်းဖြစ်တယ်။ လူသားချင်းစာနာမှုလုပ်ငန်းတွေကို တစ်ဦးတစ်ယောက်မှ မကျန်ရစ်အောင် ကြိုးစားသွားမှာဖြစ်တယ်။ ဒေသဖွံ့ဖြိုးမှုနဲ့ ပတ်သက်ပြီး စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဘက်စုံမှ တိုးတက်လာအောင် ကြိုးစားရမှာသာဖြစ်ပါတယ်။

ကျွန်တော့်ရဲ့ ပါရဂူဘွဲ့လွန်ကျမ်း ပြုစုရာမှာ ကိုလိုနီခေတ် မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုကို သုတေသနပြုခဲ့ပါတယ်။ ၁၈၂၄ ခုနှစ်မှာ ရခိုင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့ကို အင်္ဂလိပ်တွေ သိမ်းပိုက် အုပ်ချုပ်ခဲ့တယ်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ ကာလအတွင်း ရခိုင်ပြည်နယ်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုဟာ အံ့သြဖွယ်ရာ တိုးတက်ခဲ့ကြောင်း တွေ့ရှိခဲ့ရပါတယ်။ ပထမဦးဆုံးပုဂ္ဂိုလ်က ဘဏ်ကို တည်ထောင်နိုင်ခဲ့တယ်။ ဆန်စပါးလုပ်ငန်းကို အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့တယ်။ ပညာတတ်တွေ မွေးထုတ်နိုင်ခဲ့တဲ့ ဒေသတစ်ခုဖြစ်တာ တွေ့ရှိရပါတယ်။

နောက်ပိုင်း စီးပွားရေးတက္ကသိုလ်မှာ ဆရာအဖြစ် တာဝန်ယူစဉ် ရခိုင်ပြည်နယ်မှာ လူမှုစီးပွား သုတေသနတွေကို လုပ်ဆောင်ခဲ့တယ်။ ဒါကြောင့်လည်း ရခိုင်ပြည်နယ်ရဲ့ အခြေခံတွေကို နားလည်ခဲ့တယ်။ ၂၀၁၆ ခုနှစ်မှာ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်တဲ့ မောင်တော စုံစမ်းရေးကော်မရှင် အဖွဲ့ဝင်တစ်ဦးအနေနဲ့ ပြည်နယ်ရဲ့ အခြေအနေတွေကို အသေးစိတ် သိခွင့်ရခဲ့တယ်။

UEHRD မှာ အဖွဲ့ဝင်အဖြစ် တာဝန်ယူတဲ့အချိန်မှာ အလွန်အကျိုးရှိလှပါတယ်။ UEHRD ကို ဖော်ထုတ်ပေးခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင်တွေကို ချီးကျူးရမှာဖြစ်တယ်။ ခက်ခဲရှုပ်ထွေးလှတဲ့ ပြဿနာကို ဆန်းသစ်တဲ့ဖွဲ့စည်းမှုနဲ့ တုံ့ပြန်ခြင်းဖြစ်တယ်။ ပုဂ္ဂလိကကဏ္ဍရဲ့ စွန့်ဦးတီထွင်မှုနဲ့ နိုင်ငံတော်အဖွဲ့အစည်းများရဲ့ စနစ်တကျ လှုပ်ရှားဆောင်ရွက်မှုတွေ ပေါင်းစပ်ပြီး ရှုပ်ထွေးခက်ခဲလှတဲ့ အခြေအနေကို ကိုင်တွယ်မှုဟာ ထူးခြားလှကြောင်း မှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။ ။

# ၂၀၂၀ ပြည့်နှစ် ၊ မေလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

*ယမန်နေ့မှအဆက်*

၂၀၂၀ ပြည့်နှစ် ၊ မေလမှ ဩဂုတ်လအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

စာမျက်နှာ -၁၇

ရခိုင်ပြည်နယ်ရှိ ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် ယခုအစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




သစ်တောပြုစုထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း



သံတွဲခရိုင်၊ ဂွမြို့နယ်၊ ၂၀၁၉-၂၀၂၀ လူထုဖြန့် ပျိုးပင်များ ဖြန့်ဝေခြင်း


၂၀၁၉-၂၀၂၀ ခုနှစ်၊ အမ်းမြို့နယ် စိုက်ခင်းဟောင်းပြုစုထိန်းသိမ်းခြင်း (၁၀၀)ဧက



စာမျက်နှာ -၁၈




ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

## နိုင်ငံသားဖြစ်မှု

ယခုအစီရင်ခံသည့်ကာလအတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ

- (၂၂)ဦး — အသက် (၁၀) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း
- (၅၄)ဦး — အသက်(၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း
- (၇၃၆)ဦး — NV Card ထုတ်ပေးခြင်း
- (၄၆၂)ဦး — Bio Metric မှတ်တမ်းတင်ခြင်း



စာမျက်နှာ -၁၉

နိုင်ငံသားစိစစ်ရေးကတ်နှင့် NV Card များ ထုတ်ပေးမှုအခြေအနေ

| အကြောင်းအရာ | (၁-၄-၂၀၁၇) မှ (၃၁-၁၂-၂၀၁၇) အထိ | (၁-၁-၂၀၁၈)မှ (၃၁-၁၂-၂၀၁၈) အထိ | (၁-၁-၂၀၁၉)မှ (၃၁-၈-၂၀၁၉) အထိ | (၁-၉-၂၀၁၉)မှ (၃၁-၁၂-၂၀၁၉) အထိ | (၁-၁-၂၀၂၀)မှ (၃၀-၄-၂၀၂၀) အထိ | (၁-၅-၂၀၂၀)မှ (၃၁-၈-၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်း | | | | | | |
| စုစုပေါင်း(၃၄၉)ဦး | ၁၄၈ ဦး | ၁၃၂ ဦး | ၁၇ ဦး | ၁၈ ဦး | ၁၂ ဦး | ၂၂ ဦး |
| အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်း | | | | | | |
| စုစုပေါင်း(၆၇၂)ဦး | ၄၈၀ ဦး | ၃၅၆ ဦး | ၃၀ ဦး | ၂၈ ဦး | ၂၄ ဦး | ၅၄ ဦး |
| NV Cardထုတ်ပေးခြင်း | | | | | | |
| စုစုပေါင်း(၁၅,၁၃၂)ဦး | ၅၁၆၂ ဦး | ၄၁၁၀ ဦး | ၁၄၆၇ ဦး | ၁၁၄၄ ဦး | ၂၅၁၃ ဦး | ၇၃၆ ဦး |
| Biometric Data စနစ်ဖြင့်မှတ်တမ်းတင်ခြင်း | | | | | | |
| စုစုပေါင်း(၁၆,၆၄၅)ဦး | ၈၅၀၀ ဦး | ၄၅၁၂ ဦး | ၃၀၂၂ ဦး | ၁၃၅၄ ဦး | ၂၈၈၅ ဦး | ၄၆၂ ဦး |
| ကမန်လူမျိုးများအား နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးခြင်း | | | | | | |
| စုစုပေါင်း(၅၅၃၇)ဦး | ၃၃၃၆ ဦး | ၂၂၀၁ ဦး | - | - | - | - |


NVC/NID လုပ်ငန်းစဉ်များဆောင်ရွက်ပြီးနောက် နိုင်ငံသားပြုကတ်များပေးအပ်နေပုံ


နိုင်ငံသားပြုနှင့် နိုင်ငံသားအကြား အခွင့်အရေးရရှိမှု ကွာခြားမှုမရှိကြောင်း ရှင်းလင်းပြောကြားနေပုံ

## လွတ်လပ်စွာသွားလာခွင့်

Form-4 (NVC+ID)

COVID-19 ကာလ အသွားအလာကန့်သတ်မှုများရှိသော်လည်း ယခုအစီရင်ခံသည့်ကာလအတွင်း ကျား(၃၅)ဦး၊ မ(၂၉)ဦး၊ စုစုပေါင်း(၆၄)ဦးသည် ကျန်းမာရေး၊ သင်တန်း၊ အစည်းအဝေးကိစ္စရပ်များအတွက် ယာယီခရီးသွားလာခွင့်ပုံစံ(၄)ဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ သွားရောက်ခဲ့ပါသည်။



စာမျက်နှာ -၂၀

(၁-၁-၂၀၁၈)နေ့မှ (၃၁-၈-၂၀၂၀)နေ့အထိ ပုံစံ(၄)ဖြင့် ခရီးသွားလာမှုအခြေအနေ

ပုံစံ(၄)ဖြင့် ခရီးသွားလာသူစုစုပေါင်း = ၁၃၀၅ ဦး

| | ၁-၁-၂၀၁၈ မှ ၃၁-၁၂-၂၀၁၈ ထိ | ၁-၁-၂၀၁၉ မှ ၃၁-၈-၂၀၁၉ ထိ | ၁-၉-၂၀၁၉ မှ ၃၁-၁၂-၂၀၁၉ ထိ | ၁-၁-၂၀၂၀ မှ ၃၀-၄-၂၀၂၀ ထိ | ၁-၅-၂၀၂၀ မှ ၃၁-၈-၂၀၂၀ ထိ |
|---|---|---|---|---|---|
| စုစုပေါင်း | ၃၁၉ ဦး | ၅၁၁ ဦး | ၂၄၂ ဦး | ၁၆၉ ဦး | ၆၄ ဦး |
| NVC ကိုင်ဆောင်သူ | ၆၇ ဦး | ၁၄၈ ဦး | ၁၂၃ ဦး | ၁၂၆ ဦး | ၃၃ ဦး |
| အမျိုးသားမှတ်ပုံတင်သက်သေခံကတ်-အမတ ကိုင်ဆောင်သူ | ၂၅၂ ဦး | ၃၆၃ ဦး | ၁၁၉ ဦး | ၄၃ ဦး | ၃၁ ဦး |

## IDP ကိစ္စရပ်များ

မြေပုံမြို့၊ တောင်ပေါ် IDP စခန်းပိတ်သိမ်းရေး

မြေပုံမြို့၊ တောင်ပေါ် IDP စခန်းရှိ စခန်းနေသူများ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး မှီခိုမှုကင်းသောဘဝများ၊ ပုံမှန်လူနေမှုဘဝများကို ပြန်လည် တည်ဆောက်နိုင်ရေးအတွက်စခန်းပိတ်သိမ်းရေးဆောင်ရွက်ခဲ့ရာ ကျန်ရှိသည့် အိမ်ရာ(၂၄၂) လုံးကို (၂၂-၅-၂၀၂၀)ရက်နေ့တွင်ဆောက်လုပ်ပြီးစီးခဲ့သဖြင့် စခန်းအား အောင်မြင်စွာပိတ်သိမ်းနိုင်ခဲ့ပြီး ဖြစ်ပါသည်။






*စာမျက်နှာ ၂၂ သို့*

*စာမျက်နှာ ၂၂ မှ*

စာမျက်နှာ -၂၅




၂၀၂၀-၂၀၂၁ ပညာသင်နှစ်တွင် စခန်း (၅၃)ခုရှိ စာသင်ဌာနများတွင် လုပ်အားပေး ဆရာ/ဆရာမ (၅၉၄)ဦးအား ဆရာအတတ်ပညာ သင်တန်းများဖြင့် လေ့ကျင့်ပေး၍ ကျောင်းသား/သူ (၄၂၅၀၉)ဦးအား ပညာသင်ကြားခွင့်ရရှိရေးဆောင်ရွက်ပေးခဲ့ပါသည်။




အခြေခံပညာဦးစီးဌာနမှ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ ငွေကျပ် (၁၇၅၅.၀၃) သန်းကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင် အခြေခံပညာကျောင်းများအား ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွင်း ပထမအကြိမ်အဖြစ် ထောက်ပံ့ပေးခဲ့ပါသည်။

### ကျောင်းပြင်ပ မူလတန်းပညာရေး



၂၀၁၉-၂၀၂၀ပညာသင်နှစ်အတွင်း ရခိုင်ပြည်နယ်၊ မြို့နယ်(၁၀)မြို့နယ်တွင် စခန်း (၅၂)ခုဖြင့် ကျောင်းသား/သူ(၉၀၀)ဦးကို ကျောင်းပြင်ပ မူလတန်း ပညာသင်ကြားပေးနိုင်ခဲ့ပါသည်။

| စဉ် | ပညာသင်နှစ် | စခန်းအရေအတွက် | ကျောင်းသားဦးရေ |
|---|---|---|---|
| ၁ | ၂၀၁၈-၂၀၁၉ | ၅၉ ခု | ၁၁၅၁ |
| ၂ | ၂၀၁၉-၂၀၂၀ | ၅၂ ခု | ၉၀၀ |
| စုစုပေါင်း | | | ၂၀၅၁ |

၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် Save the Children နှင့် UNICEF တို့ပူးပေါင်း၍လည်း ကျောင်းပြင်ပမူလတန်းနှင့် အလယ်တန်းပညာရေး အစီအစဉ်များကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

| စဉ် | မြို့နယ်အမည် | စခန်းအရေအတွက် | ပညာရေးအစီအစဉ် | ကျောင်းသားဦးရေ |
|---|---|---|---|---|
| ၁ | စစ်တွေ | ၁၀ | ကျောင်းပြင်ပမူလတန်း | ၃၅၆ |
| ၂ | ပေါက်တော | ၂ | ကျောင်းပြင်ပမူလတန်း | ၈၂ |
| ၃ | စစ်တွေ | ၂ | ကျောင်းပြင်ပအလယ်တန်း | ၁၃၃ |

### အဆင့်မြင့်ပညာနှင့် သက်မွေးပညာရေးလုပ်ငန်းဆောင်ရွက်ချက်များ

တောင်ကုတ်ဒီဂရီကောလိပ်ကို တောင်ကုတ်တက္ကသိုလ်အဖြစ်လည်းကောင်း၊ ကျောက်ဖြူပညာရေးကောလိပ်ကို ကျောက်ဖြူဒီဂရီကောလိပ်အဖြစ်လည်းကောင်း အဆင့်မြှင့်တင်ပေးခဲ့ပါသည်။ စစ်တွေတက္ကသိုလ်နှင့် တောင်ကုတ်တက္ကသိုလ် (အဝေးသင်ဌာနခွဲ) တို့နှင့် OSS (One Stop Shop) ရုံးတို့ ပူးပေါင်း၍ ပညာသင်နှစ်အလိုက် ကျောင်းဝင်မှတ်ပုံတင်မှုများကို အောက်ပါအတိုင်း လက်ခံဆောင်ရွက်ခဲ့ပါသည်-



စာမျက်နှာ -၂၆

| စဉ် | ပညာသင်နှစ် | ဌာနခွဲ | ကျောင်းသား/သူ | ဦးရေ |
|---|---|---|---|---|
| ၁ | ၂၀၁၇ | စစ်တွေ | မွတ်စလင် | ၉ |
| | | တောင်ကုတ် | | ၃၉ |
| ၂ | ၂၀၁၉ | စစ်တွေ | ရခိုင်+တိုင်းရင်းသား | ၈ |
| | | | အစ္စလာမ်ဘာသာဝင် | ၁၀ |
| ၃ | ၂၀၂၀ | တောင်ကုတ် | ကမန် | ၁၅၈ |
| | | စစ်တွေ | တိုင်းရင်းသား+မွတ်စလင် | ၃၃၈ |

* ၂၀၂၀ ပညာသင်နှစ် ကျောင်းအပ်လက်ခံခြင်းလုပ်ငန်းများကို လတ်တလော COVID-19 ကြောင့် ယာယီဆိုင်းငံ့ထားပါသည်။

### ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း

- ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း ဘွဲ့ကြိုကျောင်းသား၊ ကျောင်းသူများကို အောက်ပါအတိုင်း ပညာသင်ထောက်ပံ့ကြေး ပေးအပ်နိုင်ခဲ့ပါသည်-

| ပညာသင်ထောက်ပံ့ကြေး | တက္ကသိုလ်အမည် | ကျောင်းသား/သူ ဦးရေ | |
|---|---|---|---|
| | | ကျား | မ |
| အဆင့်မြင့်ပညာဦးစီးဌာန ပညာသင်ထောက်ပံ့ကြေး | စစ်တွေတက္ကသိုလ် | ၂၆ | ၃၄ |
| ဦးတင်မောင်ပညာသင်ထောက်ပံ့ကြေး | စစ်တွေနည်းပညာတက္ကသိုလ် | ၄ | ၁၈ |
| ကွန်ပျူတာတက္ကသိုလ်ကျောင်းသားဟောင်းများ(စက်ဘွ) ပညာသင်ထောက်ပံ့ကြေး | ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) | ၁ | - |
| ကွဲပြားခြားနားမှုနှင့် အမျိုးသားရေးသဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့(CDNH)ရခိုင်ပြည်နယ်ပညာသင်ထောက်ပံ့ကြေး | စစ်တွေတက္ကသိုလ် | ၁ | ၁ |
| ရခိုင်ပညာသင်ထောက်ပံ့ကြေး | တောင်ကုတ်တက္ကသိုလ် | ၄ | ၅ |
| စုစုပေါင်း | | ၃၆ | ၅၈ |

(၉၆၉) ဦး၊ တစ်လလျှင် (၃၀,၀၀၀/-)နှုန်း

နည်းပညာနှင့် သက်မွေးပညာကဏ္ဍဆောင်ရွက်မှုများအနေဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(သံတွဲ)တို့တွင် AGTI Diploma (၃)နှစ် သင်တန်းများနှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (စစ်တွေ)တွင် GTHS (၂)နှစ် သင်တန်းများရှိ ကျောင်းသား/သူ(၉၆၉)ဦးကို တစ်ဦးလျှင် တစ်လ (၃၀၀၀၀) ကျပ် ထောက်ပံ့ပေးပါသည်။



စာမျက်နှာ -၂၇

- အစီရင်ခံသည့်ကာလအတွင်း တက္ကသိုလ်ကောလိပ်များတွင် တည်ဆောက်ရေးလုပ်ငန်းများကို အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်-

| စဉ် | လုပ်ငန်း | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၁ | စစ်တွေတက္ကသိုလ်၊ မီးလိုင်းဆွဲခြင်း | ၁၀၀% |
| ၂ | စစ်တွေတက္ကသိုလ်၊ မြေသားကျောက်ချောလမ်းခင်းခြင်း | ၁၀၀% |
| ၃ | စစ်တွေတက္ကသိုလ်၊ (၃) ထပ်စာသင်ဆောင်ဆောက်လုပ်ခြင်း | ၉၂% |
| ၄ | စစ်တွေတက္ကသိုလ်၊ ကွန်ကရစ်လမ်းခင်းခြင်း | ၈၀% |
| ၅ | စစ်တွေတက္ကသိုလ်၊ အုတ်မြစ်စည်းရိုးကာရံခြင်း | ၇၅% |
| ၆ | တောင်ကုတ်ဒီဂရီကောလိပ်၊ (၁၆၀)ဦးဆံ့ ကျောင်းသား/သူ အိပ်ဆောင်ဆောက်လုပ်ခြင်း | ၄၅% |
| ၇ | တောင်ကုတ်ဒီဂရီကောလိပ်၊ (၃) ထပ်စာသင်ဆောင် တည်ဆောက်ခြင်း | ၆၀% |
| ၈ | တောင်ကုတ်ဒီဂရီကောလိပ်၊ တက္ကသိုလ်ဝန်းအတွင်း ကျောက်ချောလမ်း တည်ဆောက်ခြင်း | ၁၀၀% |
| ၉ | တောင်ကုတ်ဒီဂရီကောလိပ်၊ Box Culverts-5-Nos တည်ဆောက်ခြင်း | ၈၀% |
| ၁၀ | နည်းပညာတက္ကသိုလ် (စစ်တွေ)၊ (၁၆၀) ဦးဆံ့ ကျောင်းသားအိပ်ဆောင်ဆောက်လုပ်ခြင်း | ၅၇% |
| ၁၁ | နည်းပညာတက္ကသိုလ် (စစ်တွေ)၊ (၃) ထပ်စာသင်ဆောင်သစ် | ၁၀၀% |
| ၁၂ | ကျောက်ဖြူဒီဂရီကောလိပ်၊ (၄)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း | ၈၅% |
| ၁၃ | ကျောက်ဖြူဒီဂရီကောလိပ်၊ သင်တန်းသား (၁၆၀) ဆံ့အိပ်ဆောင် | ၅၈% |

## ကျန်းမာရေး

### ကျန်းမာရေးစောင့်ရှောက်မှု




ရခိုင်ပြည်နယ်အတွင်း ရွေ့လျားဆေးအဖွဲ့များဖြင့် ဆေးခန်းဖွင့်လှစ်ကုသပေးမှုမှတ်တမ်းဓာတ်ပုံ



စာမျက်နှာ -၂၈

အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်တွင် စုစုပေါင်းလူနာ(၉၆၉၁၁)ဦး ဆေးကုသပေးနိုင်ခဲ့ပါသည်။




### ကျန်းမာရေးဝန်ထမ်းများသင်တန်းပေးမှုအခြေအနေ

| သင်တန်း | တိုင်းရင်းသား | မွတ်စလင်ဘာသာဝင် | စုစုပေါင်း |
|---|---|---|---|
| အရန်သားဖွားသင်တန်း | ၁၅ | - | ၁၅ |
| လူထုကျန်းမာရေးလုပ်သားသင်တန်း(သစ်လွင်) | ၁၁ | ၁၂ | ၂၃ |
| စုစုပေါင်း | ၂၆ | ၁၂ | ၃၈ |

### အာဟာရကျန်းမာရေးစောင့်ရှောက်မှု




အာဟာရကျန်းမာရေးဆိုင်ရာ သင်တန်း(၆)ကြိမ်



သင်တန်းသားစုစုပေါင်း (၁၁၂)ဦး



အာဟာရကျန်းမာရေးဆိုင်ရာအစည်းအဝေး (၉)ကြိမ်ကျင်းပခဲ့ပါသည်

- (၉-၆-၂၀၂၀)ရက်နေ့တွင် ဆင်တက်မော် RHC နှင့် ယာယီကယ်ဆယ်ရေးစခန်း (IDP camps)များသို့ အာဟာရဆိုင်ရာ ကျန်းမာရေးနှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။



*(ဆက်လက်ဖော်ပြပါမည်)*

# ကိုဗစ်အလွန် ဆိတ်မွေးမြူရေးကို အရှိန်အဟုန်မြှင့်တင်ပေးမည့် ကျေးလက်အမျိုးသမီးများ၏စွမ်းအား

## ဒေါက်တာထွန်းမြင့်(မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်)

ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာတွင် လူမှုစီးပွားဘဝ ထိခိုက်မှုများ ကြုံတွေ့ခဲ့ရပြီး အချို့နိုင်ငံများ အကျဘက်သို့ ဦးတည်နေသည်။ ထိခိုက်မှုကို ပြန်လည်ကုစားရန် မိမိတို့ အခြေခံအင်အားအပေါ် မူတည်၍ နိုင်ငံအသီးသီးက ကြိုးစားလျက်ရှိကြသည်။ မြန်မာနိုင်ငံအနေဖြင့် မိမိမှာရှိသည့် အခြေခံအင်အားကို အပြည့်အဝအသုံးချကာ နိုင်ငံအတွင်းရှိ ဒေသအလိုက် အသားကျနေပြီးဖြစ်သော အလားအလာကောင်းသည့် စီးပွားရေးကဏ္ဍများကို မြှင့်တင်ခြင်းမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးအရှိန်ကိုမြှင့်တင်ရန် လိုအပ်သည်။

မြန်မာနိုင်ငံအတွင်းရှိ အခြေခံ အင်အားတစ်ခုမှာ နိုင်ငံ့လူဦးရေ၏ ၅၁ ဒသမ ၈ ရာခိုင်နှုန်းရှိနေသော အမျိုးသမီးထုကြီးပင်ဖြစ်သည်။ နိုင်ငံ့စီးပွားရေးကို တစ်စိတ်တစ်ဒေသ ကျားကန်ပေးနိုင်သော ဒေသနှင့် အလားအလာကောင်းသော စီးပွားရေးကဏ္ဍကို ထောက်ပြရပါလျှင် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသနှင့် ထိုဒေသရှိ ဆိတ်မွေးမြူရေးကဏ္ဍပင် ဖြစ်ပါသည်။

**ကျေးလက်ဒေသ၏ အရေးကြီးနေရာများမှ အမျိုးသမီးထု**

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများ ဖြစ်သည်။ ထိုအထဲတွင် အမျိုးသမီးများသည် ကျေးလက်၏ အင်အားစုအဖြစ် ရပ်တည်လျက်ရှိသည်။ ကျေးလက်ဒေသ၏ မိသားစုတစ်စုတွင် မိသားစုအာဟာရပြည့်မီရေးနှင့် ကျန်းမာရေးအတွက် အမျိုးသမီးများသည် အရေးကြီး အခန်းကဏ္ဍမှ ပါဝင်နေကြသည်။ သားသမီးများ၏ ပညာရည်တိုးတက်မှုအတွက်လည်း အမျိုးသမီးများကပင် ပိုမို ဝါယမစိုက်ထုတ် လုပ်ကိုင်နေကြသည်။ မိဘ၊ သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ရေးတွင်လည်း မေတ္တာစိတ်အပြည့်ဖြင့် ပါဝင်နေကြသည်။ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများတွင်လည်း အမျိုးသားများနည်းတူ အားတက်သရော ပါဝင်လုပ်ဆောင်နေသည့်အပြင် မြန်မာ့ဓလေ့ထုံးတမ်းအရ အိမ်ထောင်ဦးစီး၏နောက် ရပ်တည်၍ မိသားစုအတွက် အထွေထွေ ထောက်ပံ့ပေးနေသူများဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

ထို့အပြင် ကျေးလက်နေပြည်သူလူထု၏ အဓိက စီးပွားရေးလုပ်ငန်းဟု ဆိုအပ်သော မိသားစု စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွင်လည်း အမျိုးသားများနှင့်အတူ လုပ်ကိုင်နေကြရသည်။ အိမ်ထောင်ဦးစီးယောကျ်ားသည် မိသားစုအတွက် အဓိက ငွေရှာသူဖြစ်လင့်ကစား အမျိုးသမီးများကလည်း မိသားစုဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေနေကြသူများဖြစ်သည်။ မောင်တစ်ထမ်း မယ်တစ်ရွက်ထက် သာလွန်၍ မယ်လည်းတစ်ထမ်း ထမ်းနိုင်နေသော ကျေးလက်အမျိုးသမီးများပင် ဖြစ်သည်။ အာဂ အမျိုးသမီးများဖြစ်ပြီး စွမ်းအားကြီးသည်မှာ သိသာလှပေသည်။

**မြန်မာ့ဆိတ်မျိုးများနှင့်အလားအလာကောင်းများ**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၂၀ ပြည့်နှစ်စာရင်းအရ မြန်မာနိုင်ငံတွင် ဆိတ်ကောင်ရေ ၁ ဒသမ ၇ သန်းကျော်ရှိသည်ဟု လေ့လာသိရှိရသည်။ ဆိတ်များကို မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများဖြစ်သော မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး မွေးမြူကြသည်။ မြန်မာနိုင်ငံ၏ ဒေသမျိုးရင်းဆိတ်များအဖြစ် ဂျိတ်နီမျိုး၊ ထိန်စမ်း ခေါ် ညောင်ဦးမျိုးနှင့် ဝေသာလီမျိုးဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

မြန်မာ့ဆိတ်မျိုးများသည် ကိုယ်လုံးကိုယ်ပေါက်၊ အရောင်အသွေး စသည့် ပြင်ပရုပ်သွင် ကွဲပြားကြသည်။ ဂျိတ်နီဆိတ်မျိုးများကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် မြင်းခြံမြို့နယ်တို့တွင်လည်းကောင်း၊ ထိန်စမ်း ဆိတ်မျိုးများကို ပုဂံ၊ ပုပ္ပားနှင့် ညောင်ဦးမြို့နယ်တွင်လည်းကောင်း၊ ဝေသာလီဆိတ်မျိုးများကို မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၊ ပေါက်မြို့နယ်နှင့် မြိုင်မြို့နယ်တို့တွင် လည်းကောင်း အများဆုံး မွေးမြူလျက်ရှိသည်။

အသက် တစ်နှစ်အရွယ်တွင် ဂျိတ်နီဆိတ်မျိုးများသည် ၂၅-၃၅ ကီလိုဂရမ် (၁၅-၂၀ ပိဿာခန့်)၊ ထိန်စမ်းမျိုးများသည် ၂၅-၃၀ ကီလိုဂရမ် (၁၅-၁၉ ပိဿာခန့်)၊ ဝေသာလီဆိတ်မျိုးများသည် ၃၅-၃၈ ကီလိုဂရမ်(၂၀-၂၄ ပိဿာခန့်) အထိ ကြီးထွားကြသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းကာ မြန်မာ့ဆိတ်မျိုးများ၏ မျိုးဗီဇဆိုင်ရာ အချက်အလက်များကို မော်လီကျူလာနည်းပညာများဖြင့် တိုင်းတာခဲ့ရာ ထိန်စမ်းမျိုးနှင့် ဝေသာလီမျိုးတို့သည် မျိုးဗီဇအရ နီးကပ်စွာ ရောယှက်လျက်ရှိပြီး ဂျိတ်နီဆိတ်မျိုးသည် ကိုယ်ပိုင်



မိတ္ထီလာမြို့နယ်အတွင်း ကျေးရွာတစ်ရွာမှ စီးပွားဖြစ် ဆိတ်မွေးမြူရေးလုပ်ငန်းတစ်ခု
ဓာတ်ပုံ - သိန်းမြင့်ကျော်(မိတ္ထီလာ)

သီးသန့်မျိုးဗီဇ ပိုင်ဆိုင်ထားသည်ဟု လေ့လာသိရှိရသည်။ ထို့အပြင် မြန်မာဆိတ်မျိုးများသည် အာရှဆိတ်မျိုးများ၏ မိဘမျိုးရိုးဗီဇအတိုင်း ပိုမိုလွှမ်းမိုးမှုရှိနေပြီး တရုတ်ဆိတ်မျိုး မိခင်၏မျိုးဗီဇမှ ဆင်းသက်လာသည်ဟုလည်း လေ့လာသိရှိရသည်။

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ လေ့လာမှုတစ်ရပ်တွင် အသက် ၁၀ လအရွယ်ရှိ ဂျိတ်နီဆိတ်မျိုးနှင့် ထိန်စမ်းဆိတ်မျိုးများကို လွှတ်ကျောင်းခြင်းမရှိဘဲ ခြံလှောင်မွေးမြူထား၍ ကောက်ရိုး၊ ပဲဖတ်နှင့် ဘောစကိုင်းရွက်တို့ အချိုးကျပါဝင်သော စပ်စာကို ကျွေးကာ ၎င်းတို့၏ သွေးဆဲလ်များနှင့် သွေးအတွင်း ဇီဝဓာတုဗေဒပြောင်းလဲမှု အခြေအနေ၊ အစာချေဖျက်မှု၊ ခန္ဓာကိုယ်အတွင်း အာဟာရသုံးစွဲနိုင်မှုနှင့် ကြီးထွားမှု စသည်တို့ကို လေ့လာဆန်းစစ်ခဲ့သည်။

ဤလေ့လာမှုအရ ဂျိတ်နီဆိတ်မျိုးများသည် စပ်စာကျွေး၍ ခြံလှောင်မွေးမြူခြင်းကို နေသားတကျဖြစ်ရန် ခက်ခဲပြီး ထိန်စမ်းမျိုးကသာ အလွယ်တကူ နေသားတကျဖြစ်ကာ ပိုမိုကြီးထွားလာကြောင်း သိရှိခဲ့ရသည်။ ဂျိတ်နီဆိတ်မျိုးများသည် လွှတ်ကျောင်းစနစ်နှင့် ပိုမိုကိုက်ညီကြောင်း သုံးသပ်ရသည်။ ထို့ကြောင့် မိရိုးဖလာ မွေးမြူရေးစနစ်မှ စီးပွားဖြစ် ခေတ်မီနည်းပညာသုံး မွေးမြူရေးစနစ်သို့ ပြောင်းလဲမည်ဆိုပါက မျိုးရွေးချယ်မှုမှန်ကန်ရန် အရေးကြီးကြောင်း သုတေသနပြု လေ့လာမှုမှ သိရှိခဲ့ရသည်။

**မြန်မာနိုင်ငံမှ ဆိတ်မွေးမြူသည့်ဓလေ့နှင့် ပြည်ပဈေးကွက် အလားအလာ**

ယေဘုယျအားဖြင့် ဆိတ်မတစ်ကောင်၏ ကိုယ်ဝန်ဆောင်ကာလမှာ ပျမ်းမျှ ရက်ပေါင်း ၁၅၀ ဝန်းကျင်သာရှိသည်။ တစ်ခါ သားမွေးလျှင် တစ်ကောင်မှ သုံးကောင် မွေးဖွားကြသည်။ မျိုးအပေါ်မူတည်၍ တစ်နှစ်မှ တစ်နှစ်ခွဲအတွင်း နှစ်ကြိမ် သားဖွားနိုင်ကြသည်။ ဆိတ်မတစ်ကောင်သည် အသက် ငါးနှစ်မှ ခုနစ်နှစ်အတွင်း အကောင်းဆုံး မျိုးပွားနိုင်သည်။ ဒေသမျိုးများဖြစ်၍ ရောဂါဒဏ်ကိုလည်း ခံနိုင်ရည်ရှိကြသည်။ အစာကျွေးမွေးရန်အတွက်လည်း အထူးရှာဖွေပေးရန် မလိုပေ။

မြန်မာနိုင်ငံရှိ ဆိတ်မွေးမြူကြသူ တောင်သူများ၏ မိရိုးဖလာ မွေးမြူရေးဓလေ့အရ ရာသီအပေါ်မူတည်ပြီး တစ်ရက်လျှင်တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် လွှတ်ကျောင်းလေ့ရှိသည်။ ဆိတ်များအတွက် စားကျက်များကိုလည်း အထူးစိုက်ပျိုးပေးထားရန် မလိုပေ။ အများဆိုင် ကျေးရွာစားကျက်ကွင်းများတွင် လွှတ်ကျောင်းပေးလေ့ရှိသည်။ ဆိတ်များသည် အစာရေစာရှားပါးသော ရာသီများ၌ပင် ၎င်းတို့၏ သဘာဝအရ အာဟာရဓာတ် လိုအပ်ချက်ကို ပြည့်မီအောင် ရှာဖွေစားသောက်နိုင်ကြသည်။ မိရိုးဖလာ မွေးမြူရေးစနစ်အရ အိမ်တွင် ဖြည့်စွက်အစာ ထမ်းမံ မကျွေးသော်လည်း ဆိတ်အသက် တစ်နှစ် သို့မဟုတ် တစ်နှစ်ခွဲအရွယ်တွင် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်။

ယခုအခါ ဆိတ်များကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနေပြီဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆိတ်အရှင်များ တင်ပို့ရောင်းချမှုမှ ၂၀၁၉ ခုနှစ် တစ်နှစ်တည်းတွင်ပင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇ သန်းဖိုး ရရှိခဲ့သည်ဟု လေ့လာသိရှိရသည်။

ကျေးလက်နေပြည်သူလူထုအတွက် ဆိတ်မွေးမြူရေးလုပ်ငန်း၏ စီးပွားရေးအရ အလားအလာကောင်းများကို ချုပ်၍ဆိုရပါမူ ဆိတ်များသည် အခြား ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းနှင့် နှိုင်းစာလျှင် အချိန်တိုအတွင်း မျိုးပွားလွယ်သော တိရစ္ဆာန်များဖြစ်ခြင်း၊ အစားအစာအတွက် လုပ်အားနှင့် ငွေကြေးကုန်ကျမှု သက်သာခြင်း၊ အချိန်တိုအတွင်း မိသားစုဝင်ငွေ ဖော်ဆောင်ပေးခြင်းမှတစ်ဆင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာစေခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနိုင်ခြင်း စသည်တို့ဖြစ်သည်။

**ကျေးလက်ဆိတ်မွေးမြူရေးကဏ္ဍတွင် အမျိုးသမီးများပါဝင်မှုကို လေ့လာခြင်း**

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်က ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းတက္ကသိုလ်နှင့် ပူးပေါင်းကာ ကျေးလက်ဒေသ တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူရေးလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်နေမှုကို ၂၀၁၈ ခုနှစ်က လေ့လာမှုတစ်ခု ပြုလုပ်ခဲ့သည်။ မိတ္ထီလာမြို့နယ်၊ မြင်းခြံမြို့နယ်နှင့် နွားထိုးကြီးမြို့နယ်များအတွင်းရှိ ကျေးရွာ ရှစ်ရွာတွင် ကနဦးလေ့လာမှု Pilot study အဖြစ် စတင်ခဲ့သည်။

အဆိုပါမြို့နယ်များရှိ ကျေးရွာများမှ ဆိတ်မွေးမြူရေးတောင်သူ ၆၀ အား ၎င်းတို့၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအကြောင်း၊ ဝင်ငွေနှင့် လူမှုစီးပွားဘဝဆိုင်ရာ အချက်အလက်များ၊ ဆိတ်မွေးမြူရေး လုပ်ငန်းတွင် မိသားစု တာဝန်ခွဲဝေယူကြပုံ၊ ကြုံတွေ့နေရသော အခက်အခဲများ၊ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဗဟုသုတနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းအပေါ် ၎င်းတို့၏ အမြင်သဘောထား စသည်တို့ကို မေးမြန်းခဲ့သည်။

မေးမြန်းခဲ့မှုအပေါ် အခြေခံ၍ ကိန်းဂဏန်းတွက်ချက်မှုများ ပြုလုပ်ခဲ့ရာ မွေးမြူသူများတွင် ကိုယ်ပိုင်တိရစ္ဆာန်ကို ကိုယ့်အိမ်မှာထား၍ ကိုယ်တိုင် စီမံခန့်ခွဲပြီး မွေးမြူသူ၊ ကိုယ်ပိုင်တိရစ္ဆာန်ကို အခြားသူ၏အိမ်၌ ထားရှိကာ ကိုယ်တိုင် စီမံခန့်ခွဲ မွေးမြူသူနှင့် အခြားသူ၏တိရစ္ဆာန်ကို ကိုယ့်အိမ်၌ထားကာ ကိုယ်က တာဝန်ယူ စီမံခန့်ခွဲ၍ မွေးမြူသူဟု တွေ့ရှိခဲ့သည်။

လေ့လာခဲ့သောဒေသရှိ မွေးမြူရေးသမား အများစုသည် ကိုယ်ပိုင်ဆိတ်များကို ကိုယ့်အိမ်မှာထား၍ ကိုယ်တိုင် စီမံခန့်ခွဲ မွေးမြူသူများ ဖြစ်သည်။ ဆိတ်ခြံအတွင်း သားမွေးနိုင်သော ဆိတ်မကြီးများ အရေအတွက်သည် အများဆုံး၊ ဆိတ်မငယ်များသည် ဒုတိယအများဆုံးနှင့် သင်းကွပ်ထားသော ဆိတ်ထီးများက တတိယအများဆုံး ပါဝင်မွေးမြူထားကြသည်။ ထူးခြားချက်အဖြစ် သင်းကွပ်ထားသော ဆိတ်ထီးများကို သဘာဝ စားကျက်များတွင် လွှတ်ကျောင်းရုံသာမက အိမ်တွင်လည်း ဖြည့်စွက်စာ ကျွေးကာ အသားတိုးအဖြစ် သီးသန့်မွေးမြူသူ အနည်းငယ်ကိုလည်း တွေ့ရှိခဲ့သည်။

ဆိတ်မွေးမြူသူ တောင်သူများ၏ ဝင်ငွေကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ လုပ်အားခ၊ ပြည်တွင်းသို့မဟုတ် ပြည်ပမှလွှဲပို့ငွေနှင့် အခြားဝင်ငွေဟူ၍ ခွဲခြားဆန်းစစ်ခဲ့ရာ ဆိတ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော တောင်သူ ၆၀ အနက် တစ်ဦး၏ တစ်နှစ်တာအတွင်း ပျမ်းမျှဝင်ငွေသည် ငွေကျပ် ၁၉ သိန်းခန့်ဖြစ်ကြောင်း တွေ့ရှိ ရသည်။

ဆိတ်မွေးမြူရေးလုပ်ငန်းမှ အနည်းဆုံး ဝင်ငွေရရှိသူသည် ငွေကျပ် ရှစ်သောင်းမှ အများဆုံး ငွေကျပ်သိန်း ၅၀ အထိရှိနေသည်။ ၎င်းတို့၏ဝင်ငွေသည် မွေးမြူထားသော ဆိတ်ကောင်ရေအပေါ် မူတည်၍ ကွဲပြားခြားနားနေခြင်းဖြစ်သည်။ ဆိတ်မွေးမြူရေးသည် ဝင်ငွေကောင်းသော လုပ်ငန်းဖြစ်ခြင်းကြောင့် တောင်သူများအား မိရိုးဖလာ မွေးမြူရေးလုပ်ငန်းအစား ခေတ်မီနည်းပညာသုံး မွေးမြူရေးဆိုင်ရာ ဗဟုသုတများမြှင့်တင်ပေးပြီး ဝင်ငွေတိုးတက်ရရှိရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်သင့်ပါသည်။

မိသားစုအတွင်း ဆိတ်မွေးမြူရေးလုပ်ငန်း တာဝန်များခွဲဝေယူခြင်းနှင့် အမျိုးသမီးများ ပါဝင်လုပ်ကိုင်နေမှုကို ဆန်းစစ်သည့်အခါ လွှတ်ကျောင်းခြင်း၊ အိမ်၌အစာကျွေး၊ ရေတိုက်ခြင်း၊ ဆိတ်ရောင်း၊ ဆိတ်ဝယ် ပြုလုပ်ခြင်း၊ ထိုသို့ပြုလုပ်ခြင်းကို ဆုံးဖြတ်ချက်ချခြင်း၊

**“ဆိတ်များသည် ကုန်ကျစရိတ် သက်သက်သာသာဖြင့် မွေးမြူနိုင်ပြီး အချိန်တိုအတွင်း မျိုးပွားမြန်သဖြင့် ကျေးလက်နေမွေးမြူရေးတောင်သူများအတွက် အမြန်ဆုံး ဝင်ငွေပေးစွမ်းနိုင်သော ငွေစုစာအုပ်ပမာ ဖြစ်သည်။ ဆိတ်များသည် အခြားကြက်နှင့် ဝက်ကဲ့သို့ လူတို့စားသောအစာကို မစားဘဲ ကြီးထွားရှင်သန်နေနိုင်ကြပြီး အစာမျှဝေရယူမှု မရှိသဖြင့် လူသားများအတွက် အစားအစာဖူလုံရေးကို မထိခိုက်စေပါ။ ထို့အပြင် မျက်နှာပန်းလှသော ပြည်ပပို့ကုန်ဖြစ်သဖြင့် ပိုမိုထုတ်လုပ်နိုင်လေ၊ နိုင်ငံတော်အတွက် အကျိုးအမြတ်များလေ ဖြစ်သည်”**

*စာမျက်နှာ ၂၅ သို့*

# စိုက်ပျိုးမွေးမြူရေးဧက နှစ်သိန်းသုံးသောင်းကျော်အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ဆောင်ရွက်ပေး



ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတား ဆောင်ရွက်ပေးထားမှုကိုတွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၁

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးမွေးမြူရေး ဧက နှစ်သိန်း သုံးသောင်းကျော် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းမိုင်ပေါင်း ၆၀၀ ကျော်နှင့် ကုန်ထုတ်တံတား အစင်းပေါင်း ၈၀၀ ကျော်ကို ငွေကျပ် ၂၄ ဘီလီယံကျော် အသုံးပြု အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အဆိုပါဦးစီးဌာန တာဝန်ရှိသူထံက သိရသည်။**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုမှ မြို့နယ် ၂၅၄ မြို့နယ် တွင် မြေသားလမ်း ၄၆ လမ်း ၁၀၂ မိုင် ၆ ဒသမ ၈၉၉ ဖာလုံ၊ ဂျင်းလမ်း ၁၁၈ လမ်း ၁၄၅ မိုင် ၀ ဒသမ ၃၇၇ ဖာလုံ၊ ရိုစာလမ်း ၂၄၇ လမ်း ၃၆၄ မိုင် ၄ ဒသမ ၈၅၅ ဖာလုံ၊ ကျောက်ချောလမ်း လေးလမ်း နှစ်မိုင် ၀ ဒသမ ၉၆ ဖာလုံ စုစုပေါင်းကုန်ထုတ်လမ်း ၄၁၅ လမ်း ၆၁၄ မိုင် ၅ ဒသမ ၀၈၉ ဖာလုံနှင့် ကုန်ထုတ် တံတားအဖြစ် ကွန်ကရစ်တံတား ၁၁၄ စင်း၊ သစ်သားတံတား လေးစင်း၊ ရေပြွန် အစင်း ၇၀၀ ၊ ရေကျော် ၅၇ စင်း စုစုပေါင်း ကုန်ထုတ်တံတား ၈၇၅ စင်းတို့ကို ငွေကျပ် ၂၄၉၆၂ ဒသမ ၃၃၁ သန်းဖြင့် အသုံးပြု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်) စိစစ်အကဲဖြတ်ရေးနှင့် အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်မီမီထွေးက ပြောသည်။

"ကျွန်မတို့ ဦးစီးဌာနအနေဖြင့် ကုန်ထုတ်လမ်း၊ တံတားတွေ ဖောက်လုပ်ပေးနေတာဆိုရင် ဒေသတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးတောင်သူတွေ အကျိုးစီးပွားအတွက် လုပ်ဆောင် ပေးနေတာပါ။ အခုလို ဖောက်လုပ်ပေးနေတာကလည်း မြို့နယ်အလိုက် ဒေသခံတောင်သူတွေ တောင်းဆိုတဲ့အတွက်ကြောင့် လုပ်ဆောင်ပေးနေတာပါ၊ ကုန်ထုတ်လမ်းဖောက်လုပ်တဲ့အခါမှာ လမ်းမြေအမျိုးအစားပေါ်မူတည်ပြီး ကျောက်ချော၊ ကွန်ကရစ်လမ်း၊ ကျောက်ရောမြေ၊ ရိုစာ၊ ဂျင်း စသည်တို့ကို တစ်လွှာ၊ နှစ်လွှာခင်းပေးတာပါ၊ အမာခံမြေနည်းတဲ့အတွက် ပျက်စီးမှုနည်းအောင် သတ်မှတ်တဲ့ သိပ်သည်းထုရအောင်လည်း လုပ်ဆောင်ပေးထားတာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ကုန်ထုတ်လမ်း၊ တံတားများ ဆောင်ရွက်နိုင်မှုကြောင့် မြို့နယ် ၂၅၄ မြို့နယ်မှ ကျေးရွာပေါင်း ၅၉၂ ရွာ၊ လူဦးရေ ၄၆၉၄၂၂ ဦး တို့၏ စိုက်ပျိုးမွေးမြူရေးဧက ၂၃၅၂၀၀ ကျော် အကျိုး ပြုနိုင်မည်ဖြစ်ပြီး ယင်းစိုက်ပျိုးမွေးမြူရေး ဧကများမှ လယ်ယာထုတ်ကုန်/ ထွက်ကုန်များနှင့် မွေးမြူရေးထုတ်ကုန်များ ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံ စံပြစိုက်ကွက် ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြသမည်

**မုံရွာ နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် စံပြစိုက်ကွက်များအဖြစ် ခရိုင် ၁၁ ခုနှင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ မြို့နယ်များတွင် ၃၀၇၅ ဧက ကို စိုက်ပျိုးပြသနိုင်ရေး စီစဉ်လျက် ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်မာမာဦးထံမှ သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် စံပြစိုက်ကွက်များအဖြစ် ဂျုံမျိုးကောင်းမျိုးသန့်ဧက ၁၁၀၊ ပဲတီစိမ်းဧက ၄၀၊ စားတော်ပဲ ၁၄၅ ဧက၊ ပဲပုတ် ၁၈၅ဧက၊ ပဲကြီး ၃၅ ဧက၊ စွန်တာပြာ ဧက၂၀ ၊ အစေ့ထုတ်ပြောင်း ၂၆၅ ဧက၊ ကုလားပဲ ဧက ၅၂၀ ၊ မတ်ပဲ ဧက ၂၀၊ မြေပဲ ဧက ၇၉၀၊ နှမ်း ၄၂၅ ဧကနှင့် နေကြာ ဧက ၅၂၀ တို့ကို စိုက်ပျိုး ပြသသွားမည် ဖြစ်ကြောင်း သိရသည်။




"တောင်သူတွေနဲ့ စိုက်ပျိုးရေး ဝန်ထမ်းတွေ ပူးပေါင်းပြီး စံပြ စိုက်ကွက်တွေ ဖော်ဆောင်စိုက်ပျိုး ပြသသွားမှာ ဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ကလည်း စံပြ စိုက်ကွက်တွေမှာသာမက စိုက်ပျိုးရေးဝန်ထမ်းတွေဆီမှာလည်း လူကိုယ်တိုင် သွားရောက်တာပဲဖြစ်ဖြစ်၊ ဖုန်းနဲ့ပဲဖြစ်ဖြစ် မိမိတို့စိုက်ပျိုးလိုတဲ့ သီးနှံမျိုးကောင်းမျိုးသန့်တွေရရှိဖို့ စိုက်ပျိုးနည်းစနစ်တွေကိုလည်း မေးမြန်းနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

တိုင်းဒေသကြီးအတွင်း စံပြ စိုက်ခင်းများအဖြစ် စစ်ကိုင်းခရိုင်အတွင်း ဧက ၃၁၀ ၊ မုံရွာခရိုင်အတွင်း ဧက ၃၀၀ ၊ ယင်းမာပင်ခရိုင်အတွင်း ၃၄၅ ဧက၊ ရွှေဘိုခရိုင် အတွင်း ဧက ၃၄၀ ၊ ကန့်ဘလူခရိုင်အတွင်း ၁၈၅ ဧက၊ ကသာခရိုင်အတွင်း ၃၆၅ ဧကကိုလည်းကောင်း၊ ကောလင်းခရိုင်အတွင်း ၃၅၈ ဧက၊ ကလေးခရိုင်အတွင်း ၃၇၅ ဧက၊ မော်လိုက်ခရိုင် အတွင်း ဧက ၁၇၀၊ တမူး ခရိုင်အတွင်း ၁၉၅ ဧက၊ ခန္တီးခရိုင်အတွင်း ဧက ၉၀ နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၄၂ ဧကတို့ကို စံပြစိုက်ခင်းများအဖြစ် တည်ထောင် စိုက်ပျိုးပြသမည် ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧေယျာတိုင်း)**

# အရည်အသွေးပြည့်မီသော ငါးသားပေါက်များ ထုတ်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၁**

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးမွေးမြူရေးလုပ်ငန်းများ ရေရှည်တည်တံ့၍ အစားအစာဘေးအန္တရာယ်ကင်း၍ အရည်အသွေးပြည့်ဝသည့် မွေးမြူရေး ရေထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ကောင်းမွန်သော ငါးမွေးမြူရေးကျင့်စဉ်နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာသန်စွမ်းပြီး အရည်အသွေးကောင်းမွန်သော ငါးသားပေါက်များ ထုတ်လုပ်နိုင်ပြီး ငါးမွေးတောင်သူများသို့ ဖြန့်ချိနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သရက်ကုန်းငါးလုပ်ငန်းစခန်းရှိ ရေချိုငါး မွေးမြူရေး သုတေသနနှင့် တိုးချဲ့ပညာပေးရေးဗဟိုဌာန (Freshwater Aquaculture Research and Extension Center) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မော်မော်သန်းနှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ သရက်ကုန်း ငါးလုပ်ငန်းစခန်း၏ ရေသွင်းရေထုတ်မြောင်းများ၊ အစာကိုဒေါင်နှင့် ထုံးကိုဒေါင် တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် ကောင်းမွန်သော ငါးမွေးမြူရေးကျင့်စဉ်များနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၄ မှ*

ဆိတ်များဖျားနာသည့်အခါ ပြုစုစောင့်ရှောက်ခြင်း၊ ဆေးကုသခြင်း နှင့် ဆိတ်ရောင်းခြင်းမှရသောဝင်ငွေကို ကိုင်တွယ်အသုံးပြုခြင်း စသည့် လုပ်ငန်းတာဝန်များ အလိုက် ခွဲခြားဆန်းစစ်ခဲ့ရာ အဆိုပါတာဝန်များကို အရွယ်ရောက်ပြီးသူ အမျိုးသားရော အမျိုးသမီးများပါ အဓိကလုပ်ဆောင်ကြသည်ကို တွေ့ရသည်။ အရွယ်မရောက်သေးသည့် ကလေးများပင် မိသားစုဝင်ငွေအတွက် လုပ်ငန်းတာဝန်အချို့ကို ခွဲဝေယူကြသည်ကိုလည်း အနည်းငယ်တွေ့ရသည်။

လေ့လာခဲ့သောဒေသများရှိဆိတ်မွေးမြူရေးလုပ်ငန်းတွင် အမျိုးသမီးများသည် ၄၄ ရာခိုင်နှုန်းခန့်အထိ ပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ အိမ်တွင် လုပ်ကိုင်ရသော အစာကျွေးခြင်း၊ ရေတိုက်ခြင်း၊ ဖျားနာပြုစုခြင်း လုပ်ငန်းများသာမက အိမ်ပြင်ပထွက်၍ လုပ်ကိုင်ရသော လွှတ်ကျောင်းခြင်းလုပ်ငန်းများကိုလည်းပဲ အမျိုးသားများနည်းတူ လုပ်ကိုင်ဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် ဖျားနာပြုစုခြင်း၊ ရိုးရာနည်းဖြင့် ဆေးကုသ ခြင်းနှင့် ဆိတ်မွေးမြူရေးမှရရှိသောဝင်ငွေကို မိသားစု စား၊ ဝတ်၊ နေရေးအတွက် အသုံးပြုခြင်း လုပ်ငန်းများတွင် အမျိုးသမီးများက အမျိုးသားများထက်ပင် ကျော်လွန် လုပ်ကိုင်နေကြသည်ကို တွေ့ရှိရသည်။ အထူးစိတ်ဝင် စားဖွယ်ကောင်းသည့်အချက်မှာ အဆိုပါဒေသရှိ အမျိုးသမီးများသည် ဆိတ်ပွဲစားများနှင့် ထိတွေ့ဆက်ဆံ၍ ဆိတ်ရောင်း၊ ဆိတ်ဝယ်ခြင်းနှင့် ထိုသို့ပြုလုပ်ရန် ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းများတွင်လည်း အမျိုးသားများနည်းတူ ပါဝင်လုပ်ကိုင် ဆောင်ရွက်နိုင်ကြသည်ကို တွေ့ရှိရသည်။

မွေးမြူရေးတောင်သူများသည် ဆိတ်များကို အငှားမွေးမြူခြင်းထက် ကိုယ်ပိုင် ဝယ်ယူမွေးမြူကြခြင်း၊ မျိုးပွားမြန်သည့် ဆိတ်မကြီးများကိုသာ အများဆုံး မွေးမြူထားခြင်း၊ ကြီးထွားမှုမြန်ကာ ဈေးကွက်လှသော သင်းကွပ်ထားသည့် ဆိတ်ထီးများကို စတင်မွေးမြူလာခြင်း၊ မိရိုးဖလာ လွှတ်ကျောင်းစနစ်နှင့်အတူ အိမ်တွင် ဖြည့်စွက်စာထပ်မံကျွေးခြင်းကို စတင် ကျင့်သုံးလာခြင်း၊ မိသားစုတစ်စုတွင် လူကြီးများကသာ ဆိတ်မွေးမြူရေး၏ လုပ်ငန်းတာဝန်အများစုကို ဆောင်ရွက်နေခြင်း၊ အမျိုးသမီးများသည် ဆိတ်မွေးမြူရေးနှင့် ပတ်သက်၍ မိသားစုအတွင်း ဆုံးဖြတ်ချက်ချခြင်းကဲ့သို့သော အရေးကြီးတာဝန်များကို အမျိုးသားများနည်းတူ ဆောင်ရွက်နေခြင်းနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းမှ ရရှိသော ဝင်ငွေကို လူမှုစီးပွားဘဝအတွက် အမျိုးသမီးများက ဦးဆောင်စီမံခန့်ခွဲနေခြင်း စသည့်အချက်အလက်များကို သိရှိခဲ့ရသည်။

ထိုနည်းတူ သာစည်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ နတ်မောက်မြို့နယ်၊ မြိုင်မြို့နယ်နှင့် မလှိုင်မြို့နယ်များတွင် အလားတူ လေ့လာမှုများကို အများအပြား ပြုလုပ်ခဲ့ရာတွင်လည်း ဆိတ်မွေးမြူရေးလုပ်ငန်းတွင် အမျိုးသမီးများ ပါဝင်နေမှု များပြားကြောင်း တွေ့ရသည်။

**အားသာချက်များစုစည်း၍ ဆိတ်မွေးမြူရေးကို အရှိန်မြှင့် ဆောင်ရွက်နိုင်ခြင်း**

ဆိတ်များသည် ကျွဲ၊ နွားကဲ့သို့ ကိုင်တွယ်ထိန်းကျောင်းရန်ခက်ခဲသော တိရစ္ဆာန်များမဟုတ်ဘဲ အမျိုးသမီးများပင် လွယ်ကူစွာ ကိုင်တွယ်ထိန်းကျောင်းနိုင်ခြင်းနှင့် ကျေးလက်ဒေသ ဆိတ်မွေးမြူရေးတွင် အမျိုးသားများနည်းတူ အမျိုးသမီးများကလည်း နေသားတကျ လုပ်ကိုင်နိုင်ခြင်း စသည်တို့သည် ဆိတ်မွေးမြူရေးလုပ်ငန်းကို အရှိန်မြှင့်ရန် အတွက် အလွန်အရေးကြီးသော အခြေခံ အားသာချက်များပင် ဖြစ်သည်။

ပြည်ပပို့ကုန်လိုအပ်ချက် ရှိနေချိန်ဖြစ်သဖြင့် မွေးမြူရေးကို အရှိန်မြှင့်တင်ရန် အချိန်အခါကောင်းလည်း ဖြစ်နေသည်။ ဆိတ်များသည် ကုန်ကျစရိတ် သက်သက်သာသာဖြင့် မွေးမြူနိုင်ပြီး အချိန်တိုအတွင်း မျိုးပွားမြန်သဖြင့် ကျေးလက်နေ မွေးမြူရေးတောင်သူများအတွက် အမြန်ဆုံး ဝင်ငွေပေးစွမ်းနိုင်သော ငွေစုစာအုပ်ပမာ ဖြစ်သည်။

ဆိတ်များသည် အခြား ကြက်နှင့် ဝက်ကဲ့သို့ လူတို့စားသောအစာကို မစားဘဲ ကြီးထွားရှင်သန်နေနိုင်ကြပြီး အစာမျှဝေရယူမှု မရှိသဖြင့် လူသားများအတွက် အစားအစာဖူလုံရေးကို မထိခိုက်စေပါ။ ထို့အပြင် မျက်နှာပန်းလှသော ပြည်ပပို့ကုန်ဖြစ်သဖြင့် ပိုမိုထုတ်လုပ်နိုင်လေ၊ နိုင်ငံတော်အတွက် အကျိုးအမြတ်များလေ ဖြစ်သည်။ ဤသို့ ဆိတ်မွေးမြူခြင်း၏ အားသာချက် အလားအလာကောင်းများကို အကောင်အထည်ဖော်ပေးနိုင်မည့် နိုင်ငံတော်၏ အင်အားစုတစ်ခုဖြစ်သည့် ကျေးလက်နေ အမျိုးသမီးများနှင့် ဟန်ချက်ညီညီ ချိတ်ဆက်ပေးရန် လိုအပ်နေသည်။ အဆိုပါ အင်အားစုများ၏ စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးရန် လိုအပ်သည်။

ကျေးလက်နေ အမျိုးသမီးများအား ဆိတ်မွေးမြူရေးတွင် ပိုမိုအာရုံစိုက်လာအောင် ပြုလုပ်ပေးရန် လိုအပ်သည်။ ၎င်းတို့၏ လုပ်နိုင်စွမ်းကိုလည်း ၎င်းတို့ကိုယ်တိုင် သိရှိနားလည်ကာ မိမိကိုယ်မိမိ ယုံကြည်မှုရှိလာစေရေး အားပေးတိုက်တွန်းရန် လိုအပ်နေသည်။ အဖွဲ့အစည်းအသီးသီးက ကမကထပြု ဦးစီးသော မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်း၊ ဟောပြောပွဲများနှင့် လက်တွေ့သရုပ်ပြ သင်ကြားမှုများတွင် ကျေးလက်နေ အမျိုးသားများသာမက အမျိုးသမီးထုကိုပါ ပိုမိုတက်ရောက်စေခြင်းဖြင့် မွေးမြူရေးဆိုင်ရာ အသိပညာ ဗဟုသုတများ မြှင့်တင်ပေးသင့်သည်။ လိုအပ်သော အရင်းအနှီး၊ ငွေကြေးစသည်တို့ကိုလည်း မတည်ထောက်ပံ့ပေးရန် လိုအပ်သည်။

မြန်မာနိုင်ငံ၏ အဓိကအင်အားစုတစ်ရပ်ဖြစ်သော ကျေးလက်အမျိုးသမီးများ နေ့စဉ်ဝင်ငွေတိုးကာ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာစေရေးအတွက် ၎င်းတို့နှင့် သဟဇာတဖြစ်သော ဆိတ်မွေးမြူရေးကို သက်ဆိုင်ရာကဏ္ဍများက မူဝါဒများချမှတ်ကာ ပံ့ပိုးပေးသင့်လှပေသည်။ ထိုသို့ပြုလုပ်ပေးခြင်းအားဖြင့် "တိုင်း၍ရက်သည့် ပက္ကလာ၊ မိုးရွာသည်နှင့်အခန့်သင့်" ဆိုသကဲ့သို့ ကမ္ဘာ့ကပ်ရောဂါဆိုး ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်နေသည့် လူမှုစီးပွားဘဝ ထိခိုက်မှုများကို အချိန်အနည်းငယ်အတွင်း အတိုင်းအတာတစ်ခုအထိ ပြန်လည်ကုစားပေးနိုင်မည့် နည်းလမ်းတစ်ခုလည်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

# ပွင့်ဖြူမြို့နယ်၌ မဲရုံများပြင်ဆင်ထားမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကြည့်ရှုစစ်ဆေး

**ပွင့်ဖြူ နိုဝင်ဘာ ၁**
ပွင့်ဖြူမြို့နယ်အတွင်းရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်နှင့် တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက အောက်တိုဘာ ၃၁ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မုန်းသီတာခန်းမ၌ ပွင့်ဖြူမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ ပွင့်ဖြူမြို့နယ်အတွင်း လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားရှိသော ညွှန်ကြားချက်များကိုလည်းကောင်း၊ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးရာတွင် အခက်အခဲမရှိအဆင်ပြေစွာမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်းကောင်း၊ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလဖြစ်၍ မဲရုံများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုများအတိုင်း စနစ်တကျ စီစဉ်ထားရှိရေး ကိစ္စရပ်များကိုလည်းကောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ အသက် ၆၀ နှင့်အထက် ပြည်သူများ ကြိုတင်မဲပေးနေသည့် အခြေအနေများနှင့် မဲရုံပြင်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များက မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးသည့်အချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသော ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မဲပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**



မဲရုံတစ်ရုံ၌ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးနေစဉ်

# ချောင်းရေတိုက်စားမှုကြောင့်ပျက်စီးသွားသော ကျေးလက်လမ်းနှင့် တံတားများကို ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရန် ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကျောက်တံခါး နိုဝင်ဘာ ၁**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မိုးရာသီကာလအတွင်းက ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားသော ကျေးရွာချင်းဆက်လမ်းများနှင့် တံတားများကို ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရန်အတွက် တာဝန်ရှိသူများက အောက်တိုဘာ ၃၀ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြသည်။



ရေတိုက်စား၍ပြိုကျနေသော ကျေးရွာချင်းဆက် တံတားတစ်စင်း

ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ မြို့နယ် ကျေးလက်လမ်းဦးစီးဌာနမှူး ဒေါ်ခင်စန္ဒာနှင့် ဝန်ထမ်းများ၊ မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူး ဦးမြတ်မင်းထက်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင်များက ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။

မိုးရာသီကာလအတွင်း ချောင်းရေတိုက်စား၍ ပျက်စီးသွားသော အောင်မြင်မြို့-သဖန်းပင်ကျေးရွာ လမ်းပေါ်ရှိ ရိုးချောင်းတံတား၊ သရက်စိန်ကျေးရွာ-မိုးမခကျေးရွာ လမ်းပေါ်ရှိ တောင်ကျရိုးချောင်းတံတား၊ သရက်အုပ်ကျေးရွာ-နတ်လောင်းကျေးရွာ လမ်းပေါ်ရှိ လယ်ကြားရိုးတံတားတို့ကို ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေးအတွက် ကုန်ကျစရိတ်များကို ကျေးလက်လမ်းဦးစီးဌာနက စိစစ်တိုင်းထွာ တွက်ချက်ပြီး သဘာဝဘေးရန်ပုံငွေဘတ်ဂျက်မှ ခွင့်ပြုငွေချထားပေးနိုင်ရန် တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်းသိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ပုံပါကျင်မြို့၌ ရပ်ကွက်ရေရရှိရေးလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

**မိုင်းဆတ် နိုဝင်ဘာ ၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ပုံပါကျင်မြို့ အမှတ်(၂)ရပ်ကွက် ရေရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် သောက်သုံးရေသွယ်ယူခြင်း လုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ ဒေသခံပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိနေပြီဖြစ်ကြောင်း သိရသည်။

အိမ်ခြေ ၆၀၊ လူဦးရေ ၂၈၁ ဦးရှိသည့် အမှတ်(၂)ရပ်ကွက် ရေရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၈ ဒသမ ၅၆၃ သန်းဖြင့် အရှည် နှစ်မိုင် လေးဖာလုံရှိသည့် သောက်သုံးရေသွယ်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောလွင်က ပြောကြားသည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ)မှ ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး ဦးသန့်ဇင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။ **သန်းဇော်(မိုင်းဆတ်)**

# ခွာဒိုပွဲအထိမ်းအမှတ် စာပေနှင့် အားကစားပြိုင်ပွဲများမှ ဆုရရှိသူများအား တီးတိန်မြို့၌ ဆုချီးမြှင့်

**တီးတိန် နိုဝင်ဘာ ၁**
ချင်းပြည်နယ် တီးတိန်မြို့၌ မြို့နယ်စာပေနှင့် ယဉ်ကျေးမှုအသင်းက ကြီးမှူး၍ အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့သည့် ရိုးရာခွာဒိုပွဲ အထိမ်းအမှတ် စာပေနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို တီးတိန်မြို့ရှိ Timothy Bible School ခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့သည်။

ဆုချီးမြှင့်ပွဲတွင် သိက္ခာတော်ရဆရာ ဦးနန်လျန်းကပ်က အဖွင့် ဆုတောင်းဆက်ကပ်မှုပြုလုပ်ပြီး မြို့နယ်စာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးဝုန့်ဇကျင့်က အမှာစကားပြောကြားသည်။ ထို့နောက် အားကစားပြိုင်ပွဲများဖြစ်သော တင်းနစ်၊ စားပွဲတင်တင်းနစ်၊ ကြက်တောင်နှင့် ပိုက်ကျော်ခြင်း ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ စာပေပြိုင်ပွဲများဖြစ်သော ထက်/လယ်/မူ အဆင့် ပန်းချီပြိုင်ပွဲ၊ ထက်/လယ်အဆင့် စာစီစာကုံးပြိုင်ပွဲ၊ အထက်တန်းအဆင့် ရိုးရာ ဗိုလိုင်းပုံပြင်ပြောပြိုင်ပွဲ၊ အထက်တန်းအဆင့် မြန်မာပုံပြင်ပြောပြိုင်ပွဲနှင့် အထက်တန်းအဆင့် အင်္ဂလိပ်ပုံပြင်ပြောပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီးနောက် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းကျော်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

ခွာဒိုပွဲတော်သည် ချင်းတိုင်းရင်းသားတို့၏ နှစ်စဉ်ကျင်းပမြဲ အစည်ကားဆုံး ရိုးရာပွဲတော်ကြီးဖြစ်သော်လည်း ယခုနှစ်တွင် ကိုဗစ်- ၁၉ ရောဂါကြောင့် ယခင်နှစ်များကဲ့သို့ စည်ကားစွာ မကျင်းပနိုင်၍ ယခုလိုသာ ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း တီးတိန်မြို့နယ် စာပေနှင့် ယဉ်ကျေးမှုအသင်း အတွင်းရေးမှူး ဦးဂိုခန့်ပေါင်က ပြောကြားသည်။ **ပေါင်ကျင့်မုန်(ပြန်/ဆက်)**



# မြို့သစ်မြို့အနီးရှိ ဆားချောင်းတံတား ချဉ်းကပ်လမ်း ရေတိုက်စား၍ ပြိုကျမှုဖြစ်ပွား

**မြို့သစ် နိုဝင်ဘာ ၁**
စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့ သနန်ကျေးရွာအနီးရှိ ဆားချောင်းတံတားသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုဝင်ဘာ ၁ ရက် နံနက် ၆ နာရီခန့်တွင် ကမ်းကပ်မြေ ရေတိုက်စားပြီး ချဉ်းကပ်လမ်းပြိုကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆားချောင်းတံတားသည် မြို့သစ်မြို့အနီး တမူး-စေတီလမ်း မိုင်တိုင်(၃၅/၃) နှင့် (၃၅/၅) အကြားတွင် တည်ရှိပြီး အရှည် ၃၅ ပေခန့်ရှိသည့် ဘေလီ သစ်သားတံတား အမျိုးအစားဖြစ်ကာ ယခု ချဉ်းကပ်လမ်းပြိုကျပျက်စီးမှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**



# ဒီးမော့ဆိုမြို့နယ်၌ ကြိုတင်မဲပေးနေမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကွင်းဆင်းကြည့်ရှု

**ဒီးမော့ဆို နိုဝင်ဘာ ၁**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်တွင် အသက် ၆၀ နှစ်အထက် မဲဆန္ဒရှင်ပြည်သူများ ကြိုတင်မဲပေးနေမှုကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်နှင့် ပြည်နယ်/ ခရိုင်/ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များက အောက်တိုဘာ ၃၁ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ဒီးမော့ဆိုမြို့ပေါ်ရှိ မြို့မရပ်ကွက်၊ ငွေတောင်ကျေးရွာအုပ်စု၊ ဒီးမော့ဆိုကျေးရွာအုပ်စုနှင့် သေးဆူလဲကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးနေမှုကို ကြည့်ရှုပြီး ယခုကျင်းပသော အထွေထွေရွေးကောက်ပွဲသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသော အချိန်ကာလတွင် ကျင်းပခြင်းဖြစ်၍ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆန္ဒမဲပေးနိုင်အောင် စီစဉ်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ဒီးမော့ဆိုမြို့နယ် နန်းမယ်ခုံမြို့ရှိ မြို့မကယန်း၊ မြို့မရှမ်း၊ ခေါ်ခုကယားနှင့် ခေါ်ခုရှမ်း ရပ်ကွက်တို့၌ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးနေမှုကို သွားရောက်ကြည့်ရှုခဲ့သည်။

ဒီးမော့ဆိုမြို့နယ်တွင် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင် ၅၇၇၀ ရှိပြီး ၎င်းတို့အနေဖြင့် ကြိုတင်ဆန္ဒမဲများကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ လာရောက်ပေးနိုင်ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

# တရုတ်ဘက်မှ ငါးရှဉ့်၊ ကဏန်းနှင့် ရေထွက်ကုန်များဝယ်ယူမှုကို ရပ်ဆိုင်းထား၍ မြန်မာဘက်မှရောင်းချသူများ အခက်တွေ့

**မူဆယ် နိုဝင်ဘာ ၁**

မြန်မာဘက်မှ တရုတ်နိုင်ငံသို့ ပို့ကုန်များဖြစ်သည့် ရေခဲငါး၊ ကဏန်း(အရှင်)၊ ငါးရှဉ့်(အရှင်)၊ ငါးဟောက်(အရှင်)၊ ငါးလင်ဗန်း(အရှင်)၊ ငါး၊ ပုစွန်နှင့် အခြား ရေထွက်ကုန်ပစ္စည်း အမျိုးမျိုးကို မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တင်ပို့လျက်ရှိရာ အောက်တိုဘာ ၁၅ ရက်မှစတင်ကာ တရုတ်ဝယ်လက်များက ရေထွက်ကုန်များဝယ်ယူမှုကို ရက်အကန့်အသတ်မရှိယာယီရပ်ဆိုင်းလိုက်သည့်အတွက် မြန်မာဘက်မှ ရေထွက်ကုန်ပစ္စည်း ဝယ်ယူရောင်းချနေသည့် ကုမ္ပဏီများနှင့် ငါးရှဉ့်၊ ကဏန်း အဝယ်ဒိုင်များ အရှုံးနှင့်ရင်ဆိုင်နေရကြောင်း ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်သူများထံမှ သိရသည်။

ဧရာဝတီ၊ ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ စစ်ကိုင်း တိုင်းဒေသကြီးများနှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် အင်းလေးဒေသတို့ အပါအဝင် မြန်မာနိုင်ငံ ဒေသအသီးသီးမှ ထွက်ရှိလာသည့် ကဏန်း၊ ပုစွန်၊ ငါးရှဉ့် အပါအဝင် ရေထွက်ကုန်များကို မူဆယ်နယ်စပ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ၁၂၈၀၆၇ ဒသမ ၇၉၁ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၀ ဒသမ ၇၃၅ သန်း)ဖြစ်သည်။

ယခင် ဘဏ္ဍာရေးနှစ်က ၁၀၂၀၁၈ ဒသမ ၈၄၉ တန်(တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၈ ဒသမ ၄၂၉ သန်း) တင်ပို့နိုင်ခဲ့သဖြင့် ယခုဘဏ္ဍာနှစ်တွင် ၂၆၀၄၈ ဒသမ ၉၄၂ တန်(တန်ဖိုး အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၃၀၆ သန်း) ပိုမိုတင်ပို့နိုင်ခဲ့ခြင်းဖြစ်သည်။

ကဏန်း(အရှင်)တင်ပို့မှုတွင် ၁၈၇၅ ဒသမ ၂၇၉ တန် (တန်ဖိုး ၅ ဒသမ ၉၆၆ သန်း) လျော့နည်းခဲ့ပြီး ငါးရှဉ့်(အရှင်) တင်ပို့မှုတွင် ၁၇၃၅ ဒသမ ၅၇၃ တန်(တန်ဖိုး ၆ ဒသမ ၉၂၉ သန်း) လျော့နည်းခဲ့သည်။ ငါးတင်ပို့မှုတွင် ၈၆၁၇ ဒသမ ၂၅၉ တန် (တန်ဖိုး ၂၄ ဒသမ ၇၉၁ သန်း)နှင့် ပုစွန်တင်ပို့မှုတွင်မူ ၉၁၉ ဒသမ ၆၈ တန် (တန်ဖိုး ၄ ဒသမ ၅၃၇ သန်း) ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း၊ အခြား ရေထွက်ကုန်ပစ္စည်း တင်ပို့မှုတွင်လည်း ၂၀၀၅၉ ဒသမ ၉၄ တန် (တန်ဖိုး ၂၅ ဒသမ ၄၉၄ သန်း)အထိ သိသိသာသာ ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ငါးတင်ပို့မှုတွင် ငါးတံခွန်၊ ငါးခေါင်းပွ(ရေငန်)၊ ငါးမုတ်ဖြူ၊ ငါးမုတ်မဲ၊ ငါးရွှေ၊ ငါးသင်းဖြူ၊ ငါးပုတ်သင်၊ ငါးဘဲဖြူ၊ ငါးသင်းဝါ၊ ငါးခွေးလျှာ၊ ငါးသလောက်၊ ငါးသလဲတိုး၊ ရွှေငါး (ငါးနီငယ်)၊ ငါးကွမ်းရှပ်နှင့် ငါးပူတင်း စသည့် ငါးမျိုးများကို တင်ပို့မှုများပြီး ရေငန်ပုစွန်တင်ပို့မှုတွင် Pink, White, Vannamei နှင့် Tigers စသည့် ရေငန်ပုစွန်များကို တင်ပို့လျက်ရှိကြောင်း၊ အခြား ရေထွက်ကုန်ပစ္စည်း အုပ်စုဝင် ငါးလေးခြောက်၊ ပုစွန်ဖွဲ့၊ ကင်းမွန်(အေးခဲ)၊ ကင်းမွန်ခြောက်၊ ငါးပေါင်မုန့်၊ ပြည်ကြီးငါး၊ ငွေးပုစွန်ခြောက်နှင့် ငါးဆားနယ် စသည်တို့ကိုလည်း တင်ပို့မှုများပြားကြောင်း သိရသည်။

ယခင် ဘဏ္ဍာရေးနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများအတွင်း တရုတ်နိုင်ငံသို့ တင်ပို့မှုကျဆင်းခဲ့ကြောင်း၊ ငါး/ပုစွန် များပြားစွာတင်ပို့သောရာသီ မဟုတ်သည့်အပြင် ဩဂုတ်လအတွင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ တိုက်ပွဲများဖြစ်ပွားမှုကြောင့် တင်ပို့မှု ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ယခု ဘဏ္ဍာရေးနှစ်မှာမူ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန် ဖြစ်သော်လည်း ကုန်စည်စီးဆင်းမှု ပုံမှန်ဖြစ်နေခြင်း၊ ပို့ကုန်ရပ်တန့်မှုမရှိခြင်း၊ နိုင်ငံတော်အနေဖြင့် ပို့ကုန်တင်ပို့ခြင်းအပေါ် ကြိုတင်ဝင်ငွေခွန် ကောက်ခံခြင်းကို ကင်းလွတ်ခွင့်ပြုထားသည့်ကာလ ဖြစ်ခြင်းတို့ကြောင့် ပို့ကုန် တိုးတက်တင်ပို့နိုင်ခြင်းဖြစ်ကြောင်း၊ လောလောဆယ် တရုတ်နိုင်ငံသို့ ကဏန်း(အရှင်)နှင့် ငါးရှဉ့်(အရှင်) တင်ပို့မှုတွင် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈၉၅ သန်း လျော့နည်းသော်လည်း အအေးခန်း ငါး/ပုစွန်နှင့် အခြားရေထွက်ကုန်ပစ္စည်းတို့တွင် ပိုမိုတင်ပို့နိုင်ခဲ့သဖြင့် စုစုပေါင်း တင်ပို့မှုတွင် ပိုမိုတင်ပို့နိုင်ကြောင်း မူဆယ်(၁၀၅)မိုင် ငါးဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။



(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငါးရှဉ့်(အရှင်) အဝယ်ဒိုင်တစ်ခု

မူဆယ်(၁၀၅)မိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်သန်းက "တရုတ်အစိုးရက ပိတ်ထားတာမဟုတ်ပါဘူး။ တရုတ်နိုင်ငံထဲမှာရှိတဲ့ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးသမားတွေ၊ ကုန်သည်နဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက မြန်မာဘက်က ရေထွက်ကုန်လုပ်ငန်းရှင်တွေကို ကြိုတင်အသိပေးချိတ်ဆက်ပြီး ယာယီရပ်ဆိုင်းထားတာဖြစ်ပါတယ်။ အောက်တိုဘာ ၅ ရက် နောက်ပိုင်းမှာ တရုတ်ဘက်က ရေခဲငါးဝယ်ယူရောင်းချမှု ရပ်သွားပါတယ်၊ အလားတူ ကဏန်းနဲ့ ငါးရှဉ့်များကိုလည်း ၁၆ ရက်နောက်ပိုင်းမှာ အဝယ်ရပ်သွားခဲ့ပါတယ်၊ အခုလောလောဆယ် လာနေတာက ပို့ကုန်ကွင်းထဲမှာစစ်နေတဲ့ ငါးခြောက်၊ ငါးလေးခြောက်၊ ငါးဆားနယ်၊ ပုစွန်ခြောက်၊ ပုစွန်ဖွဲ့တွေ ဖြစ်ပါတယ်။ ဒီကုန်ခြောက်ပစ္စည်းတွေကတော့ မန်ဝိန်းဂိတ်မှတစ်ဆင့် တရုတ်ထဲကို ဝင်ရောက်နေပါတယ်၊ ရေထွက်ကုန်ပစ္စည်းတွေ ပြန်လည်ဝယ်ယူမယ့်နေ့ကိုတော့ တရုတ် ရေထွက်ကုန်လုပ်ငန်းရှင်တွေက ပြန်လည်အကြောင်းကြားပေးမယ်လို့ ပြောထားပါတယ်။ လောလောဆယ်မှာတော့ တရုတ်ဘက်က ဝယ်ယူခြင်းမရှိသေးတဲ့အတွက် ရေထွက်ကုန်ပစ္စည်းတွေကို အောက်ပိုင်းမှာပဲ ပြန်လည်ရောင်းချနေကြတာဖြစ်ပါတယ်"ဟု ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ငါးရှဉ့်ဝယ်ယူရောင်းချသူ ကိုသိန်းထူးကလည်း "တရုတ်က မဝယ်တဲ့အတွက် အောက်ခြေမှာ ဝယ်ယူစုဆောင်းပြီး ရတဲ့ဈေးနဲ့ ပြန်ရောင်းနေရတာပေါ့။ လောလောဆယ်တော့ အရောင်းအဝယ်က အရင်လို အဆင်မပြေဘူး၊ အခုဆိုရင် ဝယ်ထားတဲ့ ငါးရှဉ့်တွေက ဒိုင်တွေမှာ စုပြုံနေတယ်။ တချို့လည်း အရင်းပြုတ်ကုန်ကြတယ်။ ဝယ်တဲ့ကုန်သည်ရှိသလို မဝယ်တော့တဲ့ကုန်သည်တွေလည်း ရှိတယ်။ အများအားဖြင့်တော့ အဝယ်ရပ် ထားကြတယ်။ မူဆယ်နယ်စပ် တရုတ်ဘက်က အဝယ်လိုက်ရင်တော့ အရောင်းအဝယ် ပုံမှန်ပြန်ဖြစ်မှာပေါ့။ အခုလောလောဆယ်တော့ ကုန်သည်အပါအဝင် အောက်ခြေမှာ လိုက်ဝယ်နေတဲ့သူတွေကအစ အရှုံးပေါ်နေကြတယ်၊ ဈေးနှုန်းကတော့ ပုံမှန်မရှိဘူး။ တစ်ပိဿာကို ငွေကျပ် ၃၀၀၀၊ ၃၅၀၀ ရှိတယ်။ ရောင်းဝယ်ဈေးတွေက တရုတ်ဈေးကွက်အပေါ်မှာပဲ အဓိကမူတည်ပါတယ်"ဟု ပြောသည်။

ငါးရှဉ့်၊ ကဏန်း အပါအဝင် အခြားရေထွက်ကုန်များကို တရုတ်ဘက်မှ အောက်တိုဘာ ၁၅ ရက်မှစ၍ ယာယီ အဝယ်ရပ်ထားသဖြင့် မြန်မာဘက်မှ ကုန်သည်များ အရှုံးပေါ်နေသလို သာမန် ငါးရှဉ့်၊ ကဏန်း ရှာဖွေရောင်းဝယ်စားသောက်ကြသူများအထိပါ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်နေရကြောင်း၊ အလားတူ တရုတ်ဘက်မှ ဝယ်လက်များမှာလည်း ရေထွက်ကုန် အရောင်းအဝယ် မဖြစ်သည့်အတွက် အခက်အခဲအမျိုးမျိုးရှိနေကြောင်း၊ မြန်မာဘက်မှ ကုန်သည်များအနေဖြင့်လည်း တရုတ်ဘက်မှ ပြန်လည်ဝယ်ယူမည့်အချိန်ကို မျှော်လင့်စောင့်ဆိုင်းနေရကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# ကျုံပျော်တွင် အခါမဟုတ် မိုးရွာသွန်းနေမှုကြောင့် စပါးရိတ်သိမ်းမည့်တောင်သူများ အခက်ကြုံနေရ

**ကျုံပျော် နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ယခု ရက်ပိုင်းအတွင်း မိုးရွာသွန်းနေသောကြောင့် ဒေသခံတောင်သူများ စပါးရိတ်သိမ်းနေချိန်တွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

ကျုံပျော်ဒေသအတွင်းရှိ စပါးများမှာ ရိတ်သိမ်းရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း၊ လမ်းနံဘေးရှိ လယ်ကွက်များမှာ မိုးပြတ်ချိန်တွင် ရိတ်သိမ်းခြွေလှေ့စက်ကြီးများ အသုံးပြု၍ ရိတ်သိမ်းနိုင်ကြသော်လည်း စက်ကြီးဝင်ရောက်ရန် ခက်ခဲသော အတွင်းပိုင်းလယ်များမှာ လူအင်အားကိုအသုံးပြု၍ ရိတ်သိမ်းရခြင်း၊ လယ်ကန်သင်းတွင် ကောက်လှိုင်းစည်းပုံရခြင်းနှင့် သယ်ယူရန် အခက်အခဲရှိခြင်းတို့ကြောင့် မရိတ်သိမ်းရသေးသော တောင်သူများလည်း အများအပြားရှိနေကြောင်း၊ ရိတ်သိမ်းပြီး တောင်သူအချို့မှာလည်း ကောက်လှိုင်းများ မိုးမိခြင်းများ ကြုံတွေ့နေရကြောင်း သိရသည်။

ကျုံပျော်မြို့နယ်တွင် မိုးစပါး ဧက ၁၁၅၀၀၀ ကျော် စိုက်ပျိုးထားပြီး လက်ရှိ စပါးဈေးအနေဖြင့် ရိတ်သိမ်းပြီး စပါးတင်း ၁၀၀ လျှင် ကျပ် ၄၆၀၀၀၀ မှ ကျပ် ၄၈၀၀၀၀ ဝန်းကျင်ဖြင့် ဝယ်ယူနေကြကာ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပြီး ထွက်ရှိသောစပါးများကို ချက်ချင်း ရောင်းဝယ်နေကြခြင်းဖြစ်ကြောင်း၊ ခြောက်သွေ့သော စပါးများမှာ ကျပ်ငါးသိန်းကျော် ပေါက်ဈေးရှိကြောင်း၊ စပါးရိတ်ရာတွင် ယခုနှစ်များအတွင်း စပါးရိတ်သိမ်းခြွေလှေ့စက်ကို အသုံးပြုမှု အများအပြားရှိလာပြီး တစ်ဧက ရိတ်သိမ်းခဈေးနှုန်းမှာ ကျပ် ၄၅၀၀၀ ဝန်းကျင်ဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**နေဝင်းမြင့်(ကျုံပျော်)**



# ရာသီဥတုနှင့် သဟဇာတဖြစ်ရေးနှင့် အာဟာရပြည့်ဝသော စိုက်ပျိုးထုတ်လုပ်ရေးစနစ်များ ဖော်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၁**

ယခုကဲ့သို့ ရာသီဥတု ပြောင်းလဲခြင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု ကာလအတွင်း ရာသီဥတုနှင့် သဟဇာတဖြစ်ပြီး အာဟာရပြည့်ဝသော စိုက်ပျိုးထုတ်လုပ်ရေးစနစ် ဖော်ဆောင်ရေးအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနရှိ သုတေသနပညာရှင်များအနေဖြင့် နှံစားသီးနှံ သုတေသနများ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဌာနမှ သိရသည်။

နှံစားသီးနှံ သုတေသနတွင် စိုက်ပျိုးသည်မှ စားသုံးသူလက်ဝယ်ရောက်ရှိသည်အထိ အစားအစာကွင်းဆက်တစ်လျှောက် ဆောင်ရွက်ရမည့် သုတေသနများ ပါဝင်မည်ဖြစ်ရာ ယင်းသုတေသနများကို ပြောင်းဖူးနှင့် အခြား နှံစားသီးနှံ သုတေသနဌာနစု၊ ရိတ်သိမ်းချိန်လွန်နည်းပညာ သုတေသနဌာနစု၊ စပါးဇီဝဥယျာဉ် သုတေသနဌာနစုနှင့် အပင်မျိုးသစ်အကာအကွယ်ပေးရေး သုတေသနဌာနစုရှိ သုတေသနပညာရှင်များက စိုက်ပျိုးထုတ်လုပ်မှု အစားအစာကွင်းဆက်တစ်ခုလုံးအတွက် ပူးပေါင်း သုတေသနပြု ဆောင်ရွက်နေခြင်းဖြစ်သည်။

နှံစားသီးနှံများဖြစ်သော နှံစားပြောင်းနှင့် ဆပ်စိုက်ပျိုးခြင်း သုတေသနကို ပြောင်းဖူးနှင့် အခြား နှံစားသီးနှံ သုတေသနဌာနစုကွင်း၌ သုတေသနပြု စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်ပြီး အဆိုပါ သုတေသနမှ ရရှိလာမည့် အစေ့နှင့် အရိုး ထွက်နှုန်းကောင်း၊ အလားအလာကောင်းသော နှံစားပြောင်းမျိုးများနှင့် ဆပ်သီးနှံများကို မျိုးသစ်အဖြစ် မှတ်ပုံတင်ထုတ်ဝေခြင်း လုပ်ငန်းစဉ်များကို အပင်မျိုးသစ်အကာအကွယ်ပေးရေး သုတေသနဌာနစုက တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သုတေသနပြု၍ ရရှိလာသော နှံစားပြောင်းနှင့် ဆပ် သီးနှံများကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် ရိတ်သိမ်းချိန်လွန်နည်းပညာ သုတေသနဌာနစုနှင့် စပါးဇီဝဥယျာဉ် သုတေသနဌာနစုမှ သုတေသနပညာရှင်များက တာဝန်ယူ သုတေသနပြုလျက်ရှိသည်။

နှံစားသီးနှံများဖြစ်သော နှံစားပြောင်းနှင့် ဆပ်တို့သည် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိပြီး အာဟာရတန်ဖိုးပြည့်ဝသော သီးနှံများဖြစ်သည့်အပြင် ကစီဓာတ်ပါဝင်မှု နည်းသောကြောင့် ဆီးချိုဝေဒနာရှင်များအတွက် အထူးသင့်တော်သည့် ဖြည့်စွက်စာအဖြစ် စားသုံးသင့်သည့် သီးနှံဖြစ်သည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပညာရှင်များ၏ သုတေသနများ ပူးပေါင်းဆောင်ရွက်မှု ရလဒ်အဖြစ် အလားအလာကောင်းသော နှံစားပြောင်း မျိုးလိုင်း နှစ်မျိုးနှင့် ဆပ်သီးနှံ မျိုးလိုင်း နှစ်မျိုးတို့ကို တွေ့ရှိထားပြီဖြစ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန် သုတေသနများအနေဖြင့်လည်း ဆပ်ထမင်း၊ ဆပ်ဆန်ပြုတ်၊ နှံစားပြောင်း ဆန်ပြုတ်၊ ဆပ်နှင့် နှံစာပြောင်းပူရီ စသည့် စားသောက်ကုန်များကို သုတေသန ပြုလုပ်လျက်ရှိကြောင်း ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။

**မေမိုးသဲ**

# အခါလွန်မိုးကြောင့် ရေတာရှည်မြို့နယ်အတွင်းမှ စပါးရိတ်သိမ်းဆဲတောင်သူများ အခက်အခဲများကြုံတွေ့နေ

**ရေတာရှည် နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မိုးစပါးများရိတ်သိမ်းနေချိန်တွင် ရုံဖန်ရံခါ ရွာသွန်းလျက်ရှိသော အခါလွန်မိုးကြောင့် အခက်အခဲများ ကြုံတွေ့နေရကြောင်း တောင်သူများက ပြောသည်။

မိုးမရွာ၊ လေတိုက်ခြင်းမရှိလျှင် စပါးခင်းများကို ပင်ထောင်အတိုင်း အလေ့အလွင့်နည်းပါးစွာ ရိတ်သိမ်းနိုင်ကြ၍ တောင်သူများ အဆင်ပြေကြသော်လည်း ယခုအခါ မိုးနှင့် လေကြောင့် စပါးခင်းများ လဲကျကုန်ပြီဖြစ်ရာ စပါးရိတ်သိမ်းခ ပိုမိုကုန်ကျဖွယ်ရှိနေကြောင်းလည်း ဒေသခံတောင်သူများက ပြောသည်။

"ရိတ်ခြွေစက်တွေက အရင်နှစ်တွေကလောက်မများဘူး။ ကိုဗစ်အရေးကြောင့် ခရီးသွားလာတာတွေကန့်သတ်ထားတော့ ရွှေဘိုနယ်ကစက်တွေ ဒီနှစ်ဆင်းမလာနိုင်ဘူး။ ရှိတဲ့စက်တွေကလည်း တစ်ဧကငွေကျပ်လေးသောင်းခွဲ ပေးရတယ်။ အခု စပါးပင်တွေ ပြားကုန်တော့ စက်နဲ့ရိတ်ရင် အလေအလွင့်နည်းအောင် ဖြည်းဖြည်းချင်းကောက်ရတာဖြစ်လို့ ဆီပိုကုန်တယ်ဆိုပြီး တစ်ဧကကို ငွေကျပ် ၅၀၀၀ ပိုပေးရတယ်။ နောက်ရိတ်ပြီးသားစပါးကို ကိုယ်လိုတဲ့နေရာကို ပို့ခိုင်းရင်လည်း သယ်ခထပ်ပေးရတယ်။ နွားလှည်းနဲ့ ထော်လာဂျီတွေက လယ်ကွက်ထဲမှာ မရုန်းနိုင်တော့ ရိတ်ခြွေစက်ကိုပဲ သယ်ပို့ခိုင်းရတာပဲ"ဟု ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

ထို့အပြင် ရာသီဥတု သာယာချိန်တွင် ရိတ်သိမ်းရသည့် စပါးများအနေဖြင့် အရောင်အသွေးလှသဖြင့် စပါးရောင်းချရာတွင် ဈေးနှိမ်ခံရခြင်းမရှိသော်လည်း မိုးမိသောစပါးများမှာမူ အရောင်ပျက်သွားလေ့ရှိပြီး စပါးဝယ်ယူသူ ပွဲစားများက ဈေးနှိမ်ဝယ်ယူမှုများလည်းရှိကြောင်း၊ ထို့ကြောင့် တောင်သူများအတွက် စပါးတင်းရေ များလျှင် များသလောက် နစ်နာမှုများ ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မိုးစပါးများ ရိတ်သိမ်းထားပြီးသည့် တောင်သူများအနေဖြင့် နွေစပါးအတွက် ရေမရရှိသည့် ဒေသများ၌ ပဲအမျိုးမျိုးစိုက်ပျိုးရန် ထယ်ရေးပြုပြင်ခြင်းနှင့် မျိုးကြဲပက်ခြင်းများ ဆောင်ရွက်နေကြပြီဖြစ်ရာ လက်ရှိ ရွာသွန်းနေသောမိုးကြောင့် မြေအစိုဓာတ်များလျက်ရှိ၍ လုပ်ငန်းများကို ခေတ္တရပ်နားထားကြရသည်ဟုလည်း သိရသည်။

**ကိုလွင်(ဆွာ)**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၂၁) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၀ ပြည့်နှစ် ၊ နိုဝင်ဘာ လ (၁) ရက်နေ့ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ဌ - ၁၁၁၉၃၇

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ယ - ၅၃၉၃၅၄

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀၀)ဆု

ဝ - ၃၇၅၆၀၁ ကဂ - ၉၀၄၉၇၀

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀၀)ဆုများ

အ - ၁၀၁၄၃၆
ဂ - ၃၉၃၂၀၃
ဓ - ၆၇၄၆၈၉

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၂၀၀၀)ဆု ( ၂ ) ဆု

အ - ၄၄၄၇၁၂
ကင - ၅၇၆၅၄၇

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆုများ

အ - ၁၃၀၈၂၁
ကခ - ၅၂၂၁၅၂
ဒ - ၇၁၅၀၆၆
သ - ၇၅၈၅၂၂

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၁၀၀၀)ဆု ( ၂ ) ဆု

ဇ - ၁၇၀၂၆၄
ဓ - ၉၃၉၀၀၃

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

| | | |
|---|---|---|
| ခ - ၁၂၇၄၀၇ | စ - ၄၂၀၂၂၆ | ဋ - ၇၄၂၁၇၉ |
| ဆ - ၁၃၀၂၆၂ | ဘ - ၄၂၁၈၄၉ | ဍ - ၉၂၁၀၂၁ |
| ဎ - ၂၂၁၁၈၁ | ရ - ၄၄၇၆၀၀ | ဇ - ၉၃၇၈၉၉ |
| ပ - ၂၂၂၅၇၁ | ကဂ - ၄၇၀၉၆၃ | |
| ကဂ - ၂၃၄၃၆၂ | ဆ - ၅၇၄၅၅၅ | |
| န - ၂၃၅၀၅၅ | အ - ၅၉၇၁၃၂ | |
| ဘ - ၂၄၈၁၅၈ | ဆ - ၆၈၂၀၃၁ | |
| ဋ - ၃၆၈၃၄၀ | ဓ - ၇၀၉၅၀၃ | |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၅၀၀)ဆု ( ၂ ) ဆု

ဎ - ၆၂၁၄၄၂
ဇ - ၇၉၇၆၂၈

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

| | | |
|---|---|---|
| ဂ - ၂၀၈၁၄၅ | ဝ - ၆၇၄၉၈၀ | ဋ - ၈၉၇၄၇၀ |
| ဟ - ၂၈၁၁၈၀ | ကဃ - ၇၃၀၈၀၃ | ကဂ - ၉၃၅၅၉၄ |
| ယ - ၃၅၁၉၀၉ | ဖ - ၇၄၀၉၀၇ | ပ - ၉၇၄၃၃၀ |
| ဖ - ၅၀၆၃၀၂ | မ - ၇၆၄၈၉၂ | န - ၉၈၁၆၃၄ |
| ကဇ - ၅၀၈၆၉၇ | အ - ၈၁၇၆၅၆ | ကခ - ၉၈၉၇၈၄ |
| ဌ - ၅၂၀၃၅၈ | သ - ၈၆၈၄၃၇ | ဗ - ၉၉၄၄၆၀ |
| ကစ - ၆၆၂၄၄၅ | ကင - ၈၈၆၇၁၈ | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| ဈ - ၁၀၄၈၁၈ | ဍ - ၅၂၆၂၈၁ | သ - ၈၂၂၄၅၂ |
| ကခ - ၁၁၅၈၀၄ | ဖ - ၅၅၁၅၁၄ | ဎ - ၈၃၉၀၃၂ |
| ယ - ၁၂၅၁၃၅ | ဆ - ၅၆၅၇၆၁ | ကင - ၈၄၁၂၉၉ |
| မ - ၁၃၇၀၀၈ | ကက - ၆၅၆၆၃၅ | ဇ - ၈၆၁၅၅၁ |
| က - ၁၇၈၅၆၂ | အ - ၆၉၁၅၆၄ | |
| ကဃ - ၂၇၅၉၅၃ | ရ - ၇၂၉၁၆၂ | |
| ထ - ၃၀၈၄၇၃ | ကက - ၇၉၄၂၁၂ | |
| ခ - ၃၂၆၄၁၅ | ကဆ - ၇၉၄၂၄၇ | |
| ကစ - ၄၁၆၃၃၆ | ဃ - ၈၀၅၂၆၆ | |

မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၁၀၀)ဆု ( ၁ ) ဆု

ထ - ၂၈၉၉၉၅

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | | | | |
|---|---|---|---|---|
| ဎ - ၁၅၄၉၂၄ | င - ၂၈၈၅၅၂ | ဂ - ၆၃၁၈၈၀ | အ - ၇၆၉၅၆၂ | က - ၈၇၈၉၇၁ |
| ည - ၁၇၆၅၆၉ | ဝ - ၄၀၁၇၇၇ | အ - ၆၄၈၈၅၈ | ဓ - ၈၁၈၄၈၈ | အ - ၈၈၆၅၀၀ |
| ကက - ၁၈၄၆၁၈ | ဗ - ၄၄၄၄၈၀ | ဗ - ၆၅၈၂၀၅ | ဒ - ၈၂၂၈၉၀ | ဂ - ၈၉၆၉၆၅ |
| မ - ၂၄၆၈၀၁ | ဃ - ၄၉၇၄၆၀ | ဒ - ၆၈၀၀၁၇ | ဈ - ၈၃၅၆၈၂ | လ - ၉၃၄၂၁၄ |
| ဟ - ၂၅၁၂၇၄ | ဟ - ၅၂၄၁၁၉ | ဂ - ၇၆၄၁၄၉ | ဖ - ၈၆၃၅၁၃ | ကစ - ၉၄၅၈၆၀ |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၅၀)ဆု ( ၁ ) ဆု

ဌ - ၃၂၇၈၈၆

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| လ - ၁၂၈၇၈၀ | ဌ - ၂၃၆၉၃၁ | ဓ - ၂၉၉၇၉၆ | ခ - ၃၉၉၉၀၅ | ကဂ - ၆၄၉၀၆၇ | ကက - ၇၅၆၀၁၃ |
| န - ၁၃၁၇၃၉ | ဇ - ၂၄၄၉၇၆ | ဋ - ၃၄၄၈၃၄ | တ - ၄၉၀၄၈၅ | စ - ၆၉၈၃၄၄ | ဍ - ၈၀၂၅၅၉ |
| ဗ - ၂၀၉၉၃၅ | တ - ၂၅၇၀၂၆ | ဎ - ၃၅၇၂၅၉ | ဒ - ၅၄၀၇၃၄ | လ - ၇၀၆၀၃၀ | ရ - ၈၄၆၅၉၈ |
| ထ - ၂၁၂၃၃၄ | ဎ - ၂၅၉၂၄၇ | ကဂ - ၃၆၀၇၃၀ | ကက - ၅၅၄၄၆၄ | စ - ၇၂၉၂၁၉ | ဃ - ၉၉၇၉၉၇ |
| ကဇ - ၂၃၄၄၃၉ | ကဆ - ၂၈၅၅၈၂ | ယ - ၃၇၃၄၀၆ | | | |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက် လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၂၀)ဆု ( ၂ ) ဆု

ကဇ - ၁၁၃၁၂၈
င - ၅၅၉၆၃၈

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| တ | -၁၂၁၁၈၄ | န | -၄၇၅၃၃၉ | ကဆ | -၆၃၃၆၀၁ | အ | -၇၂၀၆၁၆ | တ | -၈၀၅၃၁၀ |
| ဌ | -၁၇၆၃၁၉ | ကဆ | -၄၈၉၃၂၆ | သ | -၆၄၇၀၁၇ | ခ | -၃၂၇၄၂၅ | ရ | -၈၅၂၂၁၁ |
| သ | -၁၈၉၈၂၇ | င | -၄၈၉၆၃၈ | ထ | -၆၉၃၃၂၈ | ယ | -၇၂၉၆၈၃ | ဏ | -၉၁၄၉၈၂ |
| မ | -၂၉၃၃၁၄ | ကခ | -၅၅၉၀၇၄ | ဈ | -၆၉၈၉၀၅ | ဈ | -၇၆၂၂၁၂ | ဟ | -၉၂၉၆၈၄ |
| ကင | -၂၉၆၃၅၅ | သ | -၆၀၀၈၃၀ | ဝ | -၇၀၇၇၂၆ | အ | -၇၇၀၁၅၇ | စ | -၉၆၄၅၂၉ |
| ဖ | -၃၇၉၆၃၈ | ဆ | -၆၁၂၁၄၀ | ဈ | -၇၁၂၁၉၈ | ကင | -၇၈၃၂၁၀ | ခ | -၉၇၈၅၀၉ |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ဠ | - ၁၁၅၅၆ | ထ | - ၃၄၈၂၆ | မ | - ၆၂၁၁၁ |
| ကဂ | - ၁၁၈၇၀ | ဃ | - ၃၈၅၆၈ | သ | - ၇၄၀၉၇ |
| ဟ | - ၂၁၄၆၉ | ကဂ | - ၄၄၉၅၃ | ဟ | - ၈၀၉၉၃ |
| ကင | - ၂၂၅၄၁ | ဇ | - ၅၃၄၉၆ | ဒ | - ၈၂၈၈၇ |
| ယ | - ၃၁၂၂၂ | ယ | - ၅၆၅၂၅ | ကဃ | - ၉၃၃၅၄ |

**အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း**

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ကက | - ၁၂၀၄ | ထ | - ၂၆၅၁ | င | - ၇၄၈၁ |
| ကင | - ၁၆၁၀ | ယ | - ၃၉၈၈ | ဗ | - ၇၈၅၂ |
| ည | - ၁၉၆၁ | ဃ | - ၅၃၆၄ | ဆ | - ၇၉၇၂ |
| မ | - ၁၉၆၁ | ထ | - ၅၇၃၈ | ဇ | - ၈၄၃၃ |
| ကင | - ၂၄၄၉ | ဆ | - ၇၄၂၄ | ဍ | - ၉၇၇၃ |

**အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း**

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ပ | - ၁၅၀ | ဍ | - ၅၃၅ | ဠ | - ၉၇၀ |
| ဠ | - ၁၅၆ | ကဃ | - ၅၄၈ | ကဆ | - ၉၇၉ |
| ဃ | - ၂၃၇ | ဘ | - ၅၈၉ | | |
| ကဆ | - ၂၄၁ | လ | - ၆၅၈ | | |
| ဏ | - ၂၄၅ | ယ | - ၆၉၈ | | |
| ဖ | - ၃၇၅ | ခ | - ၉၀၃ | | |
| ဂ | - ၄၇၂ | စ | - ၉၅၁ | | |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက် လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၁)သိန်းဆု ( ၂ ) ဆု

လ - ၂၄၀
စ - ၇၅၉

**အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း**

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ရ | - ၂၆ | ခ | - ၄၂ | ကဂ | - ၆၉ |
| ကဃ | - ၂၇ | ရ | - ၅၅ | ကဃ | - ၇၁ |
| ယ | - ၃၀ | ယ | - ၅၆ | သ | - ၇၄ |
| ဠ | - ၃၂ | ထ | - ၆၂ | ဠ | - ၇၈ |
| စ | - ၃၃ | ကဆ | - ၆၂ | ဇ | - ၉၁ |
| ယ | - ၃၇ | ဖ | - ၆၃ | | |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲ စုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၅)သောင်းဆု ( ၂ ) ဆု

ည - ၇၈
ဖ - ၉၈

**အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ – ကျပ်(၅)သောင်း**

## ဘဏ္ဍာသိမ်း ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀) ဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး လှစ်ပေးသည့် ကျပ် သိန်း(၂၀၀)ဆု ( ၁ ) ဆု

ပ - ၃၁၂၉၈၃

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀) ဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး လှစ်ပေးသည့် ကျပ်(၁၀)သိန်းဆု ( ၁ ) ဆု

လ - ၂၄၈၈၄၆

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

စ - ၂၁၆၅၂၄ ဘ - ၈၆၄၅၅၀ ည - ၈၈၁၅၄၁ ဠ - ၉၃၉၅၆၀

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

တ - ၂၁၂၁၇ သ - ၂၄၂၅၉

**အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း**

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

လ - ၁၅၇၇
ရ - ၂၁၅၁

**အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း**

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ကစ - ၂၀၉
စ - ၅၄၅

**အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း**

၁။ ၂၀၂၀ ပြည့်နှစ် ၊ နိုဝင်ဘာလ(၁) ရက်နေ့တွင်ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၂၁) ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၁၇၆၇၈၉) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် ကျင်းပမည့် (၂၂ ) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေထီ လက်မှတ်များကို (က)အက္ခရာမှ (ကဆ) အက္ခရာထိ ၊အက္ခရာ (၄၀)လုံးနှင့် အရန်ထီအက္ခရာ (ကဇ) (၁)လုံး စုစုပေါင်း အက္ခရာ(၄၁)လုံးတို့ကို ခွဲဝေ ရောင်းချ ပေးသွားမည် ဖြစ်ပါသည်။

၃။ (၂၁)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၃ . ၁၁. ၂၀၂၀) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၂. ၁၁ . ၂၀၂၀) ရက်နေ့မှစ၍ လက်ခံ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ဆုငွေများကိုကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စု စာရင်း မူရင်း/မိတ္တူ ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## မင်္ဂလာညစာခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ
ဦးသန်းထွန်း-ဒေါ်ခင်ပွားတို့၏သားကြီး
**မောင်အောင်သန်းဌေး (Director)**
Multi-Millionaire Alliance Co.,Ltd
နှင့်
ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ
(ဦးသက်ခိုင်လင်း)-ဒေါ်အယ်(လ်)နန်ထုတို့၏သမီးကြီး
**မဆည်းဆာလင်း (Managing Director)**
**Multi-Millionaire Alliance Co.,Ltd**

တို့၏ ၁-၁၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပခဲ့သော မင်္ဂလာညစာခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဆွေမျိုး၊ သူငယ်ချင်း၊ မိတ်ဆွေ အပေါင်းအသင်းများနှင့် အကြောင်းအမျိုးမျိုးကြောင့် မင်္ဂလာပွဲသို့ မတက်ရောက်နိုင်သော်လည်း Facebook, Viber အစရှိသည့် Social Media များ ပေါ်မှလည်းကောင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်၍လည်းကောင်း မင်္ဂလာဆုတောင်း ပေးလာသူများအားလုံးကို ကျွန်တော် ကျွန်မတို့ ဇနီးမောင်နှံမှ လှိုက်လှိုက်လှဲလှဲ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**မောင်အောင်သန်းဌေး-မဆည်းဆာလင်း**

## ပြည်ထဲရေးဝန်ကြီးဌာန
## တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ
## QA/QCလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ တပ်ဖွဲ့/ဦးစီးဌာနများမှ တည်ဆောက်ရေး လုပ်ငန်းများအတွက် လုပ်ငန်းအရည်အသွေးစစ်ဆေးရေး(QA/QC) ငှားရမ်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) **ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး။** နေပြည်တော်
(ခ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့။** နေပြည်တော်၊ကချင်ပြည်နယ်၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ချင်းပြည်နယ်၊စစ်ကိုင်းတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊မကွေးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ရခိုင်ပြည်နယ်၊ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး
(ဂ) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန။** နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး
(ဃ) **အကျဉ်းဦးစီးဌာန။** နေပြည်တော်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး
(င) **မီးသတ်ဦးစီးဌာန။** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး

၂။ အဆိုပါ လုပ်ငန်းအရည်အသွေးစစ်ဆေးရေး (QA/QC) လုပ်ငန်းများအတွက် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီ လုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၃-၁၁-၂၀၂၀ ရက်မှစတင် ဝယ်ယူနိုင်ပြီး ၁-၁၂-၂၀၂၀ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို သက်ဆိုင်ရာ တပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့်ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၁၂၇၈၈၊ ၀၆၇-၃၄၁၂၆၂၁ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂ |
| (ဂ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၀၊ ၀၆၇-၃၄၃၁၄၂၆ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၆၇-၃၄၂၀၀၂၅၊ ၀၁-၆၆၁၅၄၄ |

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်(၁/၂၀၂၀-၂၀၂၁)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၇)၊ စစ်တွေမြို့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်း လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို လမ်းအလိုက်၊ လမ်းအပိုင်းအလိုက်လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူဆောင်ရွက်လိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းချက်များကို လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၇)ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ စစ်တွေမြို့၏ ကြော်ငြာသင်ပုန်းတွင်(၁၆-၁၁-၂၀၂၀)ရက်မှစ၍ ဖော်ပြထားမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် ရောင်းချမည့်ရက်** - ၁၆-၁၁-၂၀၂၀ရက် နံနက်၁၀:၀၀နာရီ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်** - ၁-၁၂-၂၀၂၀ရက် ညနေ၁၆:၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၃-၁၂-၂၀၂၀ရက် နံနက်(၉:၀၀)နာရီ
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊စစ်တွေမြို့

တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကိုလမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၇)ရုံး၊ စစ်တွေမြို့တွင်(၁၆-၁၁-၂၀၂၀)ရက်မှစ၍ ရုံးချိန်အတွင်းစုံစမ်း၍ လာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-09-421731247**
**09-421710344**
**09-253173289**
**09-450039110**

## မတည်ရင်းနှီးငွေလျှော့ချခြင်းအားအစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ "Linn Thiri Myawaddy Co.,Ltd." ၏ မတည်ရင်းနှီးငွေ ကျပ်သိန်း(၅၀၀၀)မှ ကျပ်သိန်း(၁၀၀၀)သို့ လျှော့ချသွားမည့်ကိစ္စအား အစုရှယ်ယာရှင်များထံသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

**Linn Thiri Myawaddy Co.,Ltd**
**ဖုန်း-၀၉-၇၈၈၈၅၃၄၄၄**




## တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ထားဝယ်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ပလောက်တိုက်နယ်ဆေးရုံဝင်းအတွင်းတွင် ခွဲစိတ်ခန်းအဆောက်အဦ ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** -၃-၁၁-၂၀၂၀
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** -၃-၁၂-၂၀၂၀ ညနေ(၄:၀၀)နာရီအထိ

၃။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်တင်ဒါခေါ်ယူသည့် အဆောက်အဦ လုပ်ငန်းဆိုင်ရာ အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီးကုသရေးဦးစီး ဌာနထားဝယ်မြို့ (ဖုန်း-၀၅၉-၂၀၂၁၁၄၄)သို့ကိုယ်တိုင်လာရောက်၍သော်လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ထားဝယ်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေး လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၃-၁၁-၂၀၂၀ ရက်
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၃-၁၂-၂၀၂၀ ရက်၊ ညနေ ၄:၀၀ နာရီထိ

၃။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းချက်နှင့် တင်ဒါခေါ်ယူသည့်အဆောက်အဦ လုပ်ငန်းဆိုင်ရာ အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ထားဝယ်မြို့ ဖုန်း-၀၅၉-၂၃၅၈၃ သို့ ကိုယ်တိုင်လာရောက်၍သော် လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်မည့် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်ဦးစီးမှူးရုံး(၅၀'x၃၅'x၂၄')RC(၂)ထပ်(အတွင်းရေမီးမိလ္လာ)(Apron& Drain အပါ) ဆောက်လုပ်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်နေရာ** - စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး စီးပွားရေးတက္ကသိုလ် အနောက်ဘက်လမ်းနှင့် ရသုံးမှန်းခြေလမ်းထောင့်၊ မုံရွာမြို့
(ခ) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်/အချိန်** - ၃-၁၁-၂၀၂၀မှ ၃-၁၂-၂၀၂၀ (ရုံးချိန်အတွင်း)
(ဂ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ မုံရွာမြို့
(ဃ) **နောက်ဆုံးတင်ဒါ ပေးသွင်းရမည့်ရက်/အချိန်** - ၃-၁၂-၂၀၂၀၊ ၁၃:၀၀နာရီ
(င) **တင်ဒါဖွင့်မည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ မုံရွာမြို့

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းများ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာန၊ စီးပွားရေးတက္ကသိုလ်အနောက်ဘက်လမ်း၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၁၀၂၀၊ ၀၇၁-၂၃၅၉၅သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးအဖွဲ့**
**စစ်ကိုင်းတိုင်းဒေသကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းခွဲဝေပြုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့တွင်(၇၀x၇၈x၂၅)ပေရှိ (၂)ထပ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကန့်ဘလူခရိုင်ရုံးဆောက်လုပ်ခြင်း၊ ကန့်ဘလူခရိုင်ရုံး ခြံစည်းရိုး(၃၆၀)ပေ ပြုလုပ်ခြင်းနှင့် တိုင်းဒေသကြီးရုံး ၊မုံရွာမြို့တွင်(၄၅x၂၀x၂၅) ပေရှိ(၂)ထပ် အပျိုဆောင်တစ်လုံးဆောက်လုပ်ခြင်း လုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၃-၁၁-၂၀၂၀ရက်(၁၀:၀၀)နာရီ (အင်္ဂါနေ့)
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂-၁၂-၂၀၂၀ရက်(၁၆:၀၀)နာရီ (ဗုဒ္ဓဟူးနေ့)
၄။ အသေးစိတ်သိရှိလိုပါက အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မြို့သစ်ရပ်၊ မုံရွာမြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဖုန်း-၀၇၁-၂၀၃၂၆၇၅**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန၊ ကယားပြည်နယ်
## လုပ်ငန်းတင်ဒါခေါ်ယူခြင်း

၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကယားပြည်နယ် လမ်းဦးစီးဌာနမှဆောင်ရွက်ရမည့် တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသော မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၃-၁၁-၂၀၂၀ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၇-၁၂-၂၀၂၀ ညနေ၄:၃၀နာရီ
(ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - အချိန်မီတင်ဒါလျှောက်လွှာတင်သွင်းပြီးသူများသို့ အကြောင်းကြားပါမည်
(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊လွိုင်ကော်မြို့၊ ကယားပြည်နယ်

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကိုသိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းနိုင်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

**တင်ဒါဗဟိုကော်မတီ**
ဖုန်း -၀၈၃-၂၂၂၁၄၉၄၊၀၈၃-၂၂၂၁၀၀၈၊၀၈၃-၅၀၁၀၂

### ပြင်ဆင်ချက်

(၂၁-ကြိမ်မြောက်)ထီပေါက်စဉ် ဓော်ပုံ၊ ဝါဝါဝင်း၊ မဟာမင်း၊ ကံကြီးမောင်၊ သွယ်သွယ်ဟိန်း၊ သူဌေးလောင်း၊ သူဌေးကြီး၊ မိုးယံရွှေလမင်းနှင့်မြတ်ဆုကုဋေ တို့တွင် (ကျပ်သိန်း၂၀ဆု) က ၉၈၇၉၈၇ ကို ဃ ၉၈၇၉၈၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ပြင်ဆင်ချက်

(၂၁-ကြိမ်မြောက်) အောင်မိုးဆက်၊ ပပဝင်း၊ ရွှေတောင်ထွန်း ထီပေါက်စဉ်တို့တွင် ကျပ်သိန်းငါးရာဆု (ဌ ၃၂၇၈၈၆) မှာ ကျပ်သိန်းငါးဆယ်ဆု ဖြစ်ပြီး (ကျပ် ၁၀ သိန်းဆု) စ ၇၀၇၇၂၆ ကို ဝ ၇၀၇၇၂၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ပြင်ဆင် ဖတ်ရှုပါရန်

၁-၁၁-၂၀၂၀ရက်ထုတ်ဤသတင်းစာ စာမျက်နှာ(၂၈)ပါအများသိစေရန် ကြေညာချက် ရှေ့နေ ဦးစောဝင်း၏ ကြော်ငြာတွင် လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၈ (ကမာရွတ်)၊ မြေကွက်အမှတ် ၄ဃ အစား လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၈)၊ ကမာရွတ်၊ မြေကွက် အမှတ် ၄ဃ၃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ကယားပြည်နယ်၊မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွဲပြုရန်ပုံငွေဖြင့် ကယားပြည်နယ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံး (၅၈'x ၄၀')RC(၂)ထပ်နှင့် ရေမီး အပါအဝင် ဆက်စပ်လုပ်ငန်းများ ဆောက်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၃-၁၁-၂၀၂၀ ရက်
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၂-၁၂-၂၀၂၀ ရက်
(ဂ) **တင်ဒါပုံစံများရောင်းချမည့်နေရာ** - မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပြည်နယ်ဘဏ်ခွဲ၊လွိုင်ကော်မြို့

၂။ တင်ဒါဖွင့်ဖောက်မည့်ရက်ကို အကြောင်းကြားပါမည်။အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ပြည်နယ်ဘဏ်ခွဲ ဖုန်း-၀၈၃-၂၂၂၁၄၈၃၊၀၉-၄၂၀၇၀၃၇၈၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါဗဟိုကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖ.ဆ.ပ.လ၊ တိုက်(၅၇)၊ အမှတ်(၁၄)နေ ဦးအေးညွန့် - ဒေါ်ခင်နွယ်အေးတို့၏သား မောင်သက်ဦး ၁၂/မဂတ(နိုင်)၀၇၄၀၉၅သည် မိဘနှစ်ပါးနှင့် ညီအစ်ကိုမောင်နှမအား ဂုဏ်သိက္ခာထိခိုက်စေပြီးအကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးအေးလွင် ၁၂/မဂတ(နိုင်)၀၇၀၉၁၂-**
**ဒေါ်ခင်နွယ်အေး၁၂/မဂတ(နိုင်)၀၀၆၃၁၂**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၆၉၉ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၃၁-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈,၁၀၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၉၉)ဦး တွေ့ရှိရ** ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁၇၆၃) ခု | (၂၃၇) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၁၈၈) ခု | (၄၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၄၄၂) ခု | (၄၄) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၉) ခု | (၁၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၄၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၆) ခု | (၂၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၂၉) ခု | (၁၅၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၆၁၆) ခု | (၁၇၉) ဦး |
| **စုစုပေါင်း** | **(၈,၁၀၈) ခု** | **(၆၉၉) ဦး** |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့ မရရှိသူများလည်း ပါဝင်ပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❍

## ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို နိုဝင်ဘာ ၂ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

သတင်းစဉ်

**အင်္ဂလန်နိုင်ငံက တစ်နိုင်ငံလုံးဆိုင်ရာ အသွားအလာကန့်သတ်ပိတ်ဆို့မှု ကျင့်သုံး** စာ ➤ ၁၃

**တစ်ခေတ်ဆန်းခဲ့တဲ့ မင်းသားကြီး ရှောင်ကွန်နရီရဲ့ နောက်ဆုံးခရီး** နိုင်ငံတကာရေးရာ စာ ➤ ၁၄

## တာမွေမြို့နယ်တွင် ဈေးကားများဖြင့် သားငါး၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း မြို့နယ်အတွင်းရှိ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်စေရေး၊ နေအိမ်နှင့်ဝေးသော ဈေးများသို့ သွားရောက်ဝယ်ယူခြင်းမပြုသည့်အတွက် ကိုဗစ်-၁၉ ကူးစက်ရောဂါပြန့်ပွားမှုမှ အထိုက်အလျောက် ကာကွယ်နိုင်ရေး၊ သန့်ရှင်းလတ်ဆတ်သော သားငါး၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ပြည်သူများ နေထိုင်ရာ ရပ်ကွက်များအတွင်း ဝယ်ယူရရှိနိုင်စေရေး စသည့် ရည်ရွယ်ချက်များဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ ❒




## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ ဘင်္ဂလားဒေ့ရှ်ကမ်းခြေသို့ ရွေ့လျားနိုင်

**နေပြည်တော် နိုဝင်ဘာ ၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း (မြန်မာ့ကမ်းလွန်) တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း တို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၃၆ နာရီ အတွင်း ဘင်္ဂလားဒေ့ရှ်ကမ်းခြေသို့ ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ




## ဆရာဟောင်း၊ အသင်းဖော်ဟောင်းရှိရာ အဲဗာတန်သို့ ရီးရဲတိုက်စစ်ကစားသမား အစ္စကို ပြောင်းရွှေ့လို

ရီးရဲမက်ဒရစ် တိုက်စစ်ကစားသမားတစ်ဦးဖြစ်သူ အစ္စကိုသည် ဆရာဟောင်း အန်ဆယ်လော့တီနှင့် အသင်းဖော်ဟောင်း ဂျိမ်းစ်ရိုဒရီဂွက်ဇ်တို့ရှိရာ ပရီမီယာလိဂ်ကလပ် အဲဗာတန်အသင်းသို့ ပြောင်းရွှေ့လိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ နည်းပြ ဇီဒန်း၏ အစီအစဉ်တွင် ထည့်သွင်းထားခြင်းမရှိသည့် အစ္စကို ကို ရီးရဲမက်ဒရစ် အသင်းက ရာသီကုန်အထိ အငှားစေလွှတ်ရန် ဆန္ဒရှိနေခြင်းဖြစ်ပြီး လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် အပြီးအပိုင် ရောင်းထုတ်လိုကြောင်း သိရသည်။

အစ္စကိုကို ခေါ်ယူမည့်အသင်းများအနေဖြင့် အငှား ကစားနေစဉ်အတွင်း လုပ်ခလစာအပြည့် ပေးချေရမည် ဖြစ်ပြီး ၎င်းကို အမြဲတမ်းခေါ်ယူမည်ဆိုပါကလည်း အပိုဆုကြေးအပြင် ပေါင် ၁၈ သန်းခန့် ပေးချေရဖွယ်ရှိကြောင်း သိရသည်။ အသက် (၂၈ နှစ်)အရွယ်ရှိ အစ္စကို ကို နာမည်ကြီးအသင်းများဖြစ်သည့် အာဆင်နယ်၊ ဂျူဗင်တပ်စ် အသင်းတို့အပြင် ဆီဗီလာအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေပြီး အစ္စကိုက အဆိုပါ သုံးသင်းကို ငြင်းပယ်ကာ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကစားရန် စိတ်အားထက်သန်နေသည်။

အစ္စကိုသည် ၂၀၁၃ ခုနှစ်တွင် ရီးရဲမက်ဒရစ်အသင်းက နည်းပြသစ်အဖြစ်အတည်ပြုခန့်အပ်လိုက်သော အန်ဆယ်လော့တီအနေဖြင့် မာလာဂါအသင်းမှ အစ္စကို ကို ယူရို သန်း ၃၀ နှင့်အတူ ငါးနှစ်စာချုပ်ဖြင့် ပထမဆုံးခေါ်ယူစာချုပ်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။ ၎င်းသည် ၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် ဘာနေဗျူး၌ ၂၀၂၂ ခုနှစ်အထိ ရှိမည်ဖြစ်သော စာချုပ်သစ်တစ်ရပ်ကို ချုပ်ဆိုထားသူ ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၃ ◆